# အသင်းတော်၏အောင်ခြင်း

(တမန်တော်ဝတ္ထု)

Gill Ministries

www.gillministries.com

## မာတိကာ

### ပထမပိုင်း - အသင်းတော်မွေးဖွားခြင်း


| | | |
|---|---|---|
| သင်ခန်းစာ (၁) | အသင်းတော်အစပြုခြင်း | ၄ |
| သင်ခန်းစာ (၂) | တန်ခိုးတော်စေလွှတ်ရန်အတွက် ကတိတော်မြတ် | ၁၁ |
| သင်ခန်းစာ (၃) | သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်ခြင်း | ၁၈ |
| သင်ခန်းစာ (၄) | ယေရှုနာမတော်အားဖြင့် တိုက်ပွဲများအောင်နိုင်ခြင်း | ၂၃ |
| သင်ခန်းစာ (၅) | အသင်းတော်အတွက် သခင်ယေရှု၏ အကြံအစည်တော် | ၃၁ |
| သင်ခန်းစာ (၆) | မျက်မှောက်ကာလအတွက် စံနမူနာတစ်ရပ် | ၄၄ |


### ဒုတိယပိုင်း - တမန်တော်ဝတ္ထုၡ္ဌ ပါသော အမှုတော်လုပ်ငန်းများ


| | | |
|---|---|---|
| သင်ခန်းစာ (၇) | ကျူပင်ကဲ့သို့သော ပေတရု | ၅၀ |
| သင်ခန်းစာ (၈) | ကျောက်ဖြစ်သော ပေတရု | ၅၇ |
| သင်ခန်းစာ (၉) | သေလျှင်မူကား သာ၍အကျိုးရှိ၏ | ၆၄ |
| သင်ခန်းစာ (၁၀) | ဧဝံဂေလိဆရာ ဖိလိပ္ပု | ၇၁ |
| သင်ခန်းစာ (၁၁) | ရှောလု၏ ပြောင်းလဲခြင်း | ၇၆ |
| သင်ခန်းစာ (၁၂) | ရှင်ပေါလု၏ အမှုတော်လုပ်ငန်းနှင့် သူ၏ ကွယ်လွန်ခြင်း | ၈၃ |
| သင်ခန်းစာ (၁၃) | ကျွန်ုပ်တို့သည် အောင်နိုင်သော အသင်းတော်ဖြစ်သည် | ၉၅ |

# ပထမပိုင်း

## အသင်းတော်မွေးဖွားခြင်း

# သင်ခန်းစာ (၁)
## အသင်းတော်အစပြုခြင်း

### တမန်တော်ဝတ္ထုနှင့် မိတ်ဆက်ပေးခြင်း

အသင်းတော်အစပြုပေါ်ပေါက်လာရခြင်း အကြောင်းရင်းများကို တမန်တော်ဝတ္ထုတွင် မြစ်ဖျားခံပြီး တွေ့မြင်ရသလို ယခု "အောင်မြင်သော အသင်းတော်" တွင် ပါရှိသည့် သင်ခန်းစာများပင်လျှင် တမန်တော်ဝတ္ထုကို "ဗဟိုရ်" ပြုပြီး လေ့လာသွားရန် ဖြစ်လာရသည်။ တမန်တော်ဝတ္ထုကို တနည်းအားဖြင့် "တမန်တော်ကြီးများ၏ သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့် လုပ်ဆောင်ခြင်း" သို့ "သန့်ရှင်းသော ဝိညာဉ်တော် မှုတ်သွင်းခြင်းအားဖြင့် တမန်တော်ကြီးများ၏ လုပ်ဆောင်မှု" စသည့်ခေါင်းစဉ်များ ပြောင်းလဲပြီး အမည်တပ်ရမလိုပင် ဖြစ်လာသည်။

သန့်ရှင်းသော ဝိညာဉ်တော်အကြောင်းကို စေ့ငှစုံလင်စွာ သင်ယူခြင်းမရှိဘဲ အသင်းတော်အစ ပြုခြင်းနှင့်တကွ တမန်တော်ဝတ္ထုကို လေ့လာရန် ခက်ခဲပေလိမ့်မည်။

တမန်တော်ဝတ္ထုကို သမိုင်းကြောင်းတစ်ခု သို့မဟုတ် ဖြစ်ရပ်တစ်ခုအနေဖြင့်သာ လေ့လာဖတ်ရှုရန် မဟုတ်ပါ။ ယနေ့အသင်းတော်များအတွက် ဘုရားသခင်၏ အကြံအစည် နှင့် ရည်ရွယ်ချက်များ စုံလင်စွာ ဖော်ပြထားသည့် လက်စွဲကျမ်းအဖြစ် တမန်တော်ဝတ္ထုကို လေ့လာသင်ကြားသင့်သည်။

ဥပမာ တမန်တော်ကြီး ရှင်ပေါလုသည် ဧဖက်မြို့သို့ ယေရှုခရစ်တော်၏ တရားဒေသ နာတော်ကို သယ်ယူပို့ဆောင်ပေးခဲ့ခြင်းအကြောင်းသည်အရေးကြီးသည့်အကြောင်းအရာတစ်ခုမဟုတ်ပါ။ အဓိကအရာ မှာ ရှင်ပေါလု မည်ကဲ့သို့ ယေရှု၏ကယ်တင်ခြင်းသတင်းစကားကို ပြောဆိုသည်သာ ယနေ့ဧဝံဂေလိ လုပ်ငန်းအတွက် အတုယူစံထားရမည့် ပုံစံ ဖြစ်သည်။

ဘုရားသခင်သည် မည်သည့်အခါမျှ မိမိ၏နည်းဗျူဟာနည်းစနစ်များကို ပြောင်းလဲခြင်းပြုလိမ့် မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်နှင့်တကွ ကမ္ဘာအနှံ့သို့ ရှေးတပည့်တော်များကို အသုံးပြုခဲ့သည့် ပုံစံနိယာမအတိုင်း ဘုရားသခင်က ဆက်လက်၍ လုပ်ကိုင်သွားမှာဖြစ်သည်။ ရှေးယုံကြည်သူများကို ပေးခဲ့သည့်တန်ခိုးကို ယနေ့ကျွန်ုပ်တို့အားလည်း ပေးနေ ပါသည်။

### အပိုင်းနှစ်ပိုင်း

တမန်တော်ဝတ္ထုကို အပိုင်းအားဖြင့် နှစ်ပိုင်းခွဲထုတ်နိုင်ပါသည်။ အခန်းကြီး ၁မှ ၁၂ အထိ ရှင်ပေတရုနှင့် သူ၏ သာသနာလုပ်ငန်း၊ ရှင်ပေတရုသည် ယုဒလူမျိုးများအတွက် တမန်တော်ဖြစ်သည်။ အခန်းကြီး ၁၃ မှ ၂၈ အထိ ရှင်ပေါလုနှင့် သူ၏ သာသနာလုပ်ငန်း၊ ရှင်ပေါလုသည် တစ်ပါးအမျိုးသား များအတွက် တမန်တော်ဖြစ်သည်။

## အဓိကကျသော သာသနာလုပ်ငန်း

တမန်တော်ဝတ္ထုတွင် အဓိကကျသော သာသနာပြုလုပ်ငန်းများပါရှိခဲ့ပါသည်။ ယနေ့ ကျွန်ုပ်တို့မည်ကဲ့သို့ သာသနာလုပ်ငန်းများကို လုပ်ကိုင်ရမည်ကိုသာ စံနမူနာထားပြီး ထုတ်နှုတ်လေ့လာသွားရန်ဖြစ်သည်။

A ရှင်ပေတရု၏ စံနမူနာပုံသက်သေ

A သတေဖန်၏ စံနမူနာပုံသက်သေ

A ဖိလိပ္ပု၏ စံနမူနာပုံသက်သေ

A ရှင်ပေါလု၏ စံနမူနာပုံသက်သေ တို့ဖြစ်သည်။

## တမန်တော်ဝတ္ထု၏ နောက်ခံသမိုင်း

တမန်တော်ဝတ္ထု၌ ပါရှိသည့် အဓိကဖော်ပြထားသော အသင်းတော်ခုနှစ်ပါးသည် ယနေ့ကျွန်ုပ်တို့အများသိရှိထားသည့် တူရကီနိုင်ငံအတွင်း၌သာ တည်ရှိခဲ့သည်။ ယေရုရှလင်နှင့် အန္တိအုပ်အသင်းတော်သာလျှင် တူရကီနိုင်ငံပြင်ပတွင် တည်ရှိခဲ့သည်။

## စာရေးသူ ရှင်လုကာ

တမန်တော်ဝတ္ထုကို ရေးသားပြုစုမှတ်တမ်းတင်ခဲ့သူမှာ အန္တိအုတ်မြို့သား ခေါမနွယ်ဖွား (ဂရိနိုင်ငံသား) ဆေးဆရာလုကာပင်ဖြစ်သည်။ ဓမ္မသစ်ကျမ်းတွင် ရေးသားခဲ့သော တစ်ဦးတည်းသော တစ်ပါးအမျိုးသားလည်းဖြစ်သည်။ လုကာသည် သမိုင်းကြောင်းများကို လေ့လာခြင်း၊ စာပေများရှာဖွေဖတ်ရှုခြင်း ယေရှုသက်တော်ထင်ရှားရှိစဉ် နေထိုင်ခဲ့သော သက်ကြီးရွယ်အိုများနှင့် တွေ့ဆုံမေးမြန်းခြင်းဖြင့် ရေးသားပြုစုခဲ့သည်။ ကျွန်ုပ်တို့ လက်လှမ်းမှီသ လောက်သိရှိရသည်မှာ ရှင်လုကာသည် ကနဦးအသင်းတော်၏ သမိုင်းသုတေသီတစ်ဦး လည်းဖြစ်သည်။ (လုကာ ၁း၁-၄)

ရှင်လုကာသည် မိမိအကြောင်းကို ရေးသားခဲ့သူမဟုတ်ပါ။ တစ်ခါတစ်ရံ လုကာသည် ရှင်ပေါလု၏ခရီးစဉ်တွင်ပါရှိခဲ့သည်။ ရှင်ပေါလုနှင့် ရှိစဉ် **"ငါတို့"** ဆိုသည့်စကားကို အသုံးပြုခဲ့သည်။ (တမန် ၁၆း၁၀)

ရှင်လုကာသည် ဆေးဆရာဖြစ်ကြောင်း ကျွန်ုပ်တို့သိရသည်။ (ကော ၄း၁၄)

တချိန်အများက ရှင်ပေါလုကို စွန့်ခွာသွားကြသောအခါ လုကာသာလျှင် ရှင်ပေါလုနှင့် အတူရှိနေခဲ့သည်။ (၂တိ ၄း၁၁)

**ရေးသားပြုစုခဲ့သည့် ခုနှစ်**

တမန်တော်ဝတ္ထုကို အေဒီ ၆၃-၆၅ ခုနှစ်မှာ ရေးသားပြုစုခဲ့သည်။ နှစ်ပေါင်း (၃၀) သာသနာ ခရီးတွင် အချိန်ယူခဲ့ရသည်။ ဤစာအုပ်ကို သင်ယူလေ့လာခြင်းသည် ပြီးပြည့်စုံ မည်မဟုတ်သော်လည်း ကနဦးအသင်းတော်ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းများကို မီးမောင်းထိုးပြပြီး ယနေ့လက်ရှိအသင်းတော် များနှင့်မည်ကဲ့သို့ဆက်နွယ်နေသည်ကို ထောက် ပြထားလေသည်။

**အသင်းတော်ဟူသော အမည်ကို ရှေးဦးစွာ အသုံးပြုခြင်း**

သမ္မာကျမ်းစာတွင် **"အသင်းတော်"** ဟူသောစကားကို ယေရှုသည် ကဲသရိမြို့၌ တပည့်တော်များ ကို မိန့်တော်မူစဉ်တွင် အစပြု၍ သုံးစွဲခဲ့သည်။

**မဿဲ ၁၆း၁၈ - "ရှိမုန်ပေတရုက ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရား၏သားတော်ဖြစ်တော်မူသည်"** ဟု ယုံကြည်ချက်အတိုင်း လျှောက်ဆိုသောအခါ ယေရှုကသမ္မာ တရား **"ကျောက်အပေါ်မှာ ငါ့အသင်းတော်ကို ငါတည် ဆောက်မည်"** ဟု မိန့်ဆိုခဲ့သည်။

ယေရှုမိန့်ဆိုချက်သည် ကနဦးအသင်းတော်နှင့် နောင်ဖြစ်ပေါ်လာမည့် အနာဂတ် အသင်းတော်ကို ပြောဆိုနေခြင်းမဟုတ်ပါ။ အသင်းတော်တစ်ပါးတည်းကိုသာ ပြောဆိုနေခြင်း ဖြစ်ပြီး အခြေခံအချက် (၂) ချက်ပါဝင်နေကြောင်းသိရသည်။ ပထမအချက်က **"ငါ့အသင်း တော်ကို ငါတည်ဆောက်မည်"** ဟု မိန့်ဆိုခဲ့ပြီး၊ ဒုတိယအချက်မှာ **"ထိုအသင်းတော်ကို မရဏာနိုင်ငံ၏ တံခါးတို့သည်မနိုင်ရာ"** ဟူ၍ပင် ဖြစ်သည်။

ယေရှုမိန့်ဆိုခဲ့သည့် **"မရဏာနိုင်ငံ၏ တံခါး"** သည် စာတန်အုပ်စိုးခြင်းကို ဆိုလိုခြင်း သာဖြစ်သည်။ ယေရှုကသူ့အသင်းတော်ကို သူကိုယ်တိုင်တည်ဆောက်ပြီး စာတန်အောင်နိုင်ခြင်း မရှိနိုင်ကြောင်းမိန့်ဆို ခဲ့ခြင်းသာ ဖြစ်သည်။

ယေရှုတည်ဆောက်သော အသင်းတော်သည် တန်ခိုးနှင့်ပြည့်စုံလျှက် အရာခပ်သိမ်းကို ကျော်လွှား အောင်နိုင်သည့် အသင်းတော်ပင်ဖြစ်သည်။

**အသင်းတော်မှတ်တမ်း**

တမန်တော်ဝတ္ထုအခန်းကြီး (၂၈) တွင် ယေရှုတည်ဆောက်သောအသင်းတော်၏ ဝိသေသ လက္ခဏာများနှင့် မှတ်တမ်းများကို ဤသို့တွေ့ရသည်။

A သန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်ခြင်း

A သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုး (dunamis)

A သန့်ရှင်းသော ဝိညာဉ်တော်၏ တည်ရှိရာနေရာ

A သန့်ရှင်းသော ဝိညာဉ်တော်၏ ရည်ရွယ်ချက်နှင့်အညီ ယေရှုစေခိုင်းထားသည့် မဟာအမှုတော်မြတ်ကို ပြီးပြည့်စုံအောင် ယုံကြည်သူများ လုပ်ကိုင်ဆောင်ရွက် နိုင်ခြင်း။

**မဿဲ ၂၈း၁၉ -** သင်တို့သွား၍ လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျှက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကိုပေးကြလော့။

**မာကု ၁၆း၁၅ -** သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်း တို့အား ဧဝံဂေလိတရားကို ဟောကြလော့။

## မဟာအမှုတော်မြတ်

ယေရှုသည် တပည့်တော်တို့အား ၎င်းတို့မတတ်နိုင်သည့် ဝန်တာများကို လုပ်ကိုင် ဆောင်ရွက်ရန်စေခိုင်းခဲ့ခြင်းမရှိပါ။ ယေရှုသည် ကောင်းကင်သို့ ချီဆောင်ခြင်းမခံရမှီ နောက်ဆုံးမိန့်မှာခဲ့သော စကားတော်ကို ကျွန်ုပ်တို့က **"မဟာအမှုတော်မြတ်"** ဟု အဓိပ္ပါယ်ဖွင့် ဆိုခဲ့သည်။

**မာကု ၁၆း၁၅-၁၈ -** သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့။ ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ့်မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းခံရလတံ့။ ယုံကြည်သောသူတို့၌ ဖြစ်အံ့သော နိမိတ်လက္ခဏာဟူမူကား ငါ၏နာမကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်ကြလတံ့။ ထူးခြားသော ဘာသာစကားမျိုးတို့ကို ပြောကြလတံ့။ မြွေတို့ကို ဘမ်းကိုင်ကြလတံ့။ သေစေတတ်သော အဆိပ်အတောက်ကို သောက်စားလျှင် ဘေးဥပါဒ်နှင့်ကင်းလွှတ်ကြလတံ့။ မကျန်းမာသောသူတို့အပေါ်မှာ လက်ကိုတင်၍ ချမ်းသာပေးကြလတံ့ဟု မိန့်တော်မူ၏။

ယုံကြည်သူများအား မြေကြီးစွန်းတိုင်အောင် ဧဝံဂေလိသတင်းစကားကို ဟောပြောရန် ယေရှုမိန့်မှာခဲ့သည်။ မိမိ၏နာမကို ယုံကြည်သောသူတို့ထံ ကိုယ်တော်သည် နိမိတ်လက္ခဏာကို စေလွှတ်၍ နှုတ်ကပတ်တော်ကို တည်စေမည်ဟု မိန့်မှာခဲ့သည်။

**မာကု ၁၆း၂၀-** တပည့်တော်တို့သည်လည်း ထွက်သွား၍ သခင်ဘုရားသည် မစတော်မူသည်နှင့်လည်းကောင်း၊ သူတို့၌ဖြစ်သော နိမိတ်လက္ခဏာအားဖြင့် နှုတ်ကပတ် တရားတော်ကို တည်စေတော်မူသည်နှင့်၎င်း၊ ခပ်သိမ်းသောအရပ်တို့၌ တရားဟောကြ၏။

ဘုရားသခင်၏ အကြံအစည်တော်သည် ပြောင်းလဲခြင်းမရှိပါ။ ယနေ့လည်း ကျွန်ုပ်တို့ သည် ကမ္ဘာအရပ်ရပ်သို့သွား၍ ယေရှု၏နှုတ်ကပတ်တရားတော်ကို ဝေနေယျသတ္တဝါ အပေါင်းတို့အား ဟောပြောခြင်းဖြင့် နိမိတ်လက္ခဏာများ ရှေးကာလကဲ့သို့ ဖြစ်ပေါ်လာမည်ကို အကြွင်းမဲ့ယုံကြည်ရန် လိုအပ်ပေသည်။

## “အားလုံး” သော အလုံးစုံအောင်မြင်ခြင်း

**မဿဲ ၂၈း၁၈း၂၀** ငါသည် သင်တို့အား ပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက် စေခြင်းငှာ ဆုံးမ ဩဝါဒပေးကြလော့။ ငါသည်လည်းကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့် အတူအစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။

- A စီရင်ပိုင်သော အခွင့်အာဏာအားလုံး ယေရှုရရှိ။
- A ထိုအခွင့်တန်ခိုးအားဖြင့် ကျွန်ုပ်တို့ လူမျိုးအားလုံးတို့ကို တပည့်တော်ဖြစ်စေရမည်။
- A ကျွန်ုပ်တို့သင်ယူခဲ့သမျှအားလုံးကို ထပ်ဆင့်သင်ကြားပို့ချရမည်။
- A ယေရှုသည် ကျွန်ုပ်တို့နှင့် ထာဝရအတူရှိနေသည်။ သူစေခိုင်းသည့် နေရာတိုင်း၌ လည်း အတူရှိနေသည်သာမက ကပ်ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် ကျွန်ုပ်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်။
- A ထိုအကြောင်းရင်းများကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာမြေပေါ်ရှိ လူအသီးသီးတို့အား ဧဝံဂေလိ သတင်းစကားကို ဝေငှဟောပြောနိုင်သည်။

## သန့်ရှင်းသော ဝိညာဉ်တော်နှင့် မိတ်ဆက်ပေးခြင်း

ယနေ့စာတန်ကို အောင်နိုင်သည့် တန်ခိုးနှင့်ပြည့်ဝသော အသင်းတော်ကို ယေရှုအား ဖြင့် ကျွန်ုပ်တို့ တည်ဆောက်ရာ၌ ရှေးကနဦးအသင်းတော်များ တည်ဆောက်ခဲ့သည့်ပုံစံ၊ နည်းစနစ်များကို နားလည်သဘောပေါက်ထားရန် လိုပေလိမ့်မည်။ ထို့အပြင် အသင်းတော် တိုးတက်ကြီးပွားရန် သန့်ရှင်း သော ဝိညာဉ်တော်ကို ယနေ့ကမ္ဘာမြေပေါ်တွင် ထားရှိရသည့် အလွန်အရေးကြီးသော အချက်ကိုလည်း နားလည်ရန်လိုအပ်ပေသည်။

## ဥပဇ္ဈာယ်ဆရာ

ယေရှုက သူသွားမှသာလျှင် သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်မည်ဖြစ်ကြောင်း ဦးစားပေး မိန့်ဆိုထားခဲ့ပြန်သည်။

**ယော ၁၆း၇-၁၁** - ငါအမှန်အကန်ဆိုသည်ကား ငါသွားလျှင် သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား ငါမသွားလျှင် ဥပဇ္ဈာယ်ဆရာသည် သင်တို့ဆီသို့မလာ၊ ငါသွားလျှင် ထိုသူကို သင်တို့ဆီသို့ ငါစေလွှတ်မည်။ ဥပဇ္ဈာယ်ဆရာသည် ရောက်လာလျှင် ဒုစရိုက် အပြစ်ကိုလည်းကောင်း၊ အပြစ်ကင်းခြင်းကို လည်းကောင်း၊ အပြစ်စီရင်ခြင်းကိုလည်းကောင်း၊ လောကီသားတို့အား

ထင်ရှားစွာဖော်ပြမည်။ ငါ့ကို မယုံကြည်ကြသောကြောင့် ဒုစရိုက်အ ပြစ်ကိုဘော်ပြမည်။ ငါသည် ခမည်းတော်ထံသို့ သွားမည်ဖြစ်၍ သင်တို့သည် နောက်တဖန် ငါ့ကို မတွေ့မမြင်ရသောကြောင့် အပြစ်ကင်းခြင်းကို ဖော်ပြမည်။ ဤလောကကို အစိုးရ သောမင်းသည် အပြစ်စီရင်ခြင်းကို ခံရသောကြောင့် အပြစ်စီရင်ခြင်းကို ဖော်ပြမည်။

**အပြစ်ကိုဖော်ပြသူ**

**ယော ၁၆း၈-၉ ကျွန်ုပ်တို့အသက်တာအတွက် လိုအပ်ချက်**

ယေရှုက ကျွန်ုပ်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်သည်အထိ စောင့်ဆိုင်ရန်၊ သို့မှသာ ကျွန်ုပ်တို့နေထိုင်ရာမြို့ရွာပတ်ဝန်းကျင်ဒေသနှင့် မြေကြီးစွန်းတိုင် အောင် သက်သေခံနိုင်ကြမည် ဖြစ်သည်။

**တမန် ၁း၄း၅-၈ သုံးပါးတစ်လုံးတစ်ဝတည်းဖြစ်သော ဘုရား၏ ထင်ရှားခြင်း**

ဓမ္မဟောင်းကျမ်းတွင် ခရစ်တော်ဘုရားသခင်၏ အကြောင်းများကို လေ့လာတွေ့ရှိရပြီး၊ ဓမ္မသစ်ကျမ်းတွင် ယေရှုခရစ်နှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့၏ လုပ်ဆောင်မှုများကို တွေ့ရှိရ ပြန်သည်။

ခရစ်ဝင်ကျမ်းများတွင် သုံးပါးတစ်လုံးတစ်ဝတည်းသောဘုရားမှ ဒုတိယပုဂ္ဂိုလ်ဖြစ်သော သားတော် ယေရှုခရစ်အကြောင်းကို အဓိကထားပြီး ဖော်ပြထားသည်။

ယေရှုခရစ်တော်သည် သုံးပါးတစ်ဆူတွင် တတိယပုဂ္ဂိုလ်ဖြစ်သော သန့်ရှင်းသော ဝိညာဉ်တော် အကြောင်းကို ဖော်ပြခဲ့ပြန်သည်။ တမန်တော်ဝတ္ထုကို ကျွန်ုပ်တို့လေ့လာခြင်းအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်အကြောင်း လေးလေးနက်နက်အကျွမ်းဝင် သိရှိလာနိုင်သည်။

**သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်များ**

- ♦ ဝိညာဉ်တော်၏ လမ်းညွှန်ချက် - ယော ၁၆း၁၃-၁၅
- ♦ ယေရှု၏ ဘုန်းကို ထင်ရှားစေခြင်း - ယော ၁၆း၁၄
- ♦ ညွှန်ကြားခြင်းနှင့် အမိန့်ပေးခြင်း - တမန် ၁း၂၊ ၈း၂၉၊ ၁၀း၁၉-၂၀
- ♦ ရွေးချယ်ခြင်းနှင့် ဖော်ပြခြင်း - တမန် ၁၃း၂
- ♦ ခိုင်ခန့်စေခြင်းနှင့် ခွန်အားပေးခြင်း - တမန် ၉း၃၁
- ♦ တန်ခိုးတော်သွန်းလောင်းခြင်း
    - A သက်သေခံဖြစ်ရန် - တမန် ၁း၈
    - A အမျိုးမျိုးသောဘာသာစကားပြောရန် - တမန် ၂း၄
    - A နမိတ်အိမ်မက်နှင့် ဗျာဒိတ်ရူပါရုံရရှိရန် - တမန် ၂း၁၇

**ပြန်လှန်လေ့ကျင့်ရန် မေးခွန်းများ**

၁။ တမန်တော်ဝတ္ထုမှ မည်သည့်အကြောင်းအရာသည် သင်ယူရန် အရေးကြီးပါသနည်း? မည်ကဲ့သို့ သင်ယူရမည်နည်း?

၂။ "မဟာအမှုတော်မြတ်" သည် မည်သည့်အရာကို ဆိုလိုပါသနည်း? သင်၏ ရှုဒေါင့်မှ သိမြင်သရွေ့ ကို ဖော်ပြပါ။

၃။ ယုံကြည်သူ တစ်ယောက်၏ အသက်တာတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် (ဆုကျေးဇူး) အနည်းဆုံး အချက် (၃) ချက်ကို ဖော်ပြပါ။

## သင်ခန်းစာ (၂)
## တန်ခိုးတော်စေလွှတ်ရန်အတွက် ကတိတော်မြွတ်

### မည်သည့် တန်ခိုးကို ဆိုလိုပါသနည်း?

ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တန်ခိုးကို ခံရပြီးနောက်၊ သူ့ကိုယုံ ကြည်သော သူတို့အားလည်း ထိုတန်ခိုးကို ပေးမည်ဟု ကတိပြုခဲ့လေသည်။ (ယော ၁၆း၇၊ တမန် ၁း၈)

### တန်ခိုးတော်၏ အရင်းအမြစ်

လောကတွင် အသက်ရှင်စဉ် မိမိ၏ မူလတန်းခိုးအရင်းအမြစ်နှင့် ထပ်တူထပ်မျှ ဖြစ်သော သန့်ရှင်းသောဝိညာဉ်အားစေလွှတ်၍ သခင်ယေရှု ကတိပေးခဲ့သည်။ (ရောမ ၈း၁၁)

ဤကြီးမားသော တန်ခိုးတော်ဖြင့် ယုံကြည်သူများပင်လျှင် မိမိကဲ့သို့ အံ့သြဖွယ်အမှုတို့ကို ပြုလုပ်နိုင်သည်သာမက၊ ထိုထက်မကသာ၍ ကြီးသောအမှုများကိုလည်း ပြုလုပ်နိုင် လိမ့်မည်ဖြစ်ကြောင်း သခင်ယေရှုကတိပြုပြောဆိုခဲ့သည်။ (ယော ၁၄း၁၂)

### အောင်နိုင်ခြင်းတန်ခိုး

ယုံကြည်သူတိုင်းသည် ယေရှုခရစ်တော်၏ အသင်းတော်တွင် ပါဝင်သော အရေးကြီး သည့် အင်္ဂါအစိတ်အပိုင်းများ ဖြစ်ကြသည်။ ထို့ကြောင့်လည်း ယေရှု၏ အစိတ်အပိုင်းများ ဖြစ်ကြသည့် ယုံကြည် သူများသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် အောင်မြင်သော အောင်နိုင်သူ များဖြစ် ရမည်။ (မဿဲ ၁၆း၁၈)

### သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုး

ကျွန်ုပ်တို့အသက်တာသည် ယေရှုကဲ့သို့ အောင်မြင်သော ဘဝအသက်တာကို ရယူလိုပါက မိမိတို့ကြိုးစားမှု စွမ်းအားများဖြင့် အခြေခံပြီး ရယူ၍မရနိုင်ပါ။ ယေရှုကိုယ်တော်က မိမိနောက်လိုက် တပည့်များအား သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးကို ရရှိသည်အထိ ငံ့လင့်စောင့်ဆိုင်းရမည့် အကြောင်း မှာထားတော်မူခဲ့သည်။ (တမန် ၁း၄)

### တူညီသောတန်ခိုး

ရှင်ပေါလုသည် ဧဖက်မြို့ရှိ ယုံကြည်သူများအား ယေရှုခရစ်ကို ယုံကြည်လက်ခံပြီး နောက် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးကို ခံရကြပြီလောဟု မေးခဲ့သည်။ ထို့နောက် ရှင်ပေါလုက ထိုသူတို့ အပေါ်လက်ကိုတင်ခြင်းအားဖြင့် ဝိညာဉ်တော်သည် ဆင်းသက်တော်မူသဖြင့် ထိုသူတို့သည် အမျိုးမျိုး သော ဘာသာစကားကိုပြော၍ ပရောဖက်ပြုကြသည်။ ထိုဝိညာဉ်တော်သည်ပင် ယနေ့ယုံကြည် သူများ အား သွန်းလောင်းပေးနေသော သန့်ရှင်းသော ဝိညာဉ်တော်ပင် ဖြစ်သည်။

## ယုံကြည်သူအားလုံးအတွက် တန်ခိုးဖြစ်သည်

ယေရှုခရစ်တော်နှင့် ရှေးသန့်ရှင်းသူ တမန်တော်ကြီးများပင် ထိုသန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးကိုလိုအပ်လျှင် ယနေ့မျက်မှောက်ခေတ်ကာလရှိ ယုံကြည်သူတိုင်း မိမိတို့ဘဝအသက်တာအတွက် ထိုဝိညာဉ်တန်ခိုးကို ခံယူရရှိထားရန် လိုအပ်ပေသည်။

## ကျွန်ုပ်တို့စံနမူနာထားရမည့် ယေရှုခရစ်တော်

ယေရှုခရစ်တော်၏ ဘဝအသက်တာတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးများ အားဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့်အကြောင်းအရာများအား နားလည်သဘော ပေါက်ထားရန် လိုအပ်သလို ဓမ္မသစ်ကာလရှိ ယုံကြည်သူများကို ယေရှုမည်ကဲ့သို့ အသုံးပြုခဲ့သည်ကို လည်း သိထားရန်လိုပေသည်။ ယနေ့ ကျွန်ုပ်တို့အသက်တာ၌ ဝိညာဉ်တော်အားဖြင့် မည်ကဲ့ သို့ ဆက်လက်လုပ်ကိုင် ဆောင်ရွက်လိုကြောင်းကို နားလည်သဘောပေါက်ရန် အရေးကြီးပေသည်။

## သန့်ရှင်းသောဝိညာဉ်တော်၏ ဘိတ်သိက်

**တမန် ၁၀း၃၈ -** ယေရှုခရစ်တော်သည် ယုံကြည်သူများရင်ဆိုင်ရမည့် အရာရာတိုင်း အတွက် စံနမူနာနှင့် စံပြပုဂ္ဂိုလ်ဖြစ်သည်။

- သွန်သင်သော ဆရာကဲ့သို့
- သာသနာပြုကဲ့သို့
- ခေါင်းဆောင်ကောင်းကဲ့သို့
- ကောင်းသော သိုးထိန်းကဲ့သို့
- အနာငြိမ်းစေသူကဲ့သို့
- အုပ်ချုပ်သူကဲ့သို့
- ရေ၌ ဗတ္တိဇံခံယူခြင်း
- စုံစမ်းနှောင့်ယှက်ခြင်းနှင့် တွေ့ကြုံရခြင်း
- တစ်ဦးခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်း
- ဦးစားပေးသင့်သည့် အရာတို့ကို ရွေးချယ်ခြင်း
- တစ်ဦးချင်းသက်သေခံခြင်း
- အခွင့်အာဏာနှင့် လုပ်ဆောင်ခြင်း
- နှိပ်စက်ခံရခြင်း
- သေခြင်းတရားကို ရင်ဆိုင်ရခြင်း

- နူးညံ့သိမ်မွေ့ခြင်း
- သနားကြင်နာခြင်း
- ချစ်ခြင်းမေတ္တာရှိခြင်း
- ဖြောင့်မတ်ခြင်းမာန်ရှိခြင်း
- ရယ်ရွှင်ဖွယ် ပြုတတ်ခြင်း
- ဝမ်းနည်းကြေကွဲတတ်ခြင်း

သန့်ရှင်းသော ဝိညာဉ်တော်၏ ဘိတ်သိက်ခံယူခဲ့ကြသော်လည်း ယေရှုကဲ့သို့ပင် ကျွန်ုပ်တို့သည် ဘဝအသက်တာတလျှောက် အခက်အခဲများနှင့် တွေ့ကြုံရပေလိမ့်မည်။

**ဟောပြောခြင်းနှင့် အနာရောဂါငြိမ်းစေခြင်း**

**လုကာ ၄း၁၈** - ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်စုံလျှက် သာသနာ့ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် နည်းတူ ကျွန်ုပ်တို့လည်း ယနေ့ဝိညာဉ်တော်၏ တန်ခိုးဖြင့် ပြည့်ဝပြီး အမှုတော်မြတ်လုပ်ငန်းများကို လုပ်ဆောင်ရပေမည်။ ယေရှုသည် တန်ခိုးနှင့် ပြည့်စုံကြောင်း မိမိ၏ တပည့်တော်များအား သက်သေပြခဲ့သည်။ တပည့်တော်များသည်လည်း ယေရှုခရစ်တော်၏ တန်ခိုးဖြင့် လုပ်ဆောင်မှုများကို တွေ့မြင်ပြီးမှသာ ကိုယ်တော်၏ သွန်သင်မှုများကို ခံယူရရှိသော သူများဖြစ်လာကြသည်။

**တမန် ၁း၁** - ယေရှုသည် ကျွန်ုပ်တို့အား အကောင်းဆုံး စံနမူနာ ပြသွားသော ပုဂ္ဂိုလ်ဖြစ်၍ ကိုယ်တော်သည် လောကတွင် နေထိုင်စဉ် ဘုရားတပါးကဲ့သို့ မဟုတ်ပဲ သာမာန်လူသား တစ်ယောက်ကဲ့သို့ အမှုအရာများကို လုပ်ဆောင်ခဲ့လေသည်။ ယေရှုသည် လူသားဖြစ်သကဲ့သို့ ဘုရားစင်စစ် လည်းဖြစ်လေသည်။

**ဘုရားသခင်၏ အခွင့်အာဏာနှင့် ပြည့်စုံသော်လည်း မိမိ၏ အသရေကို စွန့်တော်မူသည်။**

**ဖိလပ္ပိ ၂း၅-၇** - အခွင့်အာဏာအားလုံး တိုင်းနိုင်ငံနှင့်တကွ အုပ်စိုးခြင်းအခွင့်ကို ဘုရားသခင်သည် လူအာဒံနှင့် ဧဝတို့ကို ဖန်ဆင်းစဉ်ကပင် ပေးအပ်ခဲ့ပြီးဖြစ်သည်။ စကြ်ာဝဠာတစ်ခုလုံးကို ဘုရားသခင်၏ အမိန့်အာဏာဖြင့် အုပ်စိုးထားသော်လည်း ဤကမ္ဘာလောကကြီးကို လူသားများလက်တွင်သာ အပ်နှံထား ခဲ့သည်။

**ကမ္ဘာ ၁း ၂၆-၂၈** - အကယ်၍ ခိုးယူသွားခြင်းခံရသော အခွင့်အာဏာအား သခင်ယေရှုက စာတန်ထံမှ လုယူ၍ လူသားတို့အား ပြန်လည်အပ်နှံရမည်ဆိုလျှင် ကိုယ်တော်သည် ဘုရားတစ်ပါးအနေနှင့် မဟုတ် လူသားတစ်ယောက်၏ အခွင့်အာဏာအားဖြင့်သာ ဤကမ္ဘာ လောက၌ လုပ်ဆောင်ရမည်

မဟုတ်ပါလား။ ထိုအကြောင်းကြောင့် ယေရှုသည် လူသား (နောက်ဆုံးသောအာဒံ) အဖြစ် ဤလောကသို့ ကြွလာရခြင်းဖြစ်သည်။

**နောက်ဆုံးဖြစ်သော လူသားအာဒံ**

**၁ကော ၁၅း ၄၅-** ယေရှုလောကတွင် အခွင့်အာဏာရရှိခြင်းမှာ ၎င်းသည် **"လူသား"** (Son of Man) ဖြစ်သောကြောင့် ဖြစ်သည်။

**ယော ၅း၂၅-၂၇ -** "နောက်ဆုံးဖြစ်သော လူအာဒံ" သို့မဟုတ် "လူသား" အဖြစ်ခံယူ တော်မူသော ယေရှုသည် ဘုရားသဏ္ဍာန်နှင့်ပြည့်စုံသော်လည်း အသရေကို စွန့်၍ ကျွန်ုပ်တို့ အတွက် စံနမူနာအဖြစ် ရပ်တည်ခဲ့သည်။ သာမန်လူသား တယောက်အနေဖြင့် ယေရှုသည် နိမိတ်လက္ခဏာများ မပြုလုပ်ခဲ့ကြောင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝပြီး နောက်မှသာ နိမိတ်လက္ခဏာများပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ယေရှုကိုယ်တော်တိုင် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးကို လိုအပ်ပါက ကျွန်ုပ်တို့သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးရရှိထားရန် လိုပေလိမ့်မည်။

**မိမိအလိုအလျောက် ဘယ်အမှုမျှ မတက်နိုင်**

ယေရှုက မိမိအလိုအလျောက် အဘယ်အမှုကိုမျှ မတတ်နိုင်ကြောင်း မိန့်ဆိုခဲ့သည်။(ယော ၅း ၁၉)

**ဝိညာဉ်တော်၏ ဘိတ်သိက်**

ယေရှုသည် ဘုရားသခင်၏ အလိုတော်နှင့်အညီ ဆောင်ရွက်နိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော်၏ ဘိတ်သိက်ကို ခံယူရသည်။ (လု ၄း၁၈၊ တမန် ၁၀း ၃၈)

**သန့်ရှင်းသော ဝိညာဉ်တော် - နိမိတ်လက္ခဏာပြုသူ**

အံ့ဘွယ်နိမိတ်လက္ခဏာများဖြစ်ပေါ်လာရန်အတွက်သာ သခင်ယေရှုသည် ဤလောက၌ ရုပ်ခန္ဓာဖြင့် တည်ရှိနေရန်မလိုအပ်ပေ။ သခင်ယေရှုကို တန်ခိုးဖြင့် ပြည့်ဝစေသည့် ဤသန့်ရှင်းသော ဝိညာဉ်တော်ပင်လျှင် ယုံကြည်သူများကို တန်ခိုးဖြင့် ပြည့်ဝစုံလင်စေရန် ယနေ့ ဤနေရာ၌ ရှိနေသည်။ (ယော ၁၄း၁၂)

ယုံကြည်သူများအား ယေရှုက ခမည်းတော်ထံသွားပြီးနောက် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်ပေးမည့် အကြောင်းဂတိပြုခဲ့သည်။ ဝိညာဉ်တော်ဆင်းသက်သောအခါ ထိုသူတို့သည် ကိုယ်တော်၏ သက်သေခံများ ဖြစ်ရမည့် အကြောင်းနှင့် သူပြုခဲ့သည့် နိမိတ်လက္ခဏာများကို ဝိညာဉ်တော်တန်ခိုးဖြင့် ပြုလုပ်ပြီး သက်သေခံရမည်ဟု ထပ်မံ၍ ဂတိ ပြုခဲ့ပြန်သည်။

**ယုံကြည်မှုကင်းမဲ့ခြင်းသည် သခင်ယေရှုကို ကန့်သတ်ခြင်းပင်ဖြစ်သည်**

**မာကု ၆း ၁-၅ -** များပြားသော လူအစုအဝေးကြီးတွင် ကျန်းမာခြင်းလိုအပ်သော သူအများရှိလျှက်ပင် လူအချို့ကိုသာ ကျန်းမာစေခဲ့သည်။ အဘယ်ကြောင့်နည်း?

အများသောသူတို့သည် မယုံကြည်သောကြောင့် ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်ခြင်းရှိမှသာ လုပ်ဆောင်ခြင်းကို ပြုသောကြောင့် ယုံကြည်ခြင်းနှင့်တကွ လက်ခံရန် အဆင်သင့် သူတို့ထံသို့သာ ဝိညာဉ်တော်က ပို့ဆောင်တော်မူသည်။ ယနေ့မြောက်မြားစွာသော ယုံကြည်သူများသည် ယေရှုပြခဲ့သော အနာရောဂါငြိမ်းခြင်းတန်ခိုး နှင့် နိမိတ်လက္ခဏာများကို မပြုနိုင်ကြခြင်းသည် သွန်သင်မှု မခံရခြင်း၊ သံသယစိတ်နှင့် ယုံကြည်မှုမရှိခြင်းတို့ကြောင့်သာ ဖြစ်သည်။

**တမန်တော်ဝတ္ထုအခန်းကြီး (၁)**

**ပထမဂတိတော်**

တမန်တော်ဝတ္ထုအခန်းကြီး (၁) တွင် ဂတိပြုထားသော အချက် (၂) ချက်ကို တွေ့ရှိရသည်။ ပထမအချက်သည် သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်မည့်အကြောင်း ဖြစ်သည်။ စိတ်ဝင်စားဖွယ်ရာ အချက်မှာ ယေရှုခရစ်တော်ကောင်းကင်သို့ ချီဆောင်ခြင်းခံရမည့် အချိန်၊ တနည်းအားဖြင့်သခင်ယေရှု ဤလောက၌ နေထိုင်ခဲ့သည့် နောက်ဆုံးနိဂုံးချုပ် အချိန်ပိုင်း၌ လုကာက တမန်တော်ဝတ္ထုကို အစပြု ရေးသားခြင်းဖြစ်သည်။

ရှင်လုကာသည် ရှင်လုကာခရစ်ဝင်ကျမ်းကို ယေရှု၏ မိန့်မှာချက်ဖြင့် နိဂုံးချုပ်ခဲ့သည်။(လု ၂၄း၄၉)

ယခုလည်း ယေရှု၏ မိန့်မှာချက်စကားများဖြင့်တမန်တော်ဝတ္ထုကိုအစပြုခဲ့ပြန်သည်။(တမန်၁း၄-၅) သခင်ယေရှုဆက်လက်မိန့်ကြားခဲ့သည်မှာ - (တမန် ၁း၈)

**ဒုတိယဂတိတော်**

သခင်ယေရှု ဒုတိယအကြိမ်ဤလောကသို့ တဖန်ကြွလာမည့်အကြောင်းသည် ဒုတိယဂတိတော် ပင်ဖြစ်သည်။ ရာစုနှစ်ပေါင်းများစွာ အသင်းတော်မှ ယုံကြည်သူများသည် ယေရှုပြန် ကြွလာမည့် အချိန်ကို စောင့်မျှော်လျှက် နေကြသည်။ (တမန် ၁း၁၀ -၁၁)

အထက်ပါကျမ်းချက်၌ပင် ကျွန်ုပ်တို့သည် လောကတွင် အောင်မြင်သောသူများ ဖြစ်လာရန် ဝိညာဉ်တော်၏ တန်ခိုးကို ပေးမည့်ဂတိတော်နှင့် ယေရှုတဖန်ပြန်လာမည့် အချိန်ကို စောင့်မျှော်လျှက် နေရန် အားပေးထားပြန်သည်။

**ယုဒ၏နိဂုံး**

ယုံကြည်သူများ သန့်ရှင်းသောဝိညာဉ်တော်ကို စောင့်မျှော်နေစဉ် ယုဒရှကာရုတ် အကြောင်းပေါ် လာပြီး ပေတရုက ထိုသူအကြောင်းကို ပြောကြားခဲ့သည်။ နောက်ဆုံးယုဒရှ ကာရုတ်သေဆုံးရခြင်းသည် ဗျာဒိတ်ထားတော်မူသော အချက်ပြည့်စုံခြင်းပင်ဖြစ်သည့် အကြောင်း ပေတရုရှင်းပြခဲ့သည်။

**တမန် ၁း၂၀ -** ကနဦးအသင်းတော်များသည် အပြစ်နှင့် ပတ်သက်လာလျှင် ပေါ့ပေါ့ ဆဆလျှစ်လျူမရှုဘဲ ဖြေရှင်းချက်များပြုလုပ်လေ့ရှိကြသည်။ ယနေ့ထိုနည်းအတိုင်းပင် ဖြစ်သင့်သည်။ ယုဒရှကာရုတ်သည် မိမိကိုယ်ကိုမိမိပင်စီရင်ချက်ချလိုက်ခြင်းဖြင့် သူ့အတွက် အထူးတလည် စီရင်ဆုံးမစရာမလိုတော့ပေ။ ဒါဝိဒ်မင်း၏ ပရောဖက်ပြုချက်များကို ဖတ်ကြားနာယူပြီး နှုတ်ကပတ်တရားတော်အတိုင်းလိုက်နာ၍ ယုဒရှကာရုတ်၏ နေရာတွင် အစားထိုးရန် တမန် တော်တစ်ပါးကို ရွေးချယ်ကြသည်။ ဘုရားသခင်သာလျှင် တမန်တော်အဖြစ်ခန့်အပ်နိုင်သဖြင့် လူနှစ်ဦးအားရွေးချယ်ပြီးဘုရားသခင်ရှေ့၌ ဆုတောင်း၍ စာရေးတံချကြသည်။

**မဿိကို ရွေးချယ်ခြင်း**

တမန် ၁း၂၃-၂၆

သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်ရခြင်း၏ အကြောင်းအရင်းများ

**ဗတ္တိဇံပေးရန်**

သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ယေရှု၏ ခန္ဓာကိုယ် တကိုယ်တည်းထဲသို့ ဗတ္တိဇံခံကြသည်။ (၁ကော ၁၂း၁၃)

**ကျိမ်းဝပ်ရန်**

သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်သူများတို့၏ အတွင်း၌ ကျိမ်းဝပ်ရန် ဆင်းသက်လာပါသည်။ (၁ကော ၆း၁၉-၂၀)

**တန်ခိုးပေးရန်**

သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူများကို တန်ခိုးနှင့် ပြည့်စုံစေသည်။ (တမန် ၁း၈)

**ဉာဏ်မျက်စိကို လင်းစေခြင်း**

သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်သူများ၏ ဉာဏ်မျက်စိကို လင်းစေသည်။ ဧဖက် ၁း၁၇-၂၃ ငါတို့သခင်ယေရှုခရစ်၏ ဘုရားသခင်ဖြစ်တော်မူသော ဘုန်းကြီးသော အဘခမည်းတော်သည်။

A ဉာဏ်ပညာပေးခြင်း

ကိုယ်တော်မြတ်ကို သိခြင်းအလို့ငှာ ပညာကိုလည်းကောင်း

A ထိုးထွင်းသောဉာဏ်ပညာ

ထိုးထွင်းခြင်းဉာဏ်ကိုလည်းကောင်း သင်တို့အားပေးပါမည်အကြောင်း

A ကျွန်ုပ်တို့မျှော်လင့်ချက်သိရှိရန်

ခေါ်တော်မူသောကြောင့် မျှော်လင့်သော အရာကား အဘယ်အရာဖြစ်သည်ကိုလည်းကောင်း

A အမွေအနှစ်

သန့်ရှင်းသူတို့သည် ခံရသော အမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှ လောက်ကြီးသည်ကို လည်းကောင်း၊ ယုံကြည်သောငါတို့၌ ပြတော်မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှ လောက်ကြီးသည်ကိုလည်းကောင်း သင်တို့သည် သိခြင်းစေခြင်းငှာ

**ရှင်ပြန်ထမြောက်တော်မူသော တန်ခိုးကို ပေးရန်**

**ဧဖက် ၁း၂၀-၂၃** ထိုတန်ခိုးတော်ကား ခရစ်တော်ကို သေခြင်းမှ ထမြောက်စေ တော်မူ၍ ခရစ်တော်၌ ပြုပြင်သော မဟာတန်ခိုးအာဏာဘော် အရှိန်ကဲ့သို့ ဖြစ်၏။ ခပ်သိမ်းသော အထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုး၊ အစိုးရခြင်းမှစ၍ ယခုဘဝ၊နောင်ဘဝ၌ ခေါ်ဝေါ်သမုတ်သော ဘွဲ့နာမအလုံးစုံ တို့ထက်၊ ကောင်းကင်အရပ်၌ မိမိလက်ျာတော် ဘက်မှာ အလွန်မြင့်မြတ်သောနေရာကို ခရစ်တော်အား ပေးတော်မူ၍ ခြေဘဝါးတော်အောက်သို့ အလုံးစုံတို့ကိုချထားသဖြင့် အသင်းတော်အဘို့အလို့ငှာ သူ့ကိုအလုံးစုံတို့၏ အချုပ်အခြာ ဦးခေါင်းဖြစ်စေတော်မူ၏။ ထိုအသင်းတော်ကား၊ အလုံးစုံတို့ကို အလုံးစုံ တို့နှင့် ပြည့်စုံစေတော်မူသောသူ၏ ပြည့်စုံခြင်းတည်းဟူသော ခရစ်တော်၏ ကိုယ်ဖြစ်သတည်း။

**ပြန်လည်လေ့ကျင့်ရန် မေးခွန်းများ**

၁။ တမန်တော်ဝတ္ထုအခန်းကြီး (၁) တွင် ပါရှိသည့် ဂတိတော် (၂) ချက်ကိုဖော်ပြပါ။

၂။ တန်ခိုးရရှိခြင်းဖြင့် သခင်ယေရှုလုပ်ဆောင်နိုင်ခဲ့သော အမှုအရာမျိုးကို ယနေ့ယုံကြည် သူများလည်း တန်ခိုးရရှိခြင်းအားဖြင့် မည်ကဲ့သို့ အမှုအရာမျိုးကို လုပ်ဆောင်နိုင် သနည်း။

၃။ သန့်ရှင်းသောဝိညာဉ်တော်က ယုံကြည်သူများအတွက် လုပ်ဆောင်ပေးခဲ့သော အချက် (၄) ချက်ကို ဖော်ပြပါ။

# သင်ခန်းစာ (၃)
# သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်ခြင်း

**သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်ခြင်း**

**သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်း (တမန် ၂း၁-၄)**

**အမျိုးမျိုးသော ဘာသာစကားပြောခြင်း၏ သက်သေ**

အမျိုးမျိုးသော ဘာသာစကားပြောဆိုသူသည် သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံကိုခံယူရရှိထားပြီး ဖြစ်ကြောင်း သက်သေအထောက်အထားတစ်ခုဖြစ်သည်။ ရှင်လုကာဖော်ပြချက်အရ ထိုသူအပေါင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်၍ အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြသည်ဟု ဖော်ပြခဲ့သည်။ ဤကဲ့သို့သော ဆုကျေးဇူးကို သန့်ရှင်းသော ဝိညာဉ်တော်ကသာ သွန်းလောင်းပေးသည်။

အမျိုးမျိုးသော ဘာသာစကားဖြင့် ပြောဆိုခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းဖြစ်ကြောင်း သက်သေတစ်ခုဖြစ်၍ ထိုသူအပေါင်းတို့အပေါ်သို့ ဝိညာဉ်တော် ဆင်းသက်ကြောင်း နှုတ်ကပတ်တော်၌ ဖော်ပြထားသည်။ (မာကု ၁၆း၁၇)

**ဘုရားသခင်၏ ဆုကျေးဇူး**

အမျိုးမျိုးသော ဘာသာစကားပြောခြင်းသည် အသင်းတော်အား ဘုရားသခင်ပေးသည့် ဆုကျေးဇူးများစွာမှ တစ်ခုဖြစ်သည်။ အချို့သောသူများတို့သည် အမျိုးမျိုးသော ဘာသာစကားပြောခြင်းဖြင့် အသင်းတော်ကို တည်ဆောက်ခြင်းပြုကြသည်။

(၁ကော ၁၄း၂၊ ၄ ၊ ၁၄)

**ဘုရားသခင်ထံသို့တိုက်ရိုက်**

အမျိုးမျိုးသော ဘာသာစကားအားဖြင့် ချီးမွမ်းခြင်း၊ ဆုတောင်းခြင်းသည် ဘုရားသခင်အား ကျွန်ုပ်တို့၏ဝိညာဉ်က တိုက်ရိုက်ပြောဆိုနေခြင်း ၊ ဆုတောင်းခြင်းဖြစ်သည်။

အမျိုးမျိုးသော ဘာသာစကားအားဖြင့် ဆုတောင်းခြင်းသည် လူတို့အားပြောဆို နေခြင်းမဟုတ်၊ ဘုရားသခင်အား ပြောဆိုနေခြင်းဖြစ်သောကြောင့် လူတို့နားမလည်နိုင်ပါ။ ဤသို့ ပြောဆိုခြင်းသည် လူတို့၏ ဝိညာဉ်နှင့် ဘုရားသခင်၏ ကြားသုံးစွဲသော ကောင်းကင် ဘာသာစကားတစ်ခုဖြစ်သည်။

**မိမိကိုယ်ကို တည်ဆောက်ခြင်း**

ကျွန်ုပ်တို့ အမျိုးမျိုးသောဘာသာစကားအားဖြင့် ဆုတောင်းခြင်းသည် မိမိကိုယ်ကို ဝိညာဉ်ပိုင်းဆိုင်ရာ၌ ကြီးထွားလာခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဆုတောင်းချက်ကို အနက်ပြန်နိုင်သော စွမ်းရည်ကိုလည်း ဆုတောင်းရပေမည်။ (၁ကော ၁၄း၁၃-၁၄)

**ဝိညာဉ်တော်၏ ဆုကျေးဇူး**

အသင်းတော်၏ပြင်ပတွင် ကျင်းပပြုလုပ်သည့် စည်းဝေးပွဲများတွင် အခြားသော ဘာသာစကားကို အသုံးပြုမည်ဆိုပါက အနက်ပြန်ဆိုမည့်သူ အမြဲတစေလိုအပ်ပါသည်။ သို့မှသာ အသင်းတော်အတွက် တည်ဆောက်ခြင်းဖြစ်ပေမည်။ (၁ကော ၁၄း၂၆-၂၈)

အမျိုးမျိုးသော ဘာသာစကားအားဖြင့် "ဟောပြောမှု" ပြုလုပ်လာပါက ထိုဟောပြော ချက်သည် လူကဘုရားသခင်အား ပြောဆိုနေခြင်းမဟုတ်ပဲ၊ ဘုရားသခင်က လူတို့အားမိန့် ကြားနေခြင်းသာဖြစ်သည်။ ဤကဲ့သို့သော ဟောပြောမှုမျိုးတွင်လည်း အနက်ပြန်ဆိုခြင်း ဆုကျေးဇူးဖြင့် အစဉ်ပြုလုပ်ရန် လိုပါသည်။

**ပထမဆုကျေးဇူး**

သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိပြီး ပထမဦးဆုံးသော ဆုကျေးဇူးသည် အမျိုးမျိုးသော ဘာသာစကားပြောဆိုခြင်းပင် ဖြစ်သည်။ အမျိုးမျိုးသော ဘာသာစကားအား ဖြင့် အဘဘုရားထံ ဆုတောင်းခြင်းအမှုသည် အခြားဝိညာဉ်တော်ဆုကျေးဇူး (၈) မျိုးကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မိမိတို့၏ ဝိညာဉ်ကို ဖြေလွှတ်ပေးခြင်းပင်ဖြစ်သည်။ အမျိုးမျိုးသော ဘာသာစကားပြောဆိုခြင်းကို စာတန်သည် နည်းမျိုးစုံသုံး၍ တိုက်ခိုက်လျှက်ရှိသည်။ အမှန်ပင်အခြားသော ဘာသာစကားပြောသော ခရစ်ယာန် တစ်ဦးအား ဤဝိညာဉ်ဆုကျေးဇူးကို တားမြစ်လိုက်ပါက သူသည် အခြားသူတို့၏ ဝိညာဉ်ရေးရာ တိုးတက်မှုကို ရပ်တန့်စေလိမ့်မည်။

သမ္မာကျမ်းစာတစ်အုပ်လုံးတွင် အမျိုးမျိုးသောဘာသာစကားပြောဆိုခြင်းနှင့် ၎င်းတို့အနက် အဓိပ္ပါယ် ပြန်ဆိုခြင်းအမှုသည် ရပ်တန့်သွားပြီဟု ဖေါ်ပြချက်များကို ရှာဖွေတွေ့ မည်မဟုတ်သလို စုံလင်သောသူ ယေရှုခရစ်တော်တဖန်ကြွလာသောအခါမှသာ ရပ်တန့်သွား မှာဖြစ်သည်။ ထိုအချိန်ရောက်မှသာ ကျွန်ုပ်တို့လူသားအားလုံး ဘာသာစကားတမျိုးတည်းကို သာ အသုံးပြုသွားရမှာဖြစ်သည်။

**မမြစ်တားနှင့်**

အခြားသောဘာသာစကား (သို့) အမျိုးမျိုးသောဘာသာစကားပြောဆိုခြင်း ဆုကျေးဇူးတစ်ခုတည်းကိုသာ မမြစ်တားရန် အမိန့်ပေးထားသည်။ (၁ကော ၁၄း၃၉)

(ဝိညာဉ်ဆုကျေးဇူး (၉)မျိုးကိုသာ၍ နားလည်ရန် *R.L* နှင့် *Joyce Gill* တို့၏ *Supernatural Living through the Gifts of the Holy Spirit* ) ကိုဖတ်ရှုလေ့လာပါရန်။

**ဘာသာစကားများအတွက် ဘုရားသခင်၏ ရည်ရွယ်ချက်**

အစအဦး၌ ဘာသာစကားတမျိုးတည်းသာရှိခဲ့သည်။ (ကမ္ဘာ ၁၁း၁-၆)

**စည်းလုံးညီညွတ်ခြင်း**

ဘုရားသခင် လူတို့သည် စကားတစ်မျိုးတည်းရှိပါက အရာခပ်သိမ်းတို့ကို ခက်ခဲမှု မရှိဘဲ ၎င်းတို့ကြံစည်သည့်အတိုင်း လုပ်ဆောင်နိုင်သည်ဟု မိန့်ဆိုခဲ့သည်။ လူသားများအပြစ် သို့ ကျဆင်းပြီးနောက်ပိုင်းတွင် ၎င်းတို့၏ စည်းလုံးခြင်းသည် အပြစ်ပြုလုပ်ရန်သာ ဦးတည်ခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် သူတို့၏ ဘာသာစကားကို ရှုတ်ထွေးအောင် ပြုလုပ်ခဲ့သည်။ (ကမ္ဘာ ၁၁း၇-၈)

ဤအခြေအနေတွင် ၎င်းတို့အချင်းချင်းဆက်သွယ်မှုတို့၌ ခက်ခဲလာရခြင်းအတွက် စည်းလုံးခြင်း ပြိုကွဲပြီးဆောက်လုပ်ရေးလည်း ရပ်တန့်ခဲ့ရသည်။ ဝိညာဉ်ပိုင်းဆိုင်ရာ ရှုဒေါင့်ဖြင့် ကြည့်ပါက သူတို့၏ စည်းလုံးခြင်းသည် စာတန်၏ ဦးဆောင်မှုတရပ်သာ ဖြစ်သည်။ ဤကဲ့သို့ စည်းလုံးညီညွတ်မှုမျိုးကို ဘုရားသခင်သည် ရှုတ်ထွေးမှုဖြစ်စေခြင်းဖြင့် ရပ်ခဲ့ ရသည်။

**ဝိညာဉ်ဦးဆောင်သော စည်းလုံးခြင်း**

ယုံကြည်သူများ မိမိတို့ဘာသာစကားများအားဖြင့် ဘုရားသခင်ထံဆုတောင်းကြသောအခါ စည်းလုံးခြင်းရှိခြင်းကြောင့် ဘုရာသခင်နှင့် တစ်လုံးတဝတည်းဖြစ်လာပြီး သူတို့၏ ဝိညာဉ်များလည်း ဘုရာသခင်ကို ဝတ်ပြုကိုးကွယ်လျှက် နေကြသည်။

ယုံကြည်သူများ မိမိတို့၏ ဆုတောင်းခြင်းကို ဘာသာစကားအားဖြင့် ဆုတောင်း သည့်အခါ သူတို့၏ ဝိညာဉ်သည် တစ်လုံးတစ်ဝတည်းအဖြစ်သို့ ရောက်ရှိလာသည်။ ယုံကြည်သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်သွန်းလောင်းခြင်းကို တညီတညွတ်တည်း ခံယူပါက ဘုရားသခင်ဖေါ်ပြသည့် အသစ်သော အသင်းတော်ကို တည်ဆောက်နိုင်ကြပေ လိမ့်မည်။

**တမန်တော်ဝတ္ထုကစောင်လုံးသည် သန့်ရှင်းသော ဝိညာဉ်တော်ကို အများက လက်ခံယုံကြည် ကြောင်း ဖေါ်ပြထားသည်။**

ယုံကြည်သူများတို့သည် ကယ်တင်ခြင်းရရှိပြီး သန့်ရှင်းသော ဝိညာဉ်တော် ဆုကျေးဇူး ကို လက်ခံရရှိကာ အခြားသော ဘာသာစကားကို ပြောဆိုကြကြောင်း တမန်တော်ဝတ္ထုတ စောင်လုံးတွင် တွေ့ရသည်။

**အဦးဆုံးဂျူးလူမျိုးများထံသို့**

သာသနာအမှုများကို မပြုမှီ ဝိညာဉ်တော်နှင့် ပြည့်ဝရန်လိုအပ်သဖြင့် ဝိညာဉ်တော်ကို စောင့်ဆိုင်းရန် သခင်ယေရှုသည် ယုံကြည်သူများအား မှာကြားခဲ့သည်။ ပင်တေကုတ္တေပွဲနေ့ တွင် အထက်ခန်းမ၌ သူတို့သည် တညီတညွတ်တည်း စည်းဝေးနေကြသော သန့်ရှင်းသော ဝိညာဉ်တော်သည် ပထမဦးဆုံးထိုနေရာ၌ ဆင်းသက်ခဲ့သည်။ (တမန် ၂း၄)

သင်းထောက်လူကြီး ဖိလိပ္ပုသည် ရှမာရိမြို့၌ ဟောပြောသောအခါ ထိုမြို့သူမြို့သား တို့သည် ယေရှုကို ယုံကြည်ပြီးကယ်တင်ခြင်း ရရှိခဲ့ကြသည်။ ထို့နောက် ယေရုရှလင်မြို့မှ တမန်တော်များ ရောက်လာပြီးလျှင် ထိုမြို့သူမြို့သားတို့အဘို့ ဆုတောင်း၍ လက်ကို သူတို့အပေါ်မှာ တင်သောအခါ ထိုသူအပေါင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံရ ကြလေသည်။ (တမန် ၈း၁၅-၁၇)

**ရန်သူများထံသို့**

အသင်းတော်ကို နှိပ်စက်ညှင်းဆဲသော ခေါင်းဆောင်ရှောလုသည် ဒမာသက်မြို့ရှိ အသင်းတော်မှ ယုံကြည်သူများကို ဖမ်းဆီးရန် အသွားလမ်းတလျှောက်တွင် ကောင်းကင်မှ အလင်းထွန်းတောက်ပြီး မြေပေါ်သို့ လဲကျသွားခဲ့ရသည်။ ထိုနေရာတွင် ရှောလုသည် ယေရှုနှင့် တွေ့ခဲ့ရသည်။ ထို့နောက် ဘုရားသခင်သည် အာနနိကို ပေါလုထံသို့ လွှတ်ပြီး အာနနိ လက်တင်သောအားဖြင့် ပေါလုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံကို ခံရလေသည်။ (တမန် ၉း၁၇)

**တပါးအမျိုးသားများထံသို့**

ရူပါရုံသုံးကြိမ်မြောက်မြင်ရပြီးနောက် ဘုရားသခင်စင်ကြယ်စေသောအရာကို ညစ်ညူး သည်မထင်နှင့်ဟူသော စကားသံလာပြီး ဘုရားသခင်သည် ရှင်ပေတရုအား ဣတလိတပ်မှူး ကောနေလိမှစ၍ ၎င်း၏ အိမ်သူအိမ်သားများ၊ အနီးကပ်မိတ်ဆွေများထံသို့ စေလွှတ်ပြီး ဝိညာဉ်တော်၏ ဆုကျေးဇူးကိုသွန်းလောင်း ခဲ့သည်။ (တမန် ၁၀း၄၄-၄၆)

အချို့သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံခံရခြင်းသည် ကယ်တင်ခြင်း ရရှိခြင်းနှင့် တချိန်တည်းဖြစ်သည်။ သီးခြားဘုရားသခင်လုပ်ဆောင်ခြင်းမဟုတ်ဟု ပြောဆို သွန်သင်နေကြသည်။ အချို့သောသူတို့ကလည်း အမျိုးမျိုးသော ဘာသာစကားပြောဆိုခြင်း သည် ပင်တေကုတ္တေပွဲနေ့၌ ဝိညာဉ်တော်ဆင်းသက်စဉ်ကပြောဆိုခဲ့ကြသည်ဟု သွန်သင်ကြ ပြန်သည်။ မည်သို့ဖြစ်စေကဲသရိမြို့၌

သန့်ရှင်းသော ဝိညာဉ်တော်ကို ခံယူပြီးနောက် အမျိုးမျိုးသော ဘာသာစကားပြောခဲ့ကြသည်မှာ ပင်တေကုတ္တေပွဲနေ့မှစ၍ ရေတွက်ပါက နှစ်ပေါင်း (၁၀) နှစ်ကြာပြီးမှ ဖြစ်ရပ်တစ်ခု ဖြစ်သည်။

**ဧဖက်မြို့တွင်**

ဧဖက်မြို့ရှိ အသင်းတော်မှ ယုံကြည်သူများသည် သန့်ရှင်းသော ဝိညာဉ်တော်ကို ယုံကြည်လက်ခံပြီး ဝိညာဉ်တော်ရဲ့ ဗတ္တိဇံကို ခံယူခဲ့ကြသည်မှာ ပင်တေကုတ္တေပွဲနေ့မှ အစပြု လျှင်နှစ်ပေါင်း (၂၀) ကျော်လွန်ပြီးမှ ဖြစ်ခဲ့သည့် ဖြစ်ရပ်တစ်ခု ဖြစ်ပြန်သည်။(တမန် ၁၉း၂-၆)

**သန့်ရှင်းသော ဝိညာဉ်တော်၏ နိမိတ်ပုံများ**

**A ချိုးငှက်**

ယေရှုသည် ယော်ဒန်မြစ်၌ ဗတ္တိဇံဆရာယောဟန်အားဖြင့် ရေ၌ ဗတ္တဇံကို ခံယူစဉ် သန့်ရှင်းသော ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ဆင်းသက်တော်မူခဲ့သည်။ (လုကာ ၃း၂၂)

**A လေပြင်းမုန်းတိုင်း**

ပင်တေကုတ္တေပွဲနေ့တွင် သန့်ရှင်းသော ဝိညာဉ်တော်သည် လေပြင်းမုန်တိုင်းကဲ့သို့ အသံဖြင့် ကောင်းကင်မှ ဆင်းသက်ခဲ့သည်။ (တမန် ၂း၂)

**A မီး**

ပင်တေကုတ္တေပွဲနေ့တွင် ထိုသူတို့သည် လေပြင်းမုန်တိုင်းကဲ့သို့ အသံကိုကြား၍ သန့်ရှင်းသော ဝိညာဉ်တော်သည် မီးလျှာကဲ့သို့ ထင်ရှားသည်ကို တွေ့ရသည်။ (တမန်၂း၃)

**A ဆီ**

ဆီကို သန့်ရှင်းသောဝိညာဉ်တော်၏ သင်္ကေတတစ်ခုအဖြစ်အသုံးပြုခဲ့သည်။ ဟေဗြဲသြဝါဒစာတွင် သန့်ရှင်းသော ဝိညာဉ်တော်ကို “ဝမ်းမြောက်ခြင်းဆီ” ဟု ဖော်ပြထား ပါသည်။ (ဟေဗြဲ ၁း၉)

**A ရေ**

သန့်ရှင်းသော ဝိညာဉ်တော်ကို “အသက်စမ်းရေ” ဟုရည်ရွယ်ခဲ့သည်။
(ယော ၇း၃၈-၃၉)

**ပြန်လည်လေ့ကျင့်ရန်မေးခွန်းများ**

၁။ အခြားသောဘာသာစကားဆုကျေးဇူးအကြောင်း မိမိစကားဖြင့် ရှင်းလင်းစွာ ဖော်ပြပါ။

၂။ တမန်တော်ဝတ္ထုတွင် ယုံကြည်သူများအပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်း သက်ခြင်း အကြောင်း (၂) မျိုးကို ဖော်ပြပါ။

# သင်ခန်းစာ (၄)
## ယေရှုနာမတော်အားဖြင့် တိုက်ပွဲများအောင်နိုင်ခြင်း

**လျှို့ဝှက်ချက်ကို သိသောစာတန်**

ယုံကြည်သူများ၏ အကျိုးထိရောက်မှု လျှို့ဝှက်ချက်ကို စာတန်သိရှိထားပြီး ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးနှင့် ယေရှုနာမ၏ အခွင့်အာဏာကို အသုံးပြုခြင်းအားဖြင့် ယုံကြည်သူသည် စာတန်၏ တိုက်ခိုက်မှုအားလုံးကို အချည်းနှီးဖြစ်စေနိုင်သည်။

**သန့်ရှင်းဝိညာဉ်တော်၏ တန်ခိုး**

သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးကို ယုံကြည်သူအားလုံးတို့အား ပေးအပ်ထားပြီးသားဖြစ်သည်။ ထိုတန်ခိုးဖြင့် မြေကမ္ဘာပေါ်လှုပ်ရှားသည့်တိုင် သခင်ယေရှုနာမတော်၏ အခွင့်အာဏာကိုလည်း ရရှိထားရန် လိုအပ်သည်။

**ယေရှုနာမ၏ အခွင့်အာဏာ**

ယုံကြည်သူများ၏ အသက်တာရှိ သန့်ရှင်းဝိညာဉ်တန်ခိုးနှင့် ယေရှုနာမတော်၏ အခွင့်အာဏာကို စာတန်မာရ်နတ်က ထိတ်လန့်ကြောက်ရွံ့သည်။ (မာကု ၁၆း၁၇-၁၈)

တပည့်တော်တို့အား နတ်ဆိုးတို့ကို နှင်ထုတ်ကြ၊ ထူးခြားသော ဘာသာစကားကို ပြောကြ။ မြွေတို့ကို ကိုင်ဘမ်းကြ၊ အဆိပ်အတောက်တို့ကို သောက်စားမိလျှင် ဘေးဥပဒ် ကင်း၍ မကျန်းမာသောသူတို့အပေါ်လက်တင်၍ ချမ်းသာပေးကြဟုဆိုရာ၌ မိန့်မှာချက်အားလုံးကို ယေရှုနာမအားစွဲကိုင်၍ အသုံးပြုသွားရန် ဖြစ်သည်။ "ငါ၏နာမကို အမှီပြု၍" ဟုဆိုရာ၌ အသင်းတော်သည် ယခင်ကာလကဲ့သို့ ယခုတွင်လည်း သန့်ရှင်းဝိညာဉ်တော်၏ တန်ခိုးနှင့် သခင်ယေရှု၏ နာမတော်အခွင့်အာဏာအားဖြင့် စွမ်းဆောင်ခြင်းသာ ဖြစ်ရမည်။

ဘုရားသခင်၏ အကြံအစည်တော် ပြောင်းလဲခြင်းမရှိကြောင်း အစဉ်သတိရပါ။ မိမိတို့၌ ရှိသော တန်ခိုးနှင့် အခွင့်အာဏာကို အစဉ်ဆန့်ကျင်ရန် စာတန်သည် ယုံကြည်သူတို့အား အစွမ်းကုန်လှည့်စားလိမ့်မည်။

**ခြေမစွမ်းသော သူတောင်းစား၏ အနာငြိမ်းခြင်း**

ယခုကဲ့သို့ အဖြစ်အပျက်ကို အသေးစိတ်ဖေါ်ပြသောအခါတိုင်းယနေ့ မိမိအတွက် ရရှိမည့်သင်ခန်းစာကို ကျွန်ုပ်တို့ရှာဖွေသင့်သည်။ (တမန် ၃း၁-၈)

**ယနေ့အတွက်သင်ခန်းစာယူရန်**

## A လမ်းသွားနေစဉ်

ပေတရုနှင့် ယောဟန်တို့သည် ဆုတောင်းရန် ဗိမာန်တော်သို့လာကြသည်။ ဆုတောင်းရန်လာစဉ် ဤအဖြစ်အပျက်ကို တွေ့ကြုံရခြင်းဖြစ်သည်။ ကျွန်ုပ်တို့လေ့လာသိရှိသမျှ သူတို့ဆုတောင်း၍ မပြီးသေးပါ။ သမိုင်းအထောက်အထားအရ ဗိမာန်တော်၌ တစ်ဦးချင်း ဆုတောင်းရန် သတ်မှတ်ထားသောအချိန်သည် မွန်းလွဲ ၃ နာရီ၌သာ ဖြစ်သည်။ ကျွန်ုပ်တို့မည်မျှ လောက်ကြာအောင် ဆုတောင်းခြင်းအားဖြင့် သို့မဟုတ် အကြိမ်ပေါင်းမည်မျှ ကြာအောင် ဆုတောင်းပြီးခြင်းအပေါ် နိမိတ်လက္ခဏာဖြစ်ပေါ်လာခြင်း မဟုတ်ပေ။ မည်သို့ဆိုစေကျွန်ုပ်တို့၏ဆက်ကပ်ဆုတောင်းအသက်တာကို ထင်ရှားစွန့်လွှတ်ရန်ဆင်ခြင်ပေး အကြောင်း ပြနေခြင်းမဟုတ်ပါ။

## A ဗိမာန်တော်၏ ပြင်ပ၌

အံ့ဘွယ်နိမိတ်လက္ခဏာဖြစ်သောနေရာသည် ဗိမာန်တော်၏ အပြင်ဘက် လူများသွားလာလှုပ်ရှား သော လမ်းမပေါ်မှာ ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတည်း ဟူသော အသင်းတော်ဖြစ် သည်။ ကျွန်ုပ်တို့ရှိရာအရပ်တိုင်းသည် အသင်းတော်ဖြစ်သည်။ ယေရှုအထဲ၌ရှိသော ယုံကြည်သူတို့ရှိသည့် နေရာတိုင်း၌ နိမိတ်လက္ခဏာများသည် အသင်းတော်၏ ပြင်ပ၌ ဖြစ်ပေါ်ရန်သာ၍ အရေးကြီးရခြင်း အကြောင်းမှာ ဤသို့သောနေရာများ၌ ဘုရားသခင်၏ နှုတ်ကပါတ်တော်မှန်ကန်ကြောင်း သက်သေထူရ မည့် နေရာများဖြစ်သောကြောင့် ဖြစ်သည်။

## A သခင်ယေရှုက ဘုရားသခင်၏ အချိန်ကို စောင့်စားသည်

ဘုရားသခင်၏ လုပ်ဆောင်ချက်များကို မြင်တွေ့ပြီးမှသာ မိမိက လိုက်ပါ လုပ်ဆောင် ကြောင်း သခင်ယေရှုဆိုခဲ့သည်။ ဘုရားသခင်၏ အချိန်စေ့သည်တိုင်အောင် ယေရှုက စောင့်ဆိုင်းခဲ့သည်။

ဤလူနာသည် ဗိမာန်တော်၏ တံခါးနားတွင် နေ့စဉ်လဲလျောင်းခဲ့သည်။ ယေရှုပင်လျှင် ဗိမာန်တော် အတွင်းသို့ ဝင်ရောက်သောအခါ ဤတံခါးဝမှ ဝင်ထွက်သွားလာ၍ ဤလူနာအနီးမှ အကြိမ်ကြိမ်ဖြတ်သန်း သွားခဲ့သော်လည်း ထိုလူနာကို ကုသခြင်းမပြုခဲ့ပါ။

## A ဝိညာဉ်တော်ဦးဆောင်ခြင်း

တပည့်တော်တို့လည်း ဤလူနာရှေ့မှ အကြိမ်ပေါင်းမည်မျှ ဖြတ်သန်းခဲ့ပါသနည်း? ဤတကြိမ်၌ ထူးခြားမှုများရှိလာ၍ ပေတရုနှင့် ယောဟန်က ထိုသူအား စေ့စေ့ကြည့်ပြီး မိမိတို့ဘက်သို့ အာရုံပြုရန် ဆွဲဆောင်ခဲ့သည်။ ကျွန်ုပ်တို့၏ လက်များအားဖြင့် အံ့ဘွယ်နိမိတ် လက္ခဏာများဖြစ်ပေါ်လာခြင်းကို မြင်တွေ့လိုလျှင် ဘုရားသခင်၏ တိကျသော အချိန်အခါ အပြင် သန့်ရှင်းသောဝိညာဉ်နှင့်သူ၏နှုးညံ့ သော ထိတွေ့ဆက်နွယ်မှုကို ကျွန်ုပ်တို့က လွယ်ကူစွာ သိရှိရန်လိုအပ်သည်။

### A မျှော်လင့်ခြင်းရှိရာအရပ်

ခြေလက်သေနေသောသူတောင်းစားအား လူတို့က မျှော်လင့်ခြင်းရှိရာနေရာ၌သာ ထားခဲ့ကြသော်လည်း ပေတရုသာလျှင် ရဲရင့်ပြတ်သားစွာ ဆုံးဖြတ်ချက်တစ်ခုကို ချ၍ထိုသူ၏ မျှော်လင့်ချက်ကို အကောင်အထည်ပေါ်လာအောင် ဖန်တီးပေးခဲ့သည်။

### A ယေရှု၏ နာမတော်

"နာဇရက်မြို့သားယေရှုခရစ်တော်၏ နာမတော်အားဖြင့် ထ၍လှမ်းသွားလော့" ။ ထိုသူအား ပေတရုပေးခဲ့သော အရာသည် နာဇရက်မြို့သား ယေရှု၏ နာမတော်ဖြစ်သည်။

### A ထိုသူကို လှုပ်ရှားစေခြင်း

ထိုသူကို စတင်လှုပ်ရှားစေရန် ပေတရုက လှုံ့ဆော်ပေးသည်။ မိမိ၏ လက်ဖြင့် ထိုသူ၏ လက်ျာလက်ကိုပေတရုငုံ့၍ ဆွဲပြီးချီကြွခဲ့သည်။ ထိုသူမတ်တပ်ရပ်၍ သူ၏ ခြေနှစ်ဘက်တို့လည်း စွမ်းအားကိုရပြီး လှမ်းသွားနိုင်ခဲ့သည်။

### ဘုရားသခင်ကို ချီးမွမ်းသူ

ကလျက်၊ ခုန်လျက်၊ ဘုရားသခင်အား ချီးမွမ်းလျက် ထိုသူသည် ဗိမာန်တော် အတွင်းသို့ ဝင်ရောက်ခဲ့သည်။ လူများရှေ့တွင် ထိုသူသည် ဘုရားသခင်အား ချီးမွမ်း၍ လူတိုင်းတွေ့မြင်စေရာ မိမိအားပြုတော်မူသော နိမိတ်လက္ခဏာအတွက် ဘုရားသခင်အား ပြန်လည်ချီးမွမ်းရာတွင် ထိုသူသည် ရှက်ကြောက်ခြင်းမရှိပါ။

### ဤနိမိတ်လက္ခဏာကို လူအားလုံးအသိအမှတ်ပြုကြသည်။

လူအားလုံးတို့က ထိုသူ၏ အနာရောဂါငြိမ်းစေခြင်း နိမိတ်လက္ခဏာကို အံ့သြမိန်း မောတွေဝေစေခြင်းများစွာဖြင့် အသိအမှတ်ပြုခဲ့ကြသည်။ (တမန် ၄း၂၂)

### ယေရှုကို သိနားလည်စေခြင်း

လူတို့သည် စုဝေးလာကြသဖြင့် ပေတရုက သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းအ ကြောင်းကို ဟောပြောသွန်သင်ခဲ့လေသည်။ (တမန် ၃း၁၅)

### ယေရှုနာမတော်ကို ယုံကြည်ခြင်း

ယေရှုခရစ်တော်သည် အဘယ်သို့သောသူဖြစ်သည်ကို ပေတရုသည် ရှေးဦးစွာ လူပရိတ်သတ်ကြီးအား သေချာစွာဟောပြောပြီး နိမိတ်လက္ခဏာများသည်လည်း ထိုယေရှု၏ နာမတော်မြတ်ကို ယုံကြည်ခြင်းအားဖြင့်သာ ဖြစ်ပေါ်လာသည်ကို လူပရိတ်သတ်တို့က သိရှိလာခဲ့ကြသည်။ (တမန် ၃း၁၆)

**စာတန်၏ လျှပ်တပြက် တိုက်ခိုက်မှု**

မည်သည့်တန်ခိုးနှင့် မည်သည့် နာမအားဖြင့်နည်း?

မွေးရာပါခြေမသန်စွမ်းသောသူ အနာငြိမ်း၍ လမ်းလျှောက်လာနိုင်ခြင်းကြောင့် ဗိမာန်တော်ရှိ ခေါင်းဆောင်များ ဝမ်းမြောက်ခြင်းရှိမည်ဟု သင်ထင်ကောင်းထင်လိမ့်မည်။ သို့သော် ပေတရုနှင့် ယောဟန်တို့ စကားပြောဆိုနေစဉ် သူတို့နှစ်ဦးအားလာရောက် ဖမ်းဆီး၍ ထောင်ချပစ်လိုက်သည်။

မည်သည့်မေးခွန်းကို ထိုသူနှစ်ဦးအား အရင်ဆုံးမေးသနည်း။ (တမန် ၄း၁၇)

A ဘေးကြပ်နံကြပ်ဖြစ်ခြင်း (တမန် ၄း၁၆)

A သတိပေးတားမြစ်ခြင်း (တမန် ၄း၁၇)

A အမိန့် (တမန် ၄း၁၈)

A **တုန့်ပြန်မှု**

ပေတရုနှင့် ယောဟန်တို့သည် အချုပ်နှောင်မှ လွတ်မြောက်သောအခါ မိမိတို့၏ ယုံကြည်သူ မိတ်ဆွေများထံသို့ ပြန်သွားကြပြီး ဖြစ်ပျက်သမျှတို့ကို ပြောကြားကြ၏။ ဆက်လက်၍ သခင်ယေရှု၏ နာမဖြင့် ဟောပြောကြပြန်သည်။ (တမန် ၄း၂၉-၃၀)

A **အပြစ်ဒါဏ်ပေးခြင်း (တမန် ၅း၂၈)**

(Sanhedrin) စန်ဟီဒရင်ဟုခေါ်သော ယုဒဘာသာကောင်စီဝင်များသည် ယေရှုနာမကို ဆက်လက်အသုံးပြုဟောပြော၍ နမိတ်လက္ခဏာများကို ပြုလုပ်နေသော တမန်တော်များကို အသေသတ်ပစ်လိုသော်လည်း မိမိတို့ကိုယ်ကို သတိပြုကွယ်ကာသောအားဖြင့် တမန်တော်တို့ကို ခေါ်၍ ရိုက်နှက်ပြီးမှ ယေရှုနာမကို အမှီပြုလျှက် မဟောပြောရမည့်အကြောင်း ကြပ်တည်းစွာ တားမြစ်၍ လွှတ်လိုက်ကြ၏။ (တမန် ၅း၄၀ (ခ))

A **ရလာဒ် (တမန် ၅း၄၁-၄၂)**

**ရှောလု (ပေါလု) နှင့် ယေရှု၏ နာမတော်**

**ယုံကြည်သူများအား ညှဉ်းပမ်းနှိပ်စက်ခြင်း**

ကနဦးယုံကြည်သူများ ညှဉ်းပမ်းနှိပ်စက် သတ်ဖြတ်ခံရခြင်းသည် သခင်ယေရှု၏ နာမတော်ကို အမှီပြုခြင်း၊ အော်ခေါ်ခြင်းကြောင့် ဖြစ်သည်။ အာနနိ၏ ဖော်ပြချက်အရ သခင်ယေရှု၏ နာမတော်ကို အသုံးပြုသော သူတို့ကိုသာ ရှောလုက ဖော်ထုတ်သိရှိ၍ ဖမ်းဆီးခြင်း နှိပ်ကွပ်ခြင်းကို ပြုသည်။
(တမန် ၉း၁၃-၁၄)

**နာမတော်ကို ယူဆောင်ရန် ခွဲခန့်သတ်မှတ်ခြင်း**

ဘုရားသခင်သည် အာနနိအားရှောလုထံသို့ စေလွှတ်ရခြင်းမှာ ရှောလုသည် သခင်ယေရှု၏နာမတော်ကို တပါးအမျိုးသားတို့နှင့် ရှင်ဘုရင်တို့ထံသို့လည်းကောင်း၊ ဣသရေလအမျိုးသားတို့ရှိရာသို့လည်း

ကောင်း၊ ပို့ဆောင်ခြင်းငှာ ဘုရားသခင်က ရွေးကောက်သောကြောင့် ဖြစ်သည်။ ယေရှုနာမကို အသုံးပြုသော အခြားသောယုံကြည်သူများအား ညှဉ်းဆဲနှိပ်စက်သကဲ့သို့ ရှောလုသည် ညှဉ်းဆဲနှိပ်စက်ခြင်းခံရမည်။ (တမန် ၉း၁၅-၁၆)

**နာမတော်အတွက်အသေခံရန် ဆန္ဒပြင်းပြခြင်း**

ရှင်ပေါလုသည် သခင်ယေရှု၏ နာမတော်အတွက် အသေခံရန် ဆန္ဒရှိသည်။ (တမန် ၂၁း၁၃)

**နာမတော်နှင့် ဆိုင်သော ရေးသားဖော်ပြချက်**

ယေရှုနာမတော်၌ တန်ခိုးရှိကြောင်း ပေါလုသိခဲ့သည်။ ထိုနာမ၏ တန်ခိုးတော်ကို ဆန့်ကျင်တိုက်ခိုက်သူသည် ရှုံးနိမ့်ကျဆင်းကြောင်း ထိုနာမအားဖြင့်သာ ကယ်တင်ခြင်းရနိုင်ကြောင်း ယေရှု၏ နာမတော်အကြောင်း ပေါလုက ထပ်ခါထပ်ခါ သတိပေးရေးသားဖော်ပြခဲ့သည်။
(ရော ၁၀း၁၃၊ ၁ကော ၅း၄၊ ဖိလိပ္ပိ ၂း၉ -၁၀၊ ကောလောသဲ ၃း၁၇)

**သခင်ယေရှု၏ နာမတော်**

ရှေးကနဦးယုံကြည်သူများသည် သခင်ယေရှု၏ နာမကို ငြင်းပယ်၍ အသက်ရှင်ခြင်းထက် ထိုနာမကို စွဲကိုင်၍ အသေခံရခြင်းကို အဘယ်ကြောင့်သာ၍ အလိုရှိကြသနည်း။

ယေရှုနာမတော်ကို စတင်သုံးစွဲသည်နှင့် ဘာသာရေးခေါင်းဆောင်များသည် အဘယ်ကြောင့် တိုက်ခိုက်ရန်ပြုကြပါသနည်း။

ယေရှုနာမကို သုံးစွဲခြင်းဖြင့် တန်ခိုးများဆင်းသက်လာကြောင်း ယုံကြည်သူများနှင့် ဘာသာရေးခေါင်းဆောင်နှစ်ဦးစလုံးက သဘောပေါက်ကြသည်။

**ကယ်တင်ခြင်းကို ဆောင်ယူလာခြင်း**

ကျွန်ုပ်တို့ကယ်တင်ခြင်းသို့ ရောက်ရခြင်းသည်လည်း သခင်ယေရှု၏ နာမတော်အားဖြင့် သာလျှင်ဖြစ်သည်။ (တမန် ၂း၂၁၊ တမန် ၂း၃၈)

**အောင်မြင်ခြင်း**

ယေရှုခရစ်၏ နာမတော်အားဖြင့်သာ ကျွန်ုပ်တို့လည်း မဟာစေစားချက် အမှုတော်မြတ်ကို ပြီးပြည့်စုံစေ၍ ကမ္ဘာတဝှမ်းလုံးအတွက် ကယ်တင်ခြင်းကို သယ်ဆောင်လာနိုင်မည်ဖြစ်သည်။

နတ်ဆိုးစွဲကပ်နေသူများအားလည်း ယေရှုနာမတော်အားဖြင့် နတ်ဆိုးများကို နှင်ထုတ်၍ လူတို့ကို လွတ်မြောက်ခြင်းချမ်းသာခြင်းအခွင့်ကို ပေးနိုင်သည်။

**အနာရောဂါငြိမ်းခြင်း**

ယေရှု၏ နာမတော်သည် အနာရောဂါကို ငြိမ်းစေသည်။ တမန် ၃း၁၆

**ထာဝရဘုရားနှင့် ဆက်သွယ်ခြင်း**

သခင်ယေရှု၏ ကျွန်ုပ်တို့အတွက် လုပ်ဆောင်ခဲ့ပြီးသော အရာများနှင့် ကိုယ်တော်၏ နာမတော်အားဖြင့် အကျွန်ုပ်တို့သည် အဖဘုရားသခင်ထံတော်သို့ ချဉ်းကပ်နိုင်ပြီ။ (ယော ၁၆း၂၃၊ ဧဖက် ၅း၂၀)

**ယုံကြည်သူများအတွက်သာ သီးသန့်ဖြစ်သော**

ယေရှု၏ နာမတော်ကို အသင်းတော် (ယုံကြည်သူ) များကသာ သုံးစွဲရန် သီးသန့်သတ်မှတ်ထားပါသည်။ ယုံကြည်ခြင်းဖြင့် အသုံးပြုပါက ထိုနာမတော်သည် တန်ခိုးဖြင့် ပြည့်စုံလာမည်ဖြစ်သည်။

**သကေဝ၏ သားခုနစ်ယောက်**

ယေရှုခရစ်တော်ကို မသိဘဲ၊ ယေရှု၏ နာမကို အသုံးပြုရန် ကြိုးစားကြသော သကေဝ၏ သားခုနစ်ယောက်တို့သည် အမှန်ပင် ဒုက္ခနှင့် ကြုံတွေ့ခဲ့ရသည်။ (တမန် ၁၉း၁၃-၁၆)

**အဝတ်မပါ၊ အနာတရနှင့် ရှုံးနိမ့်ခြင်း**

သခင်ယေရှု၏ နာမတော်ကို ကျွန်ုပ်တို့သည် ဂါထာမန္တရားနှင့် လက်ဖွဲ့တို့ကဲ့သို့ အသုံးပြု၍ မရနိုင်ပါ။ စစ်မှန်သော ယုံကြည်သူတစ်ယောက်က ယေရှု၏ နာမတော်ကို ယုံကြည်ခြင်းဖြင့်အသုံးပြုပါက မှန်းဆ၍ မရနိုင်သော ဝိညာဉ်တော်၏ တန်ခိုးနှင့် လုပ်ဆောင်မှုများကို ကျွန်ုပ်တို့ ရရှိမည်ဖြစ်သော်လည်း မယုံကြည်သောသူတစ်ယောက်အသုံးပြုပါက မည်သည့်အစွမ်းတန်ခိုးမျှ ရရှိမည်မဟုတ်ပါ။

**အမြင့်ဆုံးချီးမွမ်းဂုဏ်ပြုရမည့် နာမတော်**

သခင်ယေရှု၏ နာမတော်ကို အသုံးပြုခွင့်မရှိဘဲ ကြိုးစား၍ အသုံးပြုသူများသည် အရှက်ကွဲအကျိုးနည်းဖြစ်ခဲ့ရသော်လည်း နာမတော်သည် ချီးမွမ်းထိုက်သော အမြင့်ဆုံးနေရာတွင် ရှိသောကြောင့် ဤအဖြစ်အပျက်အားဖြင့် လူများစွာတို့သည် သခင်ယေရှုကို သိရှိလာခဲ့ကြသည်။ (တမန် ၁၉း၁၇-၁၈)

**နာမတော်ကို အလွဲသုံးစားပြုခြင်း**

ယုံကြည်သူများကသခင်ယေရှု၏ နာမတော်ကို ယုံကြည်ခြင်းဖြင့် မိန့်မြွက်ပါက အစွမ်းတန်ခိုးရှိကြောင်း စာတန်သိရှိထားသည်။ ထို့ကြောင့် စာတန်၏ တိုက်ခိုက်သည့်နည်းပရိယယ်တစ်ခုက နာမ်တော်ကို အလွဲသုံးစားပြုလုပ်ခြင်း၊ အားနည်းစေခြင်း၊ ကဲ့ရဲ့ရှုံ့ချခြင်း၊ ဖျက်ဆီးခြင်းအားဖြင့် နာမတော်၏ တန်ခိုးတော်ကို အစွမ်းမဲ့စေခြင်းဖြစ်သည်။

သခင်ယေရှု၏ နာမတော်ကို ကျိမ်ဆိုရာတွင် မကြာခဏအသုံးပြုကြသည်။

ကယ်တင်ခြင်း မရသူတစ်ဦးက အခြားသော ဘာသာတရား၏ အုတ်မြစ်ကို စတင်ချသူတို့၏ နာမည် နာမတစ်စုံတစ်ရာအား ကျိန်ဆိုရာ၌ အသုံးပြုသည်ကို သင်ကြားဘူးပါသလား? အဘယ်ကြောင့်နည်း?

ထိုအမည်နာမများနှင့် စစ်မှန်သော ဘုရားမဟုတ်သည့် နာမည်နာမများ၌ တန်ခိုးမရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် စာတန်သည် ထိုနာမများကို အသရေပျက်အောင် ပြုလုပ်စရာအကြောင်း မရှိပါ။ ထိုသို့ ပြုမည့်အခါ ထိုနာမများကိုစာတန်က ချီးမြှောက်မည်ဖြစ်သည့်အကြောင်းမှာ သူနှင့် သက်ဆိုင်သောကြောင့် ဖြစ်သည်။

## နာမတော်အားဖြင့် ရွေးကောက်ခေါ်ယူခြင်း

ယုံကြည်သူများသည် မဖေါ်ပြနိုင်လောက်အောင် အံ့သြဘွယ်ကောင်းသော ကောင်းကြီးမင်္ဂလာများကို ပိုင်ဆိုင်ရသူများဖြစ်သည်။ ယေရှုနာမအားဖြင့် ခေါ်ယူရွေးကောက်ထားခဲ့သော သူများအပေါ်၌လည်း အလွန်ထူးခြားကြီးမားသော တာဝန်ဝတ္တရားများကို အပ်နှင်းထား၍ ထိုသူတို့မှာ ခရစ်ယာန်ဟုခေါ်ဝေါ်ခြင်းခံရသူများဖြစ်သည်။

### ဘုရားရှင်၏ ဘုန်းတော်ထင်ရှားစေရန်

ရှင်ပေါလုသည် တိမောသေထံသို့ စာရေး၍ ဤသို့မှာကြားခဲ့သည်။ (၂သက် ၁း၁၂)

ကျွန်ုပ်တို့အသက်တာများသည် ဘုရားရှင်၏ ဘုန်းတော်ထင်ရှားစေရန်ဖြစ်သည်။

### အသရေရှုံ့ချစရာအကြောင်း မဖြစ်စေရန်

ရှင်ပေါလုသည် ယုဒလူမျိုးများထံသတိပေးရေးသားရာ၌ ဘုရားသခင်၏ နာမတော်ကို အသရေဖျက် ရှုံ့ချစရာ အကြောင်း မဖြစ်စေရန် သတိပေးဆုံးမခဲ့သည်။ ထိုသတိပေးစကားသည် ယနေ့ "ခရစ်ယာန်" ဟုခေါ်ဝေါ်သမုတ်ခြင်းခံရသူများအတွက်လည်း ပါတ်သက်အကျုံးဝင်လျက် ရှိသည်။ (ရောမ ၂း၁၇-၂၄)

### ဒုစရိုက်အမျိုးမျိုးမှလှည့်ပြန်ရန်

တိမောသေထံသို့ ရှင်ပေါလုက ဤသို့ရေးခဲ့သည်။

## သခင်ယေရှုနှင့် ကိုယ်တော်၏ နာမတော်ကို ယုံကြည်ခြင်း

ကယ်တင်ခြင်းရရှိရန် ယေရှုခရစ်တော်ကို ကျွန်ုပ်တို့ ယုံကြည်လက်ခံသကဲ့သို့ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ အောင်မြင်ခြင်းဖြင့် အသက်ရှင်လျှောက်လှမ်းနိုင်ရန် သခင်ယေရှုနာမ၏ တန်ခိုးနှင့် အခွင့်အာဏာကို ကျွန်ုပ်တို့ ယုံကြည်ရမည်။

စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ သခင်ယေရှု၏ နာမတော်မြွက်ဆိုရန်နှင့် ကိုယ်တော်၏ နာမတော်ကို ယုံကြည်ရန် -ဓမ္မသစ်ကျမ်းစာ၌ အကြိမ်ပေါင်းများစွာ တိုက်တွန်းနှိုးဆော်ထားပါသည်။ သခင်ယေရှုကို ယုံကြည်ရန်နှင့် သူ့ကိုသာခေါ်ရန် ကျွန်ုပ်တို့အားတိုက်တွန်းနှိုးဆော်မထားဘဲ သခင်ယေရှု ၏ နာမတော်ကို မြွက်ဆိုရန် ထိုနာမကို ယုံကြည်ရန် အဘယ်ကြောင့် ကျွန်ုပ်တို့အား အဆက်မပြတ် ညွှန်ကြားထားပါသနည်း။

ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို ဝယ်ယူရန် လက်ဝါးကားတိုင်ပေါ်ယေရှုအသေခံတော်မူခြင်း အားဖြင့် ပေးဆပ်ခဲ့သည်။ ဆက်လက်၍ သူ၏ စုံလင်သော လူဇာတိဘဝအသက်တာ၊ သူ၏ အသေခံ တော်မူခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဤလောကကို အုပ်စိုးရန် အခွင့်တန်ခိုးနှင့် အာဏာကို စာတန်ထံမှ ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယုံကြည်သူများသည်လည်း ယေရှုခရစ်တော်၏ နာမတော် ကို အသုံးပြုခြင်းအားဖြင့် ဤကမ္ဘာလောကကို အုပ်စိုးရန် အခွင့်အာဏာကို ယခုရရှိမည် ဖြစ်သည်။ ယေရှုသည် ကျွန်ုပ်တို့အား သူ၏ နာမတော်ကို ပေးအပ်ထားခဲ့ပြီး ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုနာမတော် ကို စွဲကိုင်ပြီး လက်တွေ့လုပ်ဆောင်ရန် ထိုနာမတော်ကို မြွက်ဆိုရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှု၏ နာမတော်၌ပါရှိသည့် တန်ခိုးကို ယုံကြည်၍ ဤသို့ လုပ်ဆောင်မည်ဆိုပါက သခင်ယေရှုပြုခဲ့သမျှသော အမှုများကို ကျွန်ုပ်တို့လုပ်ဆောင်နိုင်သည်သာမက ထိုထက်သာ၍ကြီးသော အမှုများကိုပင် လုပ်ဆောင်နိုင် မည် ဖြစ်သည်။

သူ၏ အသင်းတော်ကို သူတည်ဆောက်မည်ဟု သခင်ယေရှုပြောင်းသောအခါ ကျွန်ုပ်တို့အား လည်း ကမ္ဘာကြီးပေါ်တွင် အသက်ရှင်နေထိုင်စဉ် တန်ခိုးမဲ့လျှပ်ရှားရုန်းကန်စေရန် စွန့်ပစ်ခဲ့ခြင်းမဟုတ်ပါ။ အကယ်၍ ကျွန်ုပ်တို့၌ အခွင့်အာဏာနှင့် တန်ခိုးမရှိပါက စာတန်နှင့်သူ၏ အပေါင်းပါနတ်ဆိုး ဝိညာဉ်ဆိုး များကို မည်ကဲ့သို့ အနိုင်ယူမည်နည်း။ သခင်ယေရှုသည် ကျွန်ုပ်တို့အား သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးခြင်းဖြင့် ကျွန်ုပ်တို့က အစွမ်းတန်ခိုးကို ရရှိရန်နှင့် ကိုယ်တော်၏ နာမတော်ကို သုံးစွဲခွင့်ပြုခြင်းဖြင့် အခွင့်အာဏာကို ရရှိရန်ဖြစ်သည်။

## ပြန်လှန်လေ့ကျင့်ရန် မေးခွန်းများ

၁။ သခင်ယေရှု၏ နာမတော်သည် သင့်အတွက် မည်ကဲ့သို့ အရေးကြီးပါသနည်း။

၂။ သခင်ယေရှု၏ နာမတော်ကို ရရှိခြင်းဖြင့် ခံစားရသော ကောင်းကြီးများကို ဖော်ပြပါ။ တာဝန်ဝတ္တရားအချို့ကိုလည်း ဖော်ပြပါ။

၃။ သကေဝ၏ သားများမည်ကဲ့သို့သော အဖြစ်ပျက်များနှင့် ကြုံတွေ့ခဲ့ရပါသနည်း။ အဘယ်ကြောင့် နည်း။

## သင်ခန်းစာ (၅)
## အသင်းတော်အတွက် သခင်ယေရှု၏ အကြံအစည်တော်

### သခင်ယေရှုကိုယ်တိုင် မိမိ၏အသင်းတော်ကို တည်ထောင်မည်

အသင်းတော်ကို လူတို့က တည်ထောင်သည်မဟုတ် သခင်ယေရှုကသာ တည်ထောင်ရမည် ဖြစ်သည်။ (မဿဲ ၁၆း၁၈)

မိမိ၏ ကိုယ်ပိုင်ဓလေ့ထုံးစံဆိုင်ရာ ပုံစံများနှင့် နည်းစနစ်များကို အသုံးပြု၍ လူတို့သည် အသင်းတော်တည်ထောင်ရန် ကြိုးစားနေခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ အကယ်၍ သခင်ယေရှုသည် သူ၏ အသင်းတော်ကို တည်ထောင်မည်ဆိုပါက ကျွန်ုပ်တို့၏ ကိုယ်ပိုင်အတွေးအမြင်များနှင့် ဓလေ့ထုံးစံများကို ဘေးဖယ်ထား၍ ကိုယ်တော်၏အကြံအစည်တော်ကို နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့အားဖွင့်ပြစေပါ။

**ယုံကြည်သူတိုင်းပါဝင်လုပ်ဆောင်ရန်**

**A သက်သေခံရန်**

ယုံကြည်သူတိုင်းသည် သခင်ယေရှုခရစ်တော်အတွက် သက်သေခံဖြစ်ရမည်။ **(တမန် ၁း၈)**

**A သခင်ယေရှုပြုခဲ့သမျှသော အရာများကို လုပ်ဆောင်ရန်**

ယုံကြည်သူတိုင်းသည် သခင်ယေရှုလုပ်ဆောင်ခဲ့သည့်အတိုင်း လိုက်နာလုပ်ဆောင်ရန် ဖြစ်သည်။ **(ယော ၁၄း၁၂)**

**A ဟောကြားရန်**

ယုံကြည်သူတိုင်းသည် ဧဝံဂေလိသတင်းကောင်းကို ဟောကြားရန် (ဟောကြားခြင်း (သို့) ကြွေးကြော်ခြင်း) ဖြစ်သည်။ **(မာကု ၁၆း၁၅)**

**A အံ့သြဖွယ် နိမိတ်လက္ခဏာများကို မျှော်လင့်ရန်**

ခရစ်တော်၏ နောက်တော်သို့ လိုက်ဂုန်အတွက် ယုံကြည်သူတိုင်းသည် အံ့သြဖွယ်နိမိတ်လက္ခဏာများကို မျှော်လင့်ရမည်။ **(မာကု ၁၆း၁၇-၁၈)**

**A အမှုတော်အတွက် ပြင်ဆင်ပံ့ပိုးခြင်း**

ဘုရားသခင်၏ လူအားလုံးအမှုတော်မြတ်လုပ်ငန်းအတွက် ပြင်ဆင်ပံ့ပိုးမှုများကို ပြုလုပ်ရမည်။ **(ဧဖက် ၄း၁၂)**

**အမှုတော်လုပ်ငန်းဆိုင်ရာ သာသနာဆုကျေးဇူး (၅) ရပ် ရာထူးဂုဏ်ပုဒ်အတွက် မဟုတ် လုပ်ဆောင်ချက် ဖြစ်သည်။**

သခင်ယေရှုသည် အဖခမည်းတော်ထံသို့ တက်ကြွသွားသောအခါ လူသားတို့အား ဆုကျေးဇူးများ ပေးထားခဲ့သည်။ **(ဧဖက် ၄း၈-၁၃)**

တမန်တော်ပရောဖက် ဧဝံဂေလိဆရာ၊ သင်းအုပ်ဆရာ ဓမ္မဆရာစသည်တို့သည် အသင်းတော် အတွင်း ရာထူး၊ အဆင့်အတန်းအရခွဲခြားထားသည့် ဘွဲ့ထူးဂုဏ်ထူးများ မဟုတ်ပါ။ ယင်းတို့မှာ လုပ်ငန်း တာဝန်များသာဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်ကို အားဖြည့်တည် ဆောက်ရာ၌ အထက်ပါအမှုတော်လုပ်ငန်း တစ်ခုစီတိုင်းသည် အရေးကြီးသော အခန်းကဏ္ဍ၌ ပါဝင်လုပ် ဆောင်ကြသည်။

ရှင်ပေါလုသည် ဩဝါဒစာစောင်များကို ရေးသည့်အခါ "တမန်တော်ဖြစ်သော ငါပေါလု" ဟူ၍ စတင်မိတ်ဆက်ခြင်းကို မကြာခဏပြုခဲ့ပြီး ခရစ်တော်၏ ကိုယ်ခန္ဓာတွင်ရှိသော တမန်တော်အမှုတော်လုပ် ငန်း၏ ဆုကျေးဇူး (သို့) လုပ်ဆောင်ချက်ကို ဆိုလိုခြင်းဖြစ်သည်။ ဘွဲ့ထူးဂုဏ်ထူးကို ရည်ညွှန်းသည့် "တမန်တော်ပေါလု" ဟူ၍ မသုံးနှုန်းခဲ့ပါ။

**ဘုရားသခင်၏ ခွဲခန့်မှတ်သားခြင်း (၁ကော ၁၂း၂၇-၂၈)**

ခရစ်တော်၌ ကြီးရင့်ခြင်းပမာဏအရပ်အထိတိုင်အောင် တည်ဆောက်ရာ၌ အကယ်၍ ယုံကြည်သူ များကအစေခံလုပ်ငန်းကို ပြင်ဆင်ရမည်ဆိုလျှင် ဒေသန္တရအသင်းတော်တိုင်း၌ အဆိုပါအမှုတော်လုပ်ငန်း ဆိုင်ရာ ဆုကျေးဇူး (၅) ရပ် (Fivefold ministry) တို့က တက်ကြွစွာ ဟန်ချက်ညီညီပါဝင်ထမ်းဆောင်ရ ပေမည်။

**အစေခံကျွန်များ**

သာသနာဆုကျေးဇူး (၅) ရပ်၌ ပါဝင်လုပ်ဆောင်ရန် အကယ်၍ ဘုရားသခင်က ကျွန်ုပ်တို့အား ခေါ်ယူမည်ဆိုပါက ကျွန်ုပ်တို့အားလုံးသည် ရှေးဦးစွာ ကိုယ်တော်၏ ကိုယ်ခန္ဓာတော်၌ အစေခံကြရမည် ဖြစ်သည်။

စံနမူနာအဖြစ် သခင်ယေရှုသည် ဖေါ်ပြပါ သာသနာဆုကျေးဇူး (၅) ရပ်၌ ပါဝင်အစေခံခဲ့သည်။ ထိုအရာမှာ အစေခံတစ်ဦး၏ ပုံသက်သေဖြစ်သည်။ **(ယော ၁၃း၃-၅) (ယော ၁၃း၁၂-၁၇)**

**တမန်တော်**

---

**အဓိပ္ပါယ်ဖွင့်ဆိုချက်**

ဂရိဝေါဟာရ "apostolos" (အပေါ့ (စ်)တိုလော့(စ) မှ ဘာသာပြန်ဆိုခဲ့သော " apostle" တမန်တော်၏ အဓိပ္ပါယ်မှာ "စေလွှတ်ခံရသူ" (သို့) "စေလွှတ်သူတစ်ဦး" ဟူ၍ ဖြစ်သည်။

တမန်တော်တစ်ဦးမှာ အသင်းတော်သစ်များတည်ထောင်ရန်နှင့် တည်ရှိပြီးသောအသင်းတော်များအား နှုတ်ကပါတ်တော်မှ အခြေခံသြဝါဒများနှင့် လက်တွေ့ကျသော သွန်သင်မှုများဖြင့် ခွန်အားဖြည့်အားပေးရန် အခွင့်အာဏာအပ်နှင်း၍ စေလွှတ်ခြင်းခံရသူဖြစ်သည်။ ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဖွင့်ပြချက်များဖြင့် အခွင့်အာဏာနှင့် ရဲရင့်စွာ အမှုတော်ဆောင်လိမ့်မည်။

**လုပ်ငန်းတာဝန်များ**

ထိုသူသည် အမှုတော်လုပ်ငန်းနှင့် ဆိုင်သော သာသနာကျေးဇူးအားလုံးတို့ကို သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးအားလုံးတို့နှင့် တွဲဖက်၍ လုပ်ဆောင်လိမ့်မည်။

တမန်တော်တစ်ဦးသည် ဘုရားသခင်နှင့် တစ်ဦးချင်း နက်ရှိုင်းစွာ အလေးအနက်မိသဟာယဖွဲ့အမှုဆောင်ပြီး သူသာသနာပြုနေသူများအပေါ် ဖခင်သဖွယ် အစေခံအမှုဆောင်လိမ့်မည်။ နမိတ်လက္ခဏာများအံ့သြဖွယ်ရာများနှင့် ဆန်းကျယ်သော အနာငြိမ်းခြင်းအမှုအရာတို့ကို အဆက်မပြတ်ထင်ရှားစွာ တွေ့မြင်ရလိမ့်မည်။

သန့်ရှင်းဝိညာဉ်တော်နှင့် အပြန်အလှန်ဆက်သွယ်မှု ရှိခြင်းကြောင့် ထိုသူ၏ အမှုတော်မြတ်လုပ်ငန်းဆိုင်ရာ ဆုကျေးဇူးကို သက်သေထင်ရှားသည့် အသင်းတော်များကလည်းကောင်း၊ အခြားသောသာသနာပြု အဖွဲ့အစည်းများကလည်းကောင်း ဝန်ခံအသိအမှတ်ပြုကြပေလိမ့်မည်။ ထိုအရာသည် မျက်မှောက်ကာလလူတို့၏ လူမှုရေးအဖွဲ့အစည်းများနှင့် ဂိုဏ်းဂဏဆိုင်ရာ အဖွဲ့အစည်းများ၏ မိဿဟာယဖွဲ့သည် ပုံစံမျိုးမဟုတ်ပါ။ ဤသို့ဝိညာဉ်ရေးဆိုင်ရာ မိတ်သဟာယဖွဲ့ခြင်းမှ ယုံကြည်သူများ၊ အမှုဆောင်လုပ်ငန်းများနှင့် အသင်းတော်များအား အုပ်ချုပ်ခြင်း၊ လိုအပ်သော စည်းမျဉ်းဥပဒေသများကို ဖေါ်ပြခြင်း၊ တည်ငြိမ်စွာဖြင့် တာဝန်ယူဆောင်ရွက်ခြင်းနှင့် လှည့်ဖျားမှုများမှ အကာအကွယ်ပေးခြင်းတို့ကို တမန်တော်က ဆောင်ရွက်မည်ဖြစ်သည်။

တမန်တော်သည် ပရောဖက်ဆိုင်ရာ အမှုတော်လုပ်ငန်းနှင့် ပူးတွဲလျက် အသင်းလူကြီးများကို ခန့်အပ်ခြင်းဘိသိက်ပေးခြင်းနှင့် အသင်းထောက်များကို ရွေးချယ်အတည်ပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်လိမ့်မည်။ ဘုရားရှင်၏ ခေါ်တော်မူချက်အရ သေချာသည့် ယုံကြည်သူတို့ကို ရွေးကောက်၍ မိမိတို့၏ ဆုကျေးဇူးအလိုက် အမှုတော်၌ ပါဝင်စေရန် အတည်ပြုခြင်း ထိုသူတို့၏ အသက်တာကို တည်ဆောက်ပေးခြင်း စသည့်အရာတို့ကို တမန်တော်သည် ပရောဖက်နှင့် တွဲဖက်၍ လုပ်ဆောင်လိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးနှင့် အမှုတော်ဆောင်မည့် ယုံကြည်သူများကို လက်တင်ခြင်းအားဖြင့် လက်ဆင့်ကမ်းစေလွှတ်ခြင်းအမှုကို တမန်တော်က လုပ်ဆောင်လိမ့်မည်။

တမန်တော်သည် အခွင့်အာဏာဖြင့် ပြောဆို၍ အမှုဆောင်ရမည်။ သို့သော် သူသည်အခြားသော တမန်တော်များ၊ အသင်းလူကြီးများနှင့် ရေတွက်ဝင်လျက် မိမိအားစေလွှတ်သည့် ဒေသန္တရအသင်းတော်၏ အခွင့်အာဏာအောက်တွင် ရှိရမည်။

**ဥပမာစံနမူနာများ**

ရှင်ပေါလုနှင့် ဗာနဗတို့မှာ တမန်တော်များအလယ်၌ ကောင်းမွန်သည့် စံနမူနာများဖြစ်သည်။ **(တမန် ၁၃း၁-၃၊ ရောမ ၁၅း၂၀၊ တမန် ၁၄း၂၃)**

## ပရောဖက်

**အဓိပ္ပါယ်ဖွင့်ဆိုချက်**

ဂရိဝေါဟာရ "Prophetew" အားဘာသာပြန်ဆိုထားပါသည်။ "Prophetew" ၏ အဓိပ္ပါယ်မှာ "အဖြစ်ပျက်များကို ကြိုတင်ဟောကိန်းထုတ်ရန်၊ ဘုရားရှင်မှုတ်သွင်းသမျှအတိုင်း ပြောဆိုရန်" ဖြစ်သည်။ ထိုသူသည် လူတို့ရှေ့တွင် ဘုရားရှင်၏ ကိုယ်စားလှယ်အဖြစ် ထူးခြားသည့် အမှုတော်လုပ်ငန်းတွင် ခွဲခန့်ထားခြင်း ခံရသူဖြစ်သည်။ ဤဗျာဒိတ်တော်ဖွင့်ပြချက်တို့သည် ကျမ်းစာနှင့် ဆီလျော်၍ လုံးဝညီညွတ်သောအခါ ရှေ့ဆောင်လမ်းပြပေးခြင်း၊ လမ်းညွှန်ချက်နှင့် ရူပါရုံကို အတည်ပြုခြင်းနှင့် ဘုရားသခင်၏ နှုတ်ကပါတ်တော်အားထိုးထွင်းသိမြင်နိုင်စွမ်းတို့ကို ဖေါ်ပြလိမ့်မည်။ ပရောဖက်သည် လူသားတို့၏ ဘဝအသက်တာများနှင့် စပ်လျဉ်းသည့်အကြောင်းအရာများကို ဖေါ်ပြခြင်း၊ အပြစ်တင်ဆုံးမခြင်း၊ တရားစီရင်ခြင်း၊ ချွတ်ယွင်းချက်များကို ထောက်ပြခြင်း၊ သတိပေးတားမြစ်ခြင်းနှင့် အနာဂါတ်၌ ဖြစ်ပေါ်လာမည့် အရာများကို ဖွင့်ပြပေးမည်။

**လုပ်ငန်းတာဝန်များ**

သာမန်ပရောဖက်ပြု ဝိညာဉ်ဆုကျေးဇူးအားဖြင့်သာ ရိုးရိုးလုပ်ဆောင်သည် ပရောဖက် တစ်ဦးထက် ပရောဖက်စစ်စစ်တစ်ဦးသည်သာ၍ အဆင့်မြင့်ကြီးမြတ်သော ပရောဖက်ပြု ဘိသိက်အောက်၌ အမှုဆောင်၍ သာ၍တိကျခြင်းနှင့် အသေးစိပ်ကျစွာ အမှုဆောင်လိမ့်မည်။ သာမန်မည်သည့် ယုံကြည်သူ မဆိုပြောနိုင်သော ပရောဖက်ပြုချက်ထက် ပရောဖက်တစ်ဦး၏ နှုတ်ထွက်စကား၌ စိတ်ဓါတ်မြှင့်တင်ပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်း စိတ်သက်သာရာရစေခြင်းတို့ထက် သာလွန်ကြီးမားသော ဗျာဒိတ်ဖွင့်ပြချက်များမကြာခဏပါလေ့ရှိသည်။

မကြာခဏဆိုသလို ပရောဖက်တစ်ဦးသည် တမန်တော်တစ်ဦးနှင့် အတူတကွအသင်းတော်များ၏ ဝိညာဉ်ရေးရာ အခြေခံများကို ချမှတ်ခြင်း ခွန်အားပေးခြင်းနှင့် အသင်းတော်များ တည်ထောင်ခြင်းတို့ကို ပူးပေါင်း၍ ဆောင်ရွက်မည်ဖြစ်သည်။ **(ဧဖက် ၂း၂၀)**

**ဥပမာစံနမူနာ**

အာဂပုသည် စံနမူနာယူစရာကောင်းသော ပရောဖက်တစ်ဦးဖြစ်သည်။ **(တမန် ၂၁း၁၀-၁၁)**

## ဧဝံဂေလိဆရာ

**အဓိပ္ပါယ်ဖွင့်ဆိုချက်**

ဂရိဝေါဟာရ "evangelistes" အားဘာသာပြန်ဆိုထားသည့် "evangelist" ဧဝံဂေလိဆရာသည် "သတင်းကောင်းသယ်ဆောင်လာသူတစ်ဦး" ဟူ၍ အဓိပ္ပါယ်ရပါသည်။

**လုပ်ငန်းတာဝန်**

ဧဝံဂေလိဆရာသည် ယနေ့ဘုရားသခင်၏ တပ်မတော်၌ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်သည်။ ယေရှုခရစ်တော်၏ အကြောင်းကို သူကြုံတွေ့ခဲ့ရသော လူတိုင်းတို့အား ပြောပြရန် ဆန္ဒမီးတောက်လောင်နေသူတစ်ဦးလည်းဖြစ်သည်။ ကမ္ဘာပေါ်ရှိ ပျောက်ဆုံးဝိညာဉ်များထံသွားရောက်ဝေငှရန် အစဉ်တစိုက်ဝန်တာထားရှိသူတစ်ဦးဖြစ်သည်။ သွားလေရာနေရာတိုင်း၌ လူတို့အား သခင်ယေရှု၏ အကြောင်းကို နမိတ်လက္ခဏာသက်သေဖြင့် ဝေငှသက်သေခံဟောပြောသူဖြစ်သည်။

အခြားယုံကြည်သူများအား နိမိတ်လက္ခဏာများဖြင့် ဧဝံဂေလိလုပ်ဆောင်ရန် သင်ကြားပေးရာ၌ တက်ကြွစွာပါဝင်ပြီး အပြင်ထွက်၍ ဧဝံဂေလိလုပ်ဆောင်သည့် အမှုတော်လုပ်ငန်းများအတွက် ထိုသူများကို စည်းရုံးလှုံ့ဆော်သူလည်းဖြစ်သည်။ သူသည် ဒေသတွင်းဖြစ်စေ၊ နိုင်ငံနှင့်အဝှမ်းဖြစ်စေ၊ ကမ္ဘာတဝှမ်းလုံးသို့ဖြစ်စေ၊ ဧဝံဂေလိသတင်းကောင်း ဝေငှခြင်း ရူပါရုံကို အသင်းတော်တိုင်းရှိ ယုံကြည်သူများ၏ နှလုံးသားထဲ လှုံ့ဆော်ပေးလိမ့်မည်။

ဧဝံဂေလိတရားသည် ယုံကြည်သူတိုင်း၏ အမှုတော်လုပ်ငန်း နှင့်တာဝန် ဖြစ်နေစဉ်တွင် ဧဝံဂေလိဆရာမှာ ဤဧဝံဂေလိလုပ်ငန်းတော်၌ ပို၍ မြင့်မားသော ဘိသိက်တန်ခိုးဖြင့် အမှုဆောင်အစေခံသူ တစ်ဦးဖြစ်သည်။ သူသည် ဧဝံဂေလိလမ်းစဉ်၌ အထူးကျွမ်းကျင်သူအမှုတော်ဆောင်တစ်ဦးဖြစ်သည်။ သူ၏ အခြေခံအဓိက တာဝန်မှာ ယုံကြည်သူတိုင်းတို့အား ဧဝံဂေလိလုပ်ငန်းဆောင်ရွက်ရန် အတွက်ပြင်ဆင်ပေးရန်ဖြစ်သည်။

**ဥပမာစံနမူနာ**

ဖိလိပ္ပုသည် ကြီးမြတ်သော စံပြဧဝံဂေလိဆရာတစ်ဦးဖြစ်သည်။ **(တမန် ၈း၅-၈၊ တမန် ၈း၁၂)**

## သင်းအုပ် (သိုးထိန်း)

**အဓိပ္ပါယ်ဖွင့်ဆိုချက်**

ဂရိဝေါဟာရ "poimen" အား ဘာသာပြန်ဆိုထားသည့် "pastor" "သင်းအုပ်" သည် သိုး၊ဆိတ် အုပ်စု (သို့) တိရိစ္ဆာန်အုပ်စုများကို လမ်းညွှန်ကျွေးမွေးပြုစုကြီးကြပ်သူ သိုးထိန်းဖြစ်သည်။ "Poimen" ဟူသည့် ဝေါဟာရအား ဓမ္မသစ်ကျမ်းစာထဲတွင် (၁၈)ကြိမ် အသုံးပြု ထားသည်။ ဧဖက်သြဝါဒစာ အခန်းကြီး (၄း၁၂) ၌ "သင်းအုပ်" ဟူ၍ တစ်ကြိမ်တည်းသာ အသုံးပြုထား၍ ကျန် (၁၇) ကြိမ်မှာ ပို၍ တိကျစွာ ဘာသာပြန်ဆိုရလျှင် "သိုးထိန်း" ဟူ၍ အဓိပ္ပါယ်ရသည်။

**လုပ်ငန်းတာဝန်**

- A **ဦးဆောင်မှု** သိုးထိန်းတစ်ဦးသည် သိုးများကို ဦးဆောင်လိမ့်မည်။ **(ယော ၁၀း၄)**
- A **ရင်းနှီးစွာဆက်ဆံမှု** သိုးထိန်းတစ်ဦးသည် မိမိ၏သိုးများနှင့် တစ်ဦးချင်းရင်းနှီးသော ဆက်သွယ်မှု ရှိရလိမ့်မည်။ **(ဟေရှာ ၄၀း၁၁) (ယောဟန် ၁၀း၁၁)**
- A **သိုးတို့ကို ကျွေးမွေးမှု** သိုးထိန်းသည် သိုးတို့ကို ကျွေးမွေးလိမ့်မည်။ **(ယောဟန် ၂၁း၁၅-၁၇)**

## ဆရာ (သွန်သင်သူ)

**အဓိပ္ပါယ်ဖွင့်ဆိုချက်**

ဂရိဝေါဟာရ "didaskalo" ၏ အဓိပ္ပါယ်မှာ "စီစဉ်ညွှန်ကြားသူ" ဟူ၍ ဖြစ်သည်။

ဆရာတစ်ဦးမှာ သူ၏သင်ကြားမှုသင်ခန်းစာများဖြင့် အခြားသူများ သင်ယူနိုင်ရန် သွန်သင်ညွှန်ကြားပေးသူဖြစ်သည်။ သူ၏ သွန်သင်မှုများ၌ ဖွင့်ပြခြင်း၊ နှုတ်ကပါတ်တော်ကို ရှင်းပြခြင်းနှင့် အခြားသောသူတိုကအား သြဝါဒဆိုင်ရန် ညွှန်ကြားခြင်းစသည်တို့ ပါဝင်သည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် ယုံကြည်သူများအားလည်း တပည့်တော်ဖြစ်စေလိမ့်မည်။ **(မဿဲ ၂၈း၁၉-၂၀)**

**လုပ်ငန်းတာဝန်များ**

ဆရာတစ်ဦးသည် ယုံကြည်သူလူသစ်များအား သင်ကြားပေးလိမ့်မည်။

**A ယုံကြည်သူလူသစ်များကို သင်ကြားပေးခြင်း။ (တမန် ၁၁း၂၁ - ၂၆)**

**A ယုံကြည်ခြင်းအရာကို သင်ကြားခြင်း**

ဆရာတစ်ဦးသည် တပည့်များအား ယုံကြည်ခြင်းဖြင့် အသက်ရှင်ရန် သင်ကြားပေးလိမ့်မည်။ (၁တိ ၂း၇)

**A သန့်ရှင်းဝိညာဉ်အားဖြင့် သွန်သင်ပေးခြင်း** ဆရာတစ်ဦးသည် သန့်ရှင်းဝိညာဉ်တော်၏ ဘိသိက်ဖြင့် သင်ကြားပေးလိမ့်မည်။ **(၁ယော ၂း၂၀၊ ၁ယော ၂း၂၇၊ ၁ကော ၂း၁၃)**

**A အခွင့်အာဏာအားဖြင့် သင်ကြားပေးခြင်း**

ဆရာတစ်ဦးသည် အခွင့်အာဏာဖြင့် သင်ကြားပေးသည်။ **(မဿဲ ၇း၂၈-၂၉)**

**A မိမိကိုယ်ကို ဆပွားစေခြင်း**

အခြားသူများ၏ အသက်တာများ၌ ထပ်ဆင့်ဆပွားစေနိုင်မည့် ယုံကြည်စိတ်ချရသူ သစ္စာရှိသူများကို ဆရာက အမှုတော်အတွက် လမ်းညွှန်သင်ကြားမှုပြုသည်။ **(၂တိ ၂း၂)**

## အသင်းလူကြီးများနှင့် သင်းထောက်များ

အသင်းလူကြီးများ (ကြီးကြပ်ကွပ်ကဲသူဟုလည်း ခေါ်ဆိုနိုင်သည်) နှင့် သင်းထောက်များမှာ ဒေသန္တရအသင်းတော်၌ ဘုရားသခင်ခွဲခန့်ထားသည့် အခွင့်အာဏာရှိသောလုပ်ငန်းဌာန (၂) ရပ်သာဖြစ်သည်။ **(ဖိလိပ္ပိ ၁း၁)**

**အသင်းလူကြီးများနှင့် သင်းထောက်များ**

အသင်းတော်လူကြီး (သို့) ကြီးကြပ်ကွပ်ကဲသူတစ်ဦး၏ တာဝန်ဝတ္တရားမှာ ဒေသန္တရ အသင်းတော်၌ ဘုရားသခင်ခွဲခန့်ထားသည့် အခွင့်အာဏာရှိသော လုပ်ငန်းဌာန (၂)ရပ်သာဖြစ်သည်။ **(ဖိလိပ္ပိ ၁း၁)**

**အသင်းလူကြီးများ (ကြီးကြပ်ကွပ်ကဲသူများ)**

အသင်းလူကြီး (သို့) ကြီးကြပ်ကွပ်ကဲသူတစ်ဦး၏ တာဝန်ဝတ္တရားမှာ ဒေသန္တရအသင်းတော်အတွင်းအုပ်ချုပ်ရန် (သို့) ကြီးကြပ်ကွပ်ကဲရန် ဖြစ်သည်။ ထိုသူများကို ဘုရားသခင်က ရွေးကောက်၍ တမန်တော်များက အတည်ပြုခန့်အပ်ကြသည်။ **(၁တိ ၃း၁၊ တမန် ၁၄း၂၃)**

**သင်းထောက်လူကြီးများ**

အသင်းထောက်တစ်ဦး၏ တာဝန်ဝတ္တရားမှာ အစေခံရန် ဖြစ်သည်။ အသင်းထောက်တို့ကို အသင်းတော်ရှိ ယုံကြည်သူများမှ ရွေးချယ်ပြီး တမန်တော်များက အတည်ပြုခန့်အပ်ကြသည်။ **(တမန် ၆း၂-၄၊ ၆) (၁တိ ၃း၁၀)**

## တာဝန်ဝတ္တရားကို နားလည်ခြင်း အသင်းလူကြီး (ကြီးကြပ်သူ) ၏လုပ်ငန်း

**အဓိပ္ပါယ်ဖွင့်ဆိုချက်**

ဂရိဝေါဟာရ " presbuteros" အဓိပ္ပါယ်မှာ "အသင်းလူကြီး၊ အသက်ကြီးသူ (သို့) လုပ်သက်ရင့်သူ" ဟူ၍ဖြစ်သည်။ ဓမ္မဟောင်းကာလ၌ တရားဇရပ်များရှိ ခေါင်းဆောင်များ။ **"Sanhedrin"** (ဆန်ဟီဒရင်) ကောင်စီဝင်လူကြီးများကို ရည်ညွှန်းသည်။ ဟေဗြဲယုံကြည်သူများထံ ရေးသားသည့် စာများ၌ ၎င်းဓမ္မသစ်အသင်းတော်များ၌၎င်းကို "Presbuteros" ဟူသည့် စကားလုံးကို မကြာခဏအသုံးပြုသည်မှာ ဓမ္မဟောင်းကာလက ဤစကားလုံးကို ဟေဗြဲတို့က အသင်းလူ ကြီးအဖြစ် နားလည်ထားသောကြောင့် ဖြစ်သည်။ **(တမန် ၁၄း၂၃)**

ဂရိဝေါဟာရ " episkopos" အဓိပ္ပါယ်မှာ "ကြီးကြပ်ကွပ်ကဲသူ စီမံခန့်ခွဲသူ (သို့) အုပ်ထိန်းသူ၊ စောင့်ရှောက်သူဟူ၍ ဖြစ်သည်။" ဓမ္မသစ်ကျမ်းထဲတွင် ၅ ကြိမ်မျှ ဖော်ပြထားခဲ့ပြီး " International Version"ကျမ်းထဲတွင် ကြီးကြပ်ကွပ်ကဲသူအဖြစ် တသမတ်တည်း ဘာသာပြန်ဆိုထားသည်။ King James Version ၌ Bishop ဂိုဏ်းအုပ်ဟူ၍ ၄ ကြိမ်ပြန်ဆိုထားသည်။ " Overseer" ကြီးကြပ်ကွပ်ကဲသူ မှာ မှန်ကန်သော ဘာသာပြန်ဆိုမှုဖြစ်သည်။ ဂရိ (ဟေလသ) ယုံကြည်သူများအား ရည်ညွှန်း၍ ရေးသားသည့် အချိန်၌ ဤစကားလုံးကို မကြာခဏအသုံးပြုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုစကားရပ်မှာ ဝိညာဉ်ရေးရာခေါင်းဆောင်မှုနှင့် အနီးစပ်ဆုံးအဆင်သင့်ဆက်သွယ်နိုင်သောကြောင့် ဖြစ်သည်။

**(တမန် ၂၀း၂၈(က))**

**လုပ်ငန်းတာဝန်များ**

" presbuteros - **အသင်းလူကြီး** " **နှင့်** " episkopos - **ကြီးကြပ်ကွပ်ကဲသူ"** ဟူသော ထိုဝေါဟာရ (၂) ခုအကြား သမ္မာကျမ်းဆိုင်ရာ လုပ်ငန်းတာဝန် ကွာခြားမှုအလျဉ်းမရှိပါ။ ထိုဝေါဟာရများသည် ဒေသန္တရအသင်းတော်၌ တူညီသော လုပ်ငန်းတာဝန်ကို ရည်ညွှန်းထားသည်။ ဒေသန္တရ အသင်းတော်တွင်း၌ (သို့) အပေါ်၌ ဘာသာရေးနှင့်ဆိုင်သော ရာထူးအဆင့်အတန်းခွဲခြားခြင်း မရှိပါ။ အသင်းတော်တစ်ပါးချင်းစီသည် သီးခြားဖြစ်၍ ကိုယ်ပိုင်အုပ်ချုပ်မှုဖြင့် စီမံကွပ်ကဲခဲ့ကြသည်။

လူတို့၏ အသင်း၊ အဖွဲ့နှင့် လူတို့၏ ဂိုဏ်းဂနများဖြစ်မည့် အခြားအသင်းတော်အုပ်ချုပ်မှုစနစ်သည် တမန်တော်ဟုခေါ်ဆိုသော သူတို့နှင့် ဒေသန္တရအသင်းတော်ရှိ အသင်းလူကြီးတို့စပ်ကြား၌ ဝိညာဉ်မိသဟာယဖွဲ့မှုသာဖြစ်သည်။

ဒေသန္တရ အသင်းတော်မှာ ဘုရားသခင်စေလွှတ်သော ကိုယ်ခန္ဓာတစ်ခုကဲ့သို့ မှန်ကန်စွာလုပ်ဆောင်သည်။ သို့သော်အခြားသော အသင်းတော်တစ်ပါးအား လွှမ်းမိုးခြင်း၊ အုပ်ချုပ်ခြင်း (သို့) ကန့်သတ်ချုပ်ချယ်ရသည့် "မိခင်အသင်းတော်" အနေနှင့် ဘယ်သောအခါမျှ မယူဆရပါ။

တမန်တော်များနှင့် ပရောဖက်များမှ အသင်းတော်များ၏ အခြေခံအုတ်မြစ်များကို ချမှတ်၍ အသင်းတော်များကို တည်ထောင်ပြီး အသင်းတော်တိုင်း၌ အသင်းလူကြီးများခန့်အပ်ထားခဲ့ကြသည့် နည်းတူ နက်ရှိုင်းသောဝိညာဉ်ရေးရာမိသဟာရများကိုလည်း တည်ဆောက်ခဲ့ကြသည်။ ဤဝိညာဉ်ရေးရာ မိသဟာယများသည် ဒေသန္တရအသင်းတော်အချင်းချင်း ဆက်သွယ်သည့် ပြင်ပဆက်သွယ်မှုဖြစ်ပြီး အမှုတော်လုပ်ငန်းဆိုင်ရာ ဆုကျေးဇူး (၅) ရပ်အတွင်း အမှန်လုပ်ဆောင်နေသူတို့၏ သဟာယဖြစ်၍ အခြားအသင်းတော်ဂိုဏ်းဂနများနှင့် မပါတ်သက်ချေ။

တမန်တော်၏ သာသနာပြုလုပ်ငန်းက ရှေ့ဦးစွာ အုတ်မြစ်ချ၍ ပရောဖက်က အသစ်သော ဒေသန္တရအသင်းတော်ကို တည်ထောင်သည်။ ထို့နောက်တမန်တော်များက ထိုအသင်းတော်အတွက်

လိုအပ်သော အသင်းလူကြီးများကို ခွဲခန့်လေသည်။ ထိုအသင်းလူကြီးများ အုပ်ချုပ်ရေး ကိုယ်ထည်ဖွဲ့၍ ဒေသန္တရအသင်းတော်၏ ကိစ္စများကို လမ်းညွှန်မှုပြုကာ ကြပ်မတ်အုပ်ချုပ်ကြသည်။ **(၁တိ ၅း၁၇)**

**သာသနာဌာန (၅) ရပ်၏ အသင်းလူကြီးများ**

အမှုတော်လုပ်ငန်းဆိုင်ရာ ကျေးဇူး (၅) ရပ်၌ အမှုတော်ဆောင်သူ အားလုံးတို့မှာ အသင်းလူကြီး/ သင်းအုပ်များဖြစ်သည်။ ပေတရုနှင့်ယောဟန်တို့အား စံပြပုဂ္ဂိုလ်များအဖြစ် ကျွန်ုပ်တို့တွေ့မြင်ရသည်။ **(၁ပေ၅း၁၊ ၃ယော ၁း၁)**

သခင်ယေရှုမှ အသင်းတော်အတွက်ပေးထားသော တမန်တော်များ ပရောဖက်များ၊ ဧဝံဂေလိဆရာများ၊ သင်းအုပ်ဆရာများနှင့် ဆရာများအဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် "ဘုရားသခင်၏ လူများအား အမှုတော်လုပ်ငန်း၌ ပါဝင်အစေခံရန်အတွက် ပြင်ဆင်ပေးရန်" အတူတကွ ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည်။ ဤအမှုတော်လုပ်ငန်းကို နှုတ်ကပတ်တော်ထဲတွင် "ရာထူး၊ ဌာနန္တရ ဌာန" တစ်ခုအဖြစ် ဘယ်သောအခါမျှ ရည်ညွှန်းဖော်ပြခဲ့ခြင်းမရှိပေ။ မည်သို့ပင်ဖြစ်စေ ထိုအမှုတော် ဆောင် တစ်ဦးချင်းစီမှာ အသင်းတော်အတွင်း "သင်းအုပ်အသင်းလူကြီး" နေရာလုပ်ငန်းဌာန၌ တာဝန်ယူ ရပ်တည်ကြသည်။

**သင်းအုပ်/ အသင်းလူကြီးများ၏ အမှုဆောင်လုပ်ငန်း**

သင်းအုပ်/အသင်းလူကြီးများသည် သူတို့ကြပ်မတ်ထိန်းသိမ်းစောင့်ရှောက်ရသည် သိုးစုအား ထိန်းကျောင်းကျွေးမွေးပြုစုခြင်းဖြင့် ဒေသန္တရအသင်းတော်တစ်ခုတွင် ပါဝင်လုပ်ဆောင်ရန် ဖြစ်သည်။ **(၁ပေ ၅း၁-၃)**

**သင်းအုပ်/ အသင်းလူကြီးများသည် သာသနာအမှုဆောင် (၅) ရပ်၏ အမှုဆောင်သူများဖြစ်သည်။**

ဇဖက်သြဝါဒစာအခန်းကြီး (၄) တွင် စာရင်းပြုစုထားသည့် သာသနာအမှုဆောင် (၅) ရပ် ပေးအပ်ခြင်းခံရသူများသည် သန့်ရှင်းသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် သတ်မှတ်ထားသည့် ကျေးဇူးတော်နှင့် ဘိသိက်သွန်းလောင်းခြင်းခံရသူများဖြစ်သည်။

သိုးစုများကို ကျွေးမွေးပြုစုကြီးကြပ်သူ သိုးထိန်းအဖြစ် ရွေးချယ်ခံရသူများမှာ သာသနာအမှုဆောင် (၅) ရပ်၏ ဘိသိက်နှင့် ကျေးဇူးတော်လိုအပ်ကြောင်း သိသာထင်ရှားစွာတွေ့မြင်ရသည်။ ဒေသန္တရအသင်း တော်အတွင်းရှိ အသင်းလူကြီး၊ သင်းအုပ်များမှာ သာသနာအမှုဆောင်ဆုကျေးဇူး (၅) ရပ်အတွင်းသို့ ဘုရားသခင်ခေါ်ယူခွဲခန့်ထားသူများဖြစ်ကြောင်း တွေ့မြင်ရသည်။

ထိုပုဂ္ဂိုလ်တစ်ဦးချင်းစီတွင် အုပ်ထိန်းခြင်းအတွက် သမ္မာကျမ်းစာဆိုင်ရာ အရည်အချင်းအားလုံး ပြည့်မှီသူများဖြစ်သည်။ ထိုအသင်းလူကြီး/သင်းအုပ်များမှာ "အသင်းတော်၏ အရေးကိစ္စ" များကို ဆုံးဖြတ်ခြင်း၊ လမ်းညွှန်ခြင်းအမှုပြုရန်အတွက် တာဝန်ပေးအပ်ခွဲခန့်ထားခြင်း ခံရသူများဖြစ်သည်။ **(၁တိ၅း၁၇)**

အသင်းလူကြီး၊ သင်းအုပ်များ၏ အရည်အချင်းတစ်ရပ်မှာ "သွန်သင်နိုင်စွမ်းရှိခြင်း" ဖြစ်သော်လည်း ဒေသန္တရအသင်းတော်အတွင်း ဟောပြောခြင်း (သို့) သင်ကြားခြင်း အမှုတော်အားလုံးကို တာဝန်ယူရမည်ဟု ကျွန်ုပ်တို့ပြောဆိုခြင်းမဟုတ်ပါ။

## လုပ်ငန်းတာဝန်များ

တမန်တော်နှင့် ပရောဖက်တို့မှ ဒေသန္တရအသင်းတော်အတွက် အခြေခံအုတ်မြစ်များချမှတ်ပြီး သင်းလူကြီးများကို ခန့်အပ်ပြီးသောအခါ သင်းအုပ်များနှင့် သင်ထောက်ဆရာများအဖြစ် ဘုရားရှင်ရွေးကောက်သူများကို တမန်တော်၊ ပရောဖက်နှင့် အခြားအသင်းလူကြီးများအား လက်တင်ခြင်းဖြင့် ခွဲခန့်အသိမှတ်ပြုပြီး အမှုတော်လုပ်ငန်းများသို့ စေလွှတ်လုပ်ဆောင်စေခဲ့သည်။

သင်းအုပ်များနှင့် သင်ဆရာများ၏ အမှုတော်လုပ်ငန်းအားဖြင့် ယုံကြည်သူများအား နှုတ်ကပတ်တော်၌ ကြီးထွားရင့်ကျက်စေပြီး တပည့်တော်များဖြစ်လာစေသကဲ့သို့ ဘုရားသခင် ရွေးကောက်သောသူတို့ကို ဧဝံဂေလိဆရာများအဖြစ် ခွဲခန့်အသိအမှတ်ပြုပြီး အသင်းလူကြီးသင်းအုပ်များမှ လက်တင်ခြင်းဖြင့် အမှုတော်မြတ်လုပ်ငန်းသို့စေလွှတ်လုပ်ဆောင်စေခဲ့သည်။ ဧဝံဂေလိအမှုတော်ဆောင် သည် ဒေသန္တရအသင်းတော်တွင်းရှိ ယုံကြည်သူများအား စုဝေး၍လေ့ကျင့်ပျိုးထောင်ပေးပြီး အသင်းတော်ပြင်ပသို့ နမိတ်လက္ခဏာပါသော ဧဝံဂေလိတရားကို ရောက်ရှိပြန့်နှံ့စေသည်။

သာသနာအမှုဆောင် (၅) ရပ်မှ အမှုတော်လုပ်ငန်းဆောင်ရွက်သူတို့ ကိုယ်စီကိုင် ပါဝင်လုပ်ဆောင်ပံ့ပိုးခြင်းဖြင့်သာလျှင် ခရစ်တော်၏ ခန္ဓာကိုယ် (အသင်းတော်) မှာ ကြီးထွားရင့်ကျက်မှု ရှိပြီး အမှုတော်လုပ်ငန်းကို အစေခံလုပ်ဆောင်နိုင်မည်။

## ဦးဆောင်သင်းအုပ်

ဒေသန္တရအသင်းတော်တစ်ပါးချင်းစီမှ အသင်းလူကြီး သင်းအုပ်များအဖြစ်ခန့်အပ်ခြင်း ခံရသူများမှာ သာသနာအမှုဆောင် (၅) ရပ်အနက် ကဏ္ဍတစ်ခုခု၌ အစေခံရန် ဘုရားသခင်ခေါ်ယူခွဲခန့်သူများဖြစ်ကြောင်း ထင်ရှားစွာ တွေ့မြင်ရပြီး ဒေသအသင်းတော်အတွင်း အုပ်ချုပ်မှုအား ဘယ်သောအခါမျှ တစ်ဦးချင်းစီ၌ ကန့်သတ်ခဲ့ခြင်းမရှိပါ။ မည်သို့ပင်ဖြစ်စေ မောရှေကို မိမိ၏ လူမျိုးတော်အား ဦးဆောင်စေသကဲ့သို့ ဘုရားသခင်သည် ဝိညာဉ်ရေးရာခေါင်းဆောင်မှုကို အမြဲတစေမြှင့်တင်ပေးခဲ့သည်။ ဤသို့

ခေါင်းဆောင်မှုအား ဗျာဒိတ်ကျမ်းထဲ၌ ဒေသန္တရအသင်းတော်၏ “ကောင်းကင်တမန်” (သတင်းယူဆောင်သူ စေတမန်) အဖြစ် ရည်ညွှန်းဖေါ်ပြထားသည်။

## A ကောင်းကင်တမန် (သို့) သတင်းယူဆောင်လာသူ (ဗျာ ၂း၁)

## A ရှင်ယာကုပ်၊ ခေါင်းဆောင်မှုပြုသော သင်းအုပ်

ရှင်ယာကုပ်သည် ယေရုရှလင်အသင်းတော်၌ အခြားသောသင်းအုပ်များကို ဦးဆောင်သည့် ခေါင်းဆောင်သင်းအုပ်တစ်ဦးအဖြစ် ပေါ်ပေါက်ခဲ့သည်။ သင်းအုပ်အားလုံးတို့သည် တမန်တော်များနှင့် တွေ့ဆုံ၍ ဩဝါဒပိုင်းဆိုင်ရာ ပြဿနာမေးခွန်းများကို စီစစ်ဆုံးဖြတ်အဖြေညှိနှိုင်းကြသည်။ (တမန် ၁၅း၆၊ တမန် ၁၅း၁၃) သင်းအုပ်အားလုံးသည် ဆွေးနွေးစရာ ကိစ္စတစ်ရပ်ဖြစ်လာသော ဩဝါဒပိုင်းဆိုင်ရာ မေးခွန်းကို ပါဝင်ဆွေးနွေးတိုင်ပင်ကြသည်။ သို့သော် သင်းအုပ်တို့ကို ဦးဆောင်သူ (သို့) အကြီးအကဲပြုသူ ရှင်ယာကုပ်မှ နောက်ဆုံးစီရင်ချက်ကို ချမှတ်ရသည်။

### အသင်းတော်တွင်းအုပ်ချုပ်သူ အကြီးအကဲအဖြစ်ဆောင်ရွက်ခြင်း

သခင်ယေရှုသည် အသင်းတော်၏ ဦးဆောင်အကြီးအကဲဖြစ်သည်။ သို့သော် သခင်ယေရှု၏ ကြီးကဲမှုအောက်၌ ဒေသန္တရအသင်းတော်အား အုပ်ချုပ်ရန်အတွက် ဘုရားရှင်ဘိသိက်၍ ခွဲခန့်ထားသည့် ခေါင်းဆောင်မှုများလည်း ရှိသေးသည်။ ဤအုပ်ချုပ်မှုကို ဦးဆောင်သင်းအုပ်၌ တွေ့ရပြီး “အသင်းတော်၏ အရေးကိစ္စများကို လမ်းညွှန်ခြင်းနှင့် ” အစေခံအမှုတော်လုပ်ငန်းများအတွက် ဘုရားသခင်၏ လူတို့အား ပြင်ဆင်ပံ့ပိုးခြင်း စသည့်အရာတို့အား အခြားသော သင်းအုပ် အသင်းလူကြီးအားလုံးတို့နှင့် ပူးပေါင်းဆောင်ရွက်ရသည်။

## A ဓမ္မသစ်ပုံစံနမူနာ

အကယ်၍ ကျွန်ုပ်တို့ အသင်းတော်အုပ်ချုပ်မှု ဓလေ့ထုံးစံသည် ဓမ္မသစ်ပုံစံနှင့် ကိုက်ညီမှုမရှိပါက ကျွန်ုပ်တို့၏ အုပ်ချုပ်မှု ပုံစံအားအဆင့်ဆင့်ပြောင်းလဲရန် ဆန္ဒရှိရပေမည်။ မျက်မှောက်ခေတ်ယခုအချိန်ကာလ၌ မိမိ၏အသင်းတော်၌ သာသနာအမှုဆောင် (၅) ရပ်အားပြန်လည်ရှင်သန်စေရန် ဘုရားသခင်က လုပ်ဆောင်နေပြီ။

## A ပဋိပက္ခမရှိဘဲပြောင်းလဲခြင်း

ဤဖွင့်ပြမှုကို ကျွန်ုပ်တို့လက်ခံရသောအခါ လိုအပ်သောပြောင်းလဲမှုများကြိုးစားဆောင်ရွက်ခြင်း မပြုမီဒေသန္တရအသင်းတော်၏ ဓမ္မပရိတ်သတ်တို့က အဆိုပါ ဖွင့်ပြမှုအား လက်ခံနိုင်ရန် ကျွန်ုပ်တို့က အချိန်ယူ လုပ်ဆောင်ရပေမည်။ ဤသို့လုပ်ဆောင်ခြင်းဖြင့် ဖြစ်နိုင်ချေရှိသော ရှုပ်ထွေးမှုများနှင့်

ပဋိပက္ခများကို ကျွန်ုပ်တို့ကရှောင်ရှားနိုင်မည်ဖြစ်သည်။ အသင်းတော်၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာနှင့် ပါတ်သက်သော ဆုံဖြတ်ချက်များအား အသင်းတော်ကို အုတ်မြစ်ချခဲ့သော တမန်တော်များနှင့်အတူ အသင်းတော်၏ ဦးဆောင်သင်းအုပ်နှင့် အခြားအသင်းလူကြီးများက ဝိုင်းဝန်းလုပ်ဆောင်ရမည်။ အသင်းတော်ရှိ ယုံကြည်သူများအားကွဲပြားမှုကို ဖြစ်စေနိုင်သည့် ပြဿနာတစ်ရပ်ဖြစ်မလာစေရန် ဆောင်ရွက်ပေးရမည်။

## ရာထူးဌာနန္တရများကို မြှောက်စားခြင်း

သာသနာအမှုဆောင် ဆုကျေးဇူး (၅) ရပ်မှာ တာဝန်ဝတ္တရားများသာ ဖြစ်၏ ရာထူးဌာနန္တရများ မဟုတ်ပါ။ ကျွန်ုပ်တို့သည် ရာထူးများကို မြှောက်စားခြင်းဖြင့် တစ်ဦးကို တစ်ဦးမြှောက်ပင့်ပြောဆိုရန် မဟုတ်ပါ။ **( မဿဲ ၂၃း၆-၁၂ )**

**အားလုံးမှာ ညီအစ်ကိုချင်း**

သခင်ယေရှုက "သင်တို့အပေါင်းသည် ညီအစ်ကိုချင်းဖြစ်ကြ၏" ဟုပြောဆိုခဲ့သည်။ တမန်တော်ရှင်ပေါလုမှ သူ၏ဩဝါဒစောင်များ၌ "တမန်တော်ရှင်ပေါလု" ဟုဘယ်သောအခါမျှ သုံးစွဲခြင်းမပြုဘဲ "တမန်တော်အရာ၌ ခန့်ထားသော ယေရှုခရစ်၏ ကျွန်ငါပေါလု" ဟု သုံးစွဲထားသည်။ အဘယ်ကြောင့်ဆိုသော် "တမန်တော်" ဟူသည် ဝေါဟာရမှာ ခရစ်တော်၏ ကိုယ်ခန္ဓာအတွင်းရှိ သူ၏လုပ်ငန်းတာဝန်ကို ရည်ညွှန်းဖေါ်ပြသောကြောင့် ဖြစ်သည်။ ရှင်ပေတရုမှ ရှင်ပေါလုအား ညီအစ်ကိုတစ်ဦးကဲ့သို့ ရည်ညွှန်းပြောဆိုခဲ့သည်။ **(၂ပေ ၃း၁၅)**

"သိက္ခာတော်ရဆရာ ဒေါက်တာ ဆရာ၊ ဖခင်၊ သိုးထိန်း" ဟူသည့် စကားရပ်များအစား တစ်ဦးနှင့်တစ်ဦး "ညီအစ်ကို" ဟုခေါ်ဝေါ်ခြင်းသည် အဘယ်မျှ လျှော်ကန်သင့်မြတ်ပါသနည်း။ သခင်ယေရှုပင်လျှင် သူ၏ဘွဲ့နာမအား ချန်ရစ်ထားခဲ့သည်။ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး အချင်းချင်းအစေခံများ ဖြစ်ကြသည်။

**ဌာနတာဝန်အား အလေးဂရုပြုခြင်း**

ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦး ရာထူးဌာနန္တရများဖြင့် မြှောက်စားခြင်းမပြုရန် ရှင်းလင်းစွာ နားလည်သည့် တချိန်တည်းမှာ သင်းအုပ်တစ်ဦးအဖြစ် ဘုရားသခင်ခွဲခန့်ထားသူများအား ကျွန်ုပ်တို့ အလေးဂရုပြုခြင်းရှိရမည်။ ဘုရားသခင်က မိမိ၏ အသင်းတော်အတွင်း သာသနာအမှုဆောင်ဆုကျေးဇူး (၅) ရပ်အတွက် တာဝန်ပေးထားသူတစ်ဦးချင်းစီအား ကျွန်ုပ်တို့က ရိုသေလေးစားခြင်းနှင့်တကွ လက်ခံကြရမည်။ **(မဿဲ ၁၀း၄၀)**

သခင်ယေရှုက "သင်တို့အားလုံးသည် ညီအစ်ကိုချင်းဖြစ်ကြသည်" ဟု ပြောဆိုခဲ့သည့်နည်းတူ တစ်ချိန်တည်းတွင် သာသနာအမှုဆောင် ဆုကျေးဇူး (၅) ရပ်၌ ပါဝင်ရန် ခွဲခန့်ထားသူ တစ်ဦးစီအား ကျွန်ုပ်တို့က ရိုသေလေးစားခြင်းဖြင့် လက်ခံကြရပေမည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ သိုးထိုးအား

"ညီအစ်ကိုယာကုပ်" ဟု ရည်ညွှန်းပြောဆိုသည့် တစ်ချိန်တည်းတွင် ထိုသူအား "ကျွန်ုပ်တို့၏ သင်းအုပ်" အဖြစ် သိမှတ်လျက် ရှိသေခန့်ငြားခြင်း ရှိရပေမည်။ ထိုနည်းတူ အခြားသာသနာအမှုဆောင်ဆုကျေးဇူး များဖြင့် အမှုဆောင်သူတိုင်းကိုလည်း ထင်ထင်ရှားရှား အသိအမှတ်ပြု၍ ရိုသေခန့်ငြားသင့်ပေသည်။

*(သာသနာအမှုဆောင် ဆုကျေးဇူး (၅) ရပ်နှင့် အသင်းတော်အုပ်ချုပ်ရေး ဘာသာရပ်အားသာ၍ နက်ရှိုင်း စွာလေ့လာလိုလျှင် ဆရာ A.L Gill ၏ "သာသနာဆုကျေးဇူးများ" 'The Ministries' ကိုဆက်လက် လေ့လာရန် အကြံပြုလိုပါသည်။)*

## ပြန်လှန်သုံးသပ်ရန် မေးခွန်းများ

၁။ ဧဖက် ၄း၈ - ၁၃ တွင်ပါရှိသည့် သာသနာအမှုဆောင် (၅) ရပ်၏ အဓိက လုပ်ငန်းတာဝန်သည် အဘယ်အရာနည်း။

၂။ သာသနာအမှုဆောင်ဆုကျေးဇူး (၅) ရပ် (Five Ministry giftings) ကို ဖော်ပြ၍ ၎င်းတို့၏ လုပ်ငန်းတာဝန်များကို အကျဉ်းချုပ်ဖော်ပြပါ။

၃။ ဒေသန္တရအသင်းတော်အတွင်းရှိ သင်းအုပ်/အသင်းလူကြီးများနှင့် သင်းထောက်များ၏ တာဝန်ကို ဖော်ပြပါ။

# သင်ခန်းစာ (၆)
## မျက်မှောက်ကာလအတွက် စံနမူနာတစ်ရပ်

### ခမ္မသစ်အသင်းတော်အား သခင်ယေရှုတည်ထောင်ခြင်း

သခင်ယေရှုသည် အသင်းတော်အကြောင်း ပထမဦးဆုံးဖော်ပြခဲ့သောအခါ ယင်းနှင့် စပ်လျဉ်း၍ အလွန်အရေးကြီးသော အချက် (၂) ချက်ကို ဖော်ပြခဲ့သည်။ အသင်းတော်ကို သခင်ယေရှုတည်ထောင်မည်ဖြစ်သည်။ ယနေ့ကျွန်ုပ်တို့သည် သခင်ယေရှုတည်ဆောက်နေသော အသင်းတော်အတွက် အသုံးခံကရိယာတန်ဆာပလာများသာဖြစ်ကြောင်း သဘောပေါက်နားလည်ရပေမည်။ ခရစ်ယာန်များသည် ရှေးနှစ်ပေါင်းများစွာကပင် သခင်ယေရှု၏ မဟာစေခိုင်းချက်ကို ကြားနာခဲ့ပြီး မိမိတို့၏ ကိုယ်ပိုင်အစွမ်းအစ၊ ဉာဏ်ပညာ၊ ခွန်အားတို့ဖြင့် သွားရောက်လုပ်ဆောင်ရန် ကြိုးစားခဲ့ကြသည်။ မိမိတို့၏ ကိုယ်ပိုင်နည်းစနစ်များ ခလေ့ထုံးစံများဖြင့် အသင်းတော်တည်ထောင်ရန် လူသားတို့၏ကြိုးပမ်းမှုသည် နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ သို့သော် သခင်ယေရှုခရစ်သည် ယုံကြည်သူများက အသင်းတော်တည်ဆောက်လိမ့်မည်ဟု မပြောခဲ့ပါ။ ယေရှုခရစ်တော် သူကိုယ်တိုင်တည်ဆောက်မည်ဟူ၍သာ ပြောကြားခဲ့သည်။ (မဿဲ၁၆း၁၈)

မိမိ၏ အသင်းတော်နှင့် စပ်လျဉ်း၍ သခင်ယေရှုပြောဆိုသည့် ဒုတိယအချက်မှာ ထိုအသင်းတော်အား မရဏာနိုင်ငံ၏ တံခါးများ (စာတန်အုပ်စိုးမှုအားလုံး) က ဆန့်ကျင် အောင်နိုင်လိမ့်မည်မဟုတ်ကြောင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။

သခင်ယေရှုက အသင်းတော်ကို တည်ထောင်မည်ဖြစ်ပြီး ထိုအသင်းတော်သည် တန်ခိုးရှိသော အသင်းတော်တစ်ပါးဖြစ်လိမ့်မည်။ ယင်းမှာ တမန်တော်ဝတ္ထုတွင် ကျွန်ုပ်တို့မြင်တွေ့ရသော အသင်းတော်ပုံစံဖြစ်သည်။

### သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်း

ကျွန်ုပ်တို့သည် သခင်ယေရှု၏ အသင်းတော်အတွက် "ပါဝင်တည်ဆောက်သည့်အဖွဲ့" ၏ အစိတ်အပိုင်း ဖြစ်နိုင်ရန်လိုအပ်သည့် ဦးဆောင်မှု၊ သွန်သင်မှုနှင့် စွမ်းရည်များ ဖြည့်စွမ်းပေးရန် သခင်ယေရှုက သန့်ရှင်းသောဝိညာဉ်တော်အားစေလွှတ်ခဲ့သည်။ **(လု ၃း၁၆၊ တမန် ၁း၈၊ ယော ၁၄း၁၆-၁၇)**

**နှုတ်ကပတ်တော်သင်ကြားပေးခြင်း**

သင်ကြားပေးသူ ဟောကြားသူတိုင်း သင်ကြားအစေခံသည့်အခါ သန့်ရှင်းသော ဝိညာဉ်တော်သည်သာ စစ်မှန်သော ဆရာဖြစ်ကြောင်း သတိမူသင့်ပါသည်။ သင်ကြားသော အကြောင်းအချက်များကို ကျွန်ုပ်တို့ တင်ပြနိုင်ပါသည်။ သို့သော် ထိုအချက်အလက်တို့အား ကြားနာမှတ်မိနားလည်၍ ဝိညာဉ်တော်၌ ပြည့်ဝသူများဖြစ်လာစေရန် သန့်ရှင်းသော ဝိညာဉ်တော်က လုပ်ဆောင်ပေးသည်။ **(ယော ၁၄း၂၆)**

ရှင်ပေါလုသည် သမ္မာကျမ်းစာကျောင်း၌ (၂) နှစ်တာကာလသင်ကြားပို့ချခဲ့ပြီးသောအခါ အာရှတိုက်ရှိ ဂျူး(ယုဒ)လူမျိုးများနှင့် ဂရိ (ဟေလသ) လူမျိုးများ ကယ်တင်ခြင်းဝမ်းမြောက်ဖွယ် သတင်းကောင်းကို ကြားနာခဲ့ကြရသည်။ **(တမန် ၁၉း၉-၁၀)**

သမ္မာကျမ်းစာ သွန်သင်ခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားပြန့်နှံ့စေပြီး တန်ခိုးနှင့် တကွကြီးထွားလာစေသည်။ **(တမန် ၁၉း၂၀)**

**ကြံ့ကြံ့ခံနိုင်ခြင်း**

စာတန်သည် မည်မျှပင်တိုက်ခိုက်ပါစေ ဆက်လက်အစေခံနေသော ယုံကြည်သူတစ်ဦးအဖြစ် ရှင်ပေါလု၏ အသက်တာသည် ကြီးမြတ်သော စံနမူနာယူစရာများအနက် တစ်ခုဖြစ်သည်။ ဧဝံဂေလိ သတင်းကောင်းအတွက် သူကြုံတွေ့ခဲ့ရသော အရာများကို စာရင်းပြုစုထားသည်။ (၂ကော ၁၁း၂၃-၂၇)

ရှင်ပေါလုသည် အဖိုးအခများစွာပေးဆပ်ခဲ့ရသော်လည်း တစ်ပါးသူများထံသို့ သခင်ယေရှု၏ နာမတော်အား ဝေမျှရန်မည်သည့်အရာကိုဖြစ်စေ မိမိ၏အသက်ကိုပင် ပေးဆပ်ရသည့်တိုင် ခံယူမည်ဖြစ်ကြောင်း ဆုံးဖြတ်ထားခဲ့သူ ဖြစ်သည်။ **(တမန် ၂၁း၁၀-၁၃)**

**အံ့ဩဖွယ် နမိတ်လက္ခဏာများ**

လွန်ခဲ့သော သင်ခန်းစာ၌ ကမ္ဘာတဝှမ်းလုံးသို့ ဧဝံဂေလိသတင်းကောင်းပြန့်နှံ့စေရန် အံ့ဩဖွယ် နိမိတ်လက္ခဏာများကို ဘုရားရှင် မည်ကဲ့သို့ အသုံးပြုခဲ့ကြောင်း ကျွန်ုပ်တို့ လေ့လာခဲ့ပြီး ဖြစ်သည်။ **(တမန် ၁၉း ၁၁/၁၂)**

**စစ်မှန်သော နောင်တ (တမန် ၁၉း၁၈)**

**ဆပွားတိုးပွားခြင်း**

ကျွန်ုပ်တို့သွားရောက်သည့် နေရာတိုင်း၌ လူများအား သခင်ယေရှုအကြောင်းကို ပြောပြရမည် ဖြစ်သည်။ သခင်ယေရှုသည် မည်သူဖြစ်ကြောင်း၊ မည်သည့်အရာများကို လုပ်ဆောင်ခဲ့ကြောင်း ပြောပြရ ပေမည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ သဏ္ဍာန်တော်များ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် လောကရှိ မယုံကြည်သူများ မြင်နိုင်သည့် ဘုရားသခင်အား ထင်ဟပ်ပေါ်လွင်သည့် မှန်များဖြစ်ကြရမည်။

**(ဆာ ၁၀၅း၁၊၂၊ ဟေရှာ ၈း၁၈)**

အာဒံနှင့် ဧဝအပြစ်ကျူးလွန်ကျဆုံးချိန်မှ စ၍လူသားအားလုံးသည် ဘုရားသခင်အားရှာဖွေနေခဲ့ကြသည်။ လူသားတို့အထဲတွင် သဘာဝထက်သာလွန်သည့်အရာကို ရှာဖွေလိုသည့် ဝိညာဉ်ရှိကြသည်။ ကျွန်ုပ်တို့ယုံကြည်သူများအနေဖြင့် ဘုရားသခင်၏ ဗျာဒိတ်တော်ကို ရရှိကြပြီး လောကကြီးမှ ရှာဖွေနေသည့် ဘုရားသခင်၏ တန်ခိုးတော်ကို ထင်ရှားဖော်ပြကြရမည်။ **(မာ ၅း၁၉)**

ယုံကြည်သူတိုင်းသည် မဆိုင်းမတွ သက်သေခံသူများဖြစ်ကြရပေမည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အတွေ့အကြုံများကို ဝေမျှခြင်း၊ - မည်ကဲ့သို့ ဘုရားရှင်အား တွေ့မြင်ခဲ့ရပြီး - အသက်တာ၌ ငြိမ်းချမ်းမှုရရှိခဲ့ခြင်း၊ - ကျွန်ုပ်တို့ ကြုံတွေ့ခဲ့ရသော နိမိတ်လက္ခဏာများနှင့် - ကျွန်ုပ်တို့တစ်ဦးချင်းစီအား ဘုရားရှင်မည်မျှချစ်ကြောင်း ကျွန်ုပ်တို့ ပြောပြနိုင်သည်။

အံ့ဩဖွယ် နိမိတ်လက္ခဏာများနှင့်အတူ ဧဝံဂေလိသတင်းစကားကို အဆက်မပြတ် ဟောကြားသက်သေခံခြင်းဖြင့် ယုံကြည်သူအားလုံးမှ တဆင့် အံ့ဩဖွယ် ဧဝံဂေလိလုပ်ငန်းဖြင့် ကမ္ဘာပေါ်ရှိ လူများပြောင်းလဲလာနိုင်ပါသည်။ **(တမန် ၁၉း၁၇)**

## ဗတ္တိဇံ (၇) ပါး

"ဗတ္တိဇံ" ဟူသည့် ဝေါဟာရမှာ တစ်စုံတစ်ခုနှင့်အတူလုံးလုံးလျားလျား နီးကပ်စွာ ဆက်နွယ်ခြင်းဟူသည့် အဓိပ္ပါယ်ဖြစ်သည် -

သမ္မာကျမ်းစာထဲ၌ ဗတ္တိဇံမင်္ဂလာ (၇) ပါးကို တွေ့ရသည် -

- A မောရှေ၏ ဗတ္တိဇံမင်္ဂလာ
- A ရှင်ယောဟန်၏ ဗတ္တိဇံမင်္ဂလာ
- A သခင်ယေရှု၏ (သူနှင့်သာသက်ဆိုင်သော ဗတ္တိဇံမင်္ဂလာ)
- A မီး ဗတ္တိဇံမင်္ဂလာ
- A သန့်ရှင်းသော ဝိညာဉ်တော် ဗတ္တိဇံမင်္ဂလာ (သခင်ယေရှု၏ ကိုယ်ခန္ဓာထဲသို့)
- A သခင်ယေရှုအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံမင်္ဂလာ (သက်သေခံရန်တန်ခိုး)
- A ရေဖြင့် ဗတ္တိဇံမင်္ဂလာ (သခင်ယေရှုနှင့် ဆက်နွယ်မှု ရှိကြောင်း သက်သေခံခြင်း) စသည့် ဗတ္တိဇံမင်္ဂလာ များဖြစ်ကြသည်။

**မောရှေ၏ ဗတ္တိဇံမင်္ဂလာ**

ကန္တာရခရီးတလျှောက် နေ့အချိန်တွင် မိုးတိမ်အားဖြင့်၎င်း၊ ညအချိန်တွင် မီးတိုင်အားဖြင့်၎င်း ဘုရားသခင်က သူတို့အား အနီးကပ်ဦးဆောင်သကဲ့သို့ ဣသရေလလူမျိုးများသည် ပင်လယ်နီကို ဖြတ်သန်းသွားရာ၌ မောရှေနှင့်အတူ တစ်လုံးတစ်ဝတည်း တရင်းတနှီး နီးကပ်စွာ တည်ရှိနေခဲ့ကြသည်။ **(၁ကော ၁၀း၁-၄)**

**ရှင်ယောဟန်၏ ဗတ္တိဇံမင်္ဂလာ**

ရှင်ယောဟန်၏ ဗတ္တိဇံမင်္ဂလာမှာ နောင်တရခြင်းသို့ ဦးတည်နေသည်။ **(မဿဲ ၃း၁၁)**

**သခင်ယေရှု၏ ဗတ္တိဇံမင်္ဂလာ -**

သခင်ယေရှု၏ ဗတ္တိဇံမင်္ဂလာမှာ ကိုယ်တော်တစ်ပါးတည်းအတွက် ထူးခြားသော ဗတ္တိဇံဖြစ်သည်။ ရှင်ယောဟန်ထံ၌ ဗတ္တိဇံခံယူခဲ့သော်လည်း နောင်တအဘို့အလို့ငှာ ခံယူခဲ့ခြင်းမဟုတ်ပါ။ ထို့ကြောင့် ရှင်ယောဟန်ဆီးတားငြင်းဆန်ခဲ့သည်။ **(မဿဲ ၃း၁၃-၁၆)** သခင်ယေရှုဗတ္တိဇံခံယူခဲ့စဉ် သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်ခဲ့သည်။ ထိုအချိန်မှစ၍ သူ၏အသက်တာ တစ်လျှောက်လုံး၌ နိမိတ်လက္ခဏာများ ဖြစ်ပေါ်ခဲ့သည်။

**မီးဖြင့်ဗတ္တိဇံခံယူခြင်း**

သခင်ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်၎င်း မီးဖြင့်၎င်း ဗတ္တိဇံခံယူမည်ဖြစ်ကြောင်း ရှင်ယောဟန်မှ ပရောဖက်ပြုခဲ့သည်။ **(မဿဲ ၃း၁၁-၁၂)** မီးဖြင့်ဗတ္တိဇံခံယူခြင်း၌ ကိုယ်ကာယသွေးသား၏ လုပ်ဆောင်မှုများ "ကောက်ရိုး၊ မြက်ခြောက်" တို့မှာလောင်ကျွမ်း၍ ကျွန်ုပ်တို့၏ အသက်တာမှ ဖယ်ရှားခံခဲ့ရသည်။ ဝိညာဉ်တော်၏ စစ်မှန်သော "အသီးအပွင့်များ" သာကျန်ရစ်ခဲ့မည် ဖြစ်သည်။

**သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံယူခြင်း**

ကျွန်ုပ်တို့သည် ခရစ်တော်၌ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံယူခဲ့ကြသည်။- **(ရောမ ၆း၃၊ ၁ကော ၁၂း၁၃၊ တိတု ၃း၅)**

**သခင်ယေရှုအားဖြင့် ဗတ္တိဇံခံယူခြင်း**

ကျွန်ုပ်တို့သည် သခင်ယေရှုအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံယူခဲ့ကြသည်။ **(လု ၃း၁၆၊တမန် ၁း၄၊ ၅၊ ၈)**

**ရေအားဖြင့် ဗတ္တိဇံခံယူခဲ့ခြင်း**

ရေဖြင့် ဗတ္တိဇံခံယူခြင်းသည် သခင်ယေရှုနှင့်အတူ အသေခံခြင်း၊ သင်္ဂြိုဟ်ခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူခြင်းကို ထင်ဟပ်ပေါ်လွင်စေခြင်း ဖြစ်သည်။ **(ရောမ ၆း၃၊၄)**

## ဗတ္တိဇံခံယူရန် မိန့်တော်မူခဲ့သည်

ကျွန်ုပ်တို့သည် နောင်တရ၍ ဗတ္တိဇံခံယူရန် မိန့်ဆိုခံရသည်။ **(တမန် ၂း၃၈-၄၁)**

**အဲသရောပိအမတ်ဗတ္တိဇံခံယူခဲ့ခြင်း**

**(တမန် ၈း ၃၆ - ၃၉)**

**ဆက်လက်ပေါ်ပေါက်ခဲ့သော စံနမူနာ**

**A အခွင့်အရေးတစ်ရပ် (တမန် ၁၀း၄၇-၄၈)**

ခမ္မသစ်ကာလတစ်လျှောက်ရှိ လူများအားလုံးကယ်တင်ခြင်း ရရှိခဲ့ပြီးနောက် ရုတ်ချည်း ဗတ္တိဇံခံယူကြသည်။

**A ရှာမာရိလူများ (တမန် ၈ း ၁၂)**

**A လုဒိ (တမန် ၁၆ း ၁၅)**

**A ထောင်မှူး (တမန် ၁၆း၃၃)**

**A တရားဇရပ်မှူး (တမန် ၁၈း၁၈)**

**A ကောရိန္တုမြို့သားများ (တမန် ၁၉ း ၅)**

**A အာနနိသည် ရှင်ပေါလုအား အမိန့်ပေးခဲ့သည် (တမန် ၂၂း၁၆)**

**ပြန်လှန်လေ့ကျင့်ရန် မေးခွန်းများ**

၁။ မဿဲ ၁၆း၁၈ ၌ အသင်းတော်နှင့် ပါတ်သက်၍ သခင်ယေရှုဖေါ်ပြခဲ့သော အရေးကြီးသည့် အချက် (၂) ချက်သည် အဘယ်နည်း?

၂။ သခင်ယေရှု၏ ခန္ဓာကိုယ်ထဲသို့ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံယူခြင်းနှင့် သခင်ယေရှုမှ သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံပေးခြင်းတို့အကြား ကွာခြားမှုကို ဖေါ်ပြပါ။

၃။ ရေ၌ ဗတ္တိဇံခံယူခြင်းသည် အဘယ်ကြောင့် အရေးကြီးပါသနည်း?

၄။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သခင်ယေရှု၌ ဗတ္တိဇံခံယူခြင်းနှင့် သခင်ယေရှုအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းတို့ကြောင့် ကွာခြားမှုကို ဖေါ်ပြပါ။

# ဒုတိယပိုင်း

## တမန်တော်ဝတ္ထုအတွင်းရှိ အမှုတော်လုပ်ငန်းများ

## တမန်တော်ဝတ္ထု၌ ပါသော အမှုတော်လုပ်ငန်းများ

# သင်ခန်းစာ (၇)
## ကျူပင်ကဲ့သို့သော ပေတရု

### သခင်ယေရှုနှင့်အတူ လျှောက်လှမ်းခဲ့သောပေတရု

အခြားတပည့်တော်များထက် ပေတရု၏ အသက်တာအတွင်း အဖြစ်အပျက်များစွာကို ကျွန်ုပ်တို့ ရရှိခဲ့ကြသည်။ ပေတရုသည် တပည့်တော်များ၏ ခေါင်းဆောင်ဖြစ်သည်။ နာမည်စာရင်းများတွင် ပေတရုသည် ရှေ့ဆုံး၌ အမြဲဖေါ်ပြခြင်းခံရသည်။ သူသည် အများဆုံးပွင့်လင်းစွာ ပြောဆိုသူ တစ်ဦး ဖြစ်သည်။ သူသည် ရဲရင့်ပြီး မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိသူ၊ ထိမ်ဝှက်ခြင်းမရှိသူ၊ စိတ်မြန်သူ၊ ကြံ့ခိုင်သန်စွမ်းသူ ဖြစ်သည်။ အပြောင်းအလဲကို လိုလားပြီး စိတ်မြန်လက်မြန်ရှေ့သို့ ဦးတည်၍ တရှိန်ထိုး လုပ်ဆောင်သည့် ဟန်ကိုသူ၌ တွေ့မြင်ရသည်။

### သခင်ယေရှုနှင့် တွေ့ဆုံခဲ့ခြင်း

ပေတရုသည် ဗတ္တိဇံဆရာယောဟန်၏ တပည့် (နောက်လိုက်) တစ်ဦး ဖြစ်နိုင်ပါသည်။ ဗတ္တိဇံဆရာယောဟန်သည် သခင်ယေရှုအား ဘုရားသခင်၏ သိုးသငယ်တော်ဟု ပေတရုအား ညွှန်ပြသည့်သူ အဖြစ် ကျွန်ုပ်တို့ သိရှိပါသည်။ ပေတရုသည် သမ္မာကျမ်းစာ၌ ပထမဦးဆုံး အကြိမ်ဖေါ်ပြခံရချိန်သည် သခင်ယေရှုသည် သူ့အား နာမည်အသစ်ပေးခဲ့ချိန်တွင် ဖြစ်သည်။ သူ၏ ပထမနာမည်မှာ ရှိမုန်ဖြစ်ပြီး လူအချို့တို့သည် "ကျူပင်" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြသည်။ ကျူပင်၏ သဘောသဘာဝမှာလေထဲ၌ ရှေ့တိုးနောက်ဆုတ်၊ ယိမ်းယိုင်တတ်သော သဘောဖြစ်သည်။ သခင်ယေရှု သည် သူ့အား ခရစ်ဝင် (၄) ကျမ်းတလျှောက်ရှိမုန် (သို့) ပေတရုဟုခေါ်ဆိုခဲ့ပြီး 'ကျောက်' ဟုအဓိပ္ပါယ်ရှိ သည့် ပေတရုဟူ၍ အမည်သစ်ပေးခဲ့သည်။ (ယော ၁း၃၅-၄၂)

### ပေတရုအား အမည်ပြောင်းလဲခဲ့ခြင်း

ယေရှုသည် ထိုသူကို ကြည့်ရှု၍ သင်သည် ယောန၏ သားရှိမုန်ဖြစ်၍ ကေဖအမည်သစ်ကို ရလတံ့ဟုမိန့်တော်မူ၏။ (ယင်းမှာ ကျောက်ဟုဘာသာပြန်ဆိုထားသည်)။

### အံ့သြဖွယ်ငါးများစွာ ဖမ်းယူရရှိခဲ့ခြင်း

ရံဖန်ရံခါ သမ္မာကျမ်းစာ၌ အံ့သြဖွယ်အကြောင်းအရာများကို ဖတ်ရှုရပြီး ထိုနိမိတ်လက္ခဏာထဲတွင် ဝမ်းမြောက်စွာ နစ်မျှောယင်း နိမိတ်လက္ခဏာထဲတွင် ပါဝင်ခဲ့သူများ၏ အသက်တာများပြောင်းလဲခြင်းကို ကြည့်ရှုလေ့လာရန် ကျွန်ုပ်တို့များစွာမေ့လျော့နေခဲ့ကြသည်။

သခင်ယေရှုမှ ပေတရု၏ လှေအား "တရားဟောပြောသွင်သင်သည့်စင်္ကြန်" အဖြစ်အသုံးပြုခဲ့ သည်။ သူ၏လှေအား ကမ်းစပ်မှ အနည်းငယ်ခွာပေးခဲ့သော အချိန်မှစ၍ သခင်ယေရှုအား စိတ်အားထက်

သန်စွာဖြင့် သူ၏လှေကို အသုံးပြုစေခဲ့သည်။ သူကိုယ်တိုင်လည်း အသုံးခံခဲ့သည်။ သခင်ယေရှုသည် သွန်သင်မှုပြီးဆုံးသွားသည့်အချိန်၌ ပေတရုအား "ရေနက်ရာအရပ်သို့ ရွှေ့ဦးလော့။ ပိုက်ကွန်ကို ချ၍ ငါးကိုအုပ်ဖမ်းလော့" ဟု မိန့်တော်မူခဲ့သည်။ ပေတရုရွေးချယ်မှု တစ်ရပ်ပြုလုပ်ခဲ့ရသည်။ လူသားတစ်ယောက်အနေဖြင့် ထိုကိစ္စမှာ အဓိပ္ပါယ်မရှိသော်လည်း သခင်ယေရှုမိန့်ဆိုသည့်အတိုင်း သူလုပ်ဆောင်နိုင်ပါသည်။ သို့မဟုတ် သူငြင်းဆန်နိုင်သည်။ ပေတရုသည် နာခံရန်ရွေးချယ်ခဲ့သည်။

**ပေတရုနာခံခဲ့ခြင်း**

ပေတရု၏ နာခံခြင်းကြောင့် ဘုရားသခင်၏ အံ့သြဖွယ် သဘာဝလွန် တန်ခိုးတော်အား သူမြင်တွေ့ခဲ့ရသည်။ မိမိ၏ အပြစ်သားအခြေအနေအား သတိပြုမိခဲ့ပြီး သခင်ယေရှုအား အရှင်သခင်အဖြစ် သူအသိအမှတ်ပြုခဲ့သည်။ ( လု ၅ း ၁-၁၁)

**A ကောင်းကြီးမင်္ဂလာခံစားခဲ့ရခြင်း (လု ၅း၆၊ ၇)**

**A ပေတရုအား သခင်ယေရှုခေါ်ယူခဲ့ခြင်း (လု ၅း၈-၁၁)**

**ပေတရုရေပေါ်၌ လမ်းလျှောက်ခြင်း**

သခင်ယေရှုသည် လှေဆီသို့ ဦးတည်၍ ရေပေါ်၌ လမ်းလျှောက်လာနေစဉ် တပည့်တော်များသည် ယေရှုကို တွေ့မြင်ကာ ကြောက်လန့်ခဲ့ကြသည်။ သခင်ယေရှုမှန်း သူတို့မသိရှိခဲ့ကြပါ။ သို့သော် တစ္ဆေဖြစ်သည်ဟု ထင်မှတ်ခဲ့ကြသည်။ ဘုရားသခင်၏ အံ့သြဖွယ် နိမိတ်လက္ခဏာများကို မြင်တွေ့သောအခါ ယုံကြည်သူများစွာတို့၏ ပထမဦးဆုံးတုန့်ပြန်ချက်မှာ ကြောက်ရွံ့ခြင်းဖြစ်သည်။

သခင်ယေရှုသည် အော်ခေါ်၍ "ငါပင်ဖြစ်သည်။ မကြောက်လန့်ကြနှင့်" ဟု မိန့်တော်မူခဲ့သည်။ ထိုအချိန်၌ ပေတရု တစ်ဦးတည်းသာ တုန့်ပြန်မှုပြုခဲ့သည်။ သူသည် လှေပေါ်ကဆင်း၍ ရေပေါ်မှာ လှမ်းသွားခဲ့သည်။ ထို့နောက် ဘေးပါတ်ဝန်းကျင် အခြေအနေများအား လှည့်ကြည့်ကာသံသယဝင်၍ ရေနစ်သွားခဲ့သည်။

သူ၏ မယုံကြည်မှုအတွက် သခင်ယေရှုမှ ပြစ်တင်ကြိမ်းမောင်းခဲ့သည်။ သို့သော် ပေတရုရေပေါ်တွင် လမ်းလျှောက်ခဲ့ကြောင်း သတိပြုရပါမည်။ ပေတရုသည် အန္တရာယ်ရှိသောအခြေအနေသို့ လိုလိုလားလား ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။ ပေတရုသည် နာခံမှုရှိခဲ့သည်။ သခင်ယေရှုသည် "လာခဲ့လော့" ဟုမိန့်တော်မူသောအခါ ပေတရုလှမ်းသွားခဲ့သည်။ (မဿဲ ၁၄း၂၅-၃၃)

## ပေတရုနေရစ်ခဲ့ခြင်း

တပည့်တော်များစွာတို့သည် သခင်ယေရှု၏ လမ်းသည် အလွန်ပင် ခက်ခဲကြောင်း သိရှိရသည့်အတွက် ဆုတ်သွားခဲ့ကြသော်လည်း ပေတရုသည် နောက်မဆုတ် ခဲ့ပါ။ (ယောဟန် ၆း၆၇-၆၉)

## "သင်သည် ခရစ်တော်ဖြစ်သည်"

ပေတရုသည် တပည့်တော် (၁၂) ပါးအနက် အဓိကစကားပြောသူဖြစ်သည်။ သခင်ယေရှုအား အကြိမ်ပေါင်းများစွာ ဖြေကြားခဲ့သူဖြစ်သည်။ ပရောဖက်တစ်ဦးအနေဖြင့် ၎င်းတို့လက်ခံထားသူမှာ မေရှိယဖြစ်ကြောင်း ပေတရုဝန်ခံခဲ့သည်။ (မဿဲ ၁၆း၁၃-၂၀)

သခက်ယေရှုက "သင်သည် ပေတရုဖြစ်သည် သင့်အပေါ်၌ ငါ၏ အသင်းတော်ကို ငါတည်ထောင်မည်" ဟုပြောဆိုခဲ့ခြင်း မဟုတ်ကြောင်း သတိပြုပါ။ သခင်ယေရှုက သင်သည် ပေတရု (လေ၌လွင့်မျှောသော ကျူပင် ရှိမုန်မဟုတ် ကျောက်ခဲတုံးလေးပေတရု) ဖြစ်သည်။ သခင်ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း ဝန်ခံခဲ့သည်။ ဖော်ပြချက်အဖြစ်အပျက်၏ ကြီးမားသော ကျောက်ပေါ်၌ သူ၏အသင်းတော်ကို တည်ထောင်မည်ဖြစ်သည်။

ထို့နောက် သခင်ယေရှုသည် ဆက်လက်၍ ကောင်းကင်နိုင်ငံတော်၏ သော့တို့ကိုပေး၍ ချည်နှောင်ခြင်း၊ ဖြေလွှတ်ခြင်းတန်ခိုးတို့ကိုလည်း ပေးမည်ဖြစ်ကြောင်း တပည့်တော်တို့အား ပြောဆိုခဲ့သည်။ သခင်ယေရှုသည် တပည့်တော်အားလုံးတို့အား မိမိကို ယုံကြည်သူများအနေဖြင့် ပြောဆိုနေခြင်းဖြစ်သည်။

ဤတန်ခိုးနှင့်အခွင့်အာဏာတို့မှာ ပေတရုတစ်ဦးတည်းကိုသာပေးအပ်ခဲ့ခြင်းမဟုတ်ပါ။ ယုံကြည်သူအားလုံးသို့ သူ၏ မဟာစေစားချက်ပြည့်စုံစေရန် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

## သခင်ယေရှုမှ တစ်ကြိမ်ပြစ်တင်ကြိမ်းမောင်းခဲ့သည်

သခင်ယေရှုသည် မည်သူဖြစ်ကြောင်း ဝိညာဉ်တော်အားဖြင့် ပေတရုနားလည်သဘောပေါက်ခဲ့သည်။ ယင်းမှာ လူအားဖြင့်မဟုတ်ဘဲ၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော အဖခမည်းတော်အားဖြင့် ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း၊ အသေသတ်ခြင်းကိုခံရပြီးနောက် ရှင်ပြန်ထမြောက်တော်မူမည်ဖြစ်ကြောင်း စတင်ရှင်းလင်းပြသောအခါ ပေတရုသည် စိတ်ခံစားမှုနယ်ပယ်ထဲရောက်ရှိသွားသည်။ သူ၏ သခင်ယေရှုအပေါ်နားလည်သဘောပေါက်မှုမရှိခြင်းနှင့် သခင်ယေရှုအား ကြိုးစားကာကွယ်လိုသည့်စိတ် ဖြစ်လာခြင်းသည် သူ့အား မကောင်းသောအရာကို တွေးမြင်ဖြစ်ပေါ်စေခဲ့သည်။

ထို့နောက် သခင်ယေရှုမှ သူ့အားပြစ်တင်ကြိမ်းမောင်းခဲ့သည်။ (မဿဲ ၁၆း၂၁-၂၃)

**ယုံကြည်ခြင်းကြီးမားသူ**

ပေတရုသည် ယုံကြည်ခြင်းကြီးမားသူ တစ်ဦးဖြစ်သည်။ သခင်ယေရှုသည် ယာဣရု၏ သမီးငယ်အား အာနာရောဂါငြိမ်းစေသောအခါ ပေတရု၊ ယာကုပ်၊ ယောဟန် တို့မှလွဲ၍ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ခေါ်ဆောင်သွားခဲ့ခြင်းမရှိပါ။

သခင်ယေရှုသည် မိမိအနား၌ သံသယကင်းသော ယုံကြည်သူများရှိနေရမည် ဖြစ်ကြောင်း သိရှိခဲ့သည်။ (မာ ၅း၃၅-၄၂)

**ထူးခြားသော အဆင်းအရောင်နှင့် ပြည့်စုံခြင်းကို သက်သေခံခြင်း**

တပည့်တော် (၁၂) ပါးအနက် ပေတရုသည် အကြိမ်ပေါင်းများစွာ ရွေးချယ်ခြင်းခံခဲ့ရသည်။ ပေတရု၊ ယာကုပ်နှင့်ယောဟန်တို့မှာ သခင်ယေရှု၏ ထူးခြားသောအဆင်းသဏ္ဍာန်ပြောင်းလဲခြင်းကို တွေ့မြင်ခွင့်ရခဲ့ကြသည်။ (မဿဲ ၁၇း၁-၅)

**ပေတရုနှင့် ငါး**

အခွန်ကောက်ခံသူများ ပေတရုထံသို့ ရောက်လာခဲ့ပြီးနောက် ပေတရုသည် သခင်ယေရှုထံသို့ သွားရောက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော်ပေတရုသည် သခင်ယေရှုသာမက သူပါ ဖြေရှင်းရမည့် ပြဿနာနှင့် စပ်လျဉ်း၍ သခင်ယေရှုအား ပြောဆိုရန် ကြောက်ရွံ့ခြင်းမရှိသူဖြစ်သည်။

တဖန် သခင်ယေရှု၏ အံ့သြဖွယ် နမိတ်လက္ခဏာ၌လည်း ပါဝင်ခွင့်ရရှိခဲ့သည်။ သခင်ယေရှုသည် ရှေးဦးစွာရသော ငါးကိုယူ၍ ပစပ်ကို ဖွင့်ပါက သတာတဲတပြားကို တွေ့မည်ဖြစ်ပြီး ထိုငွေဖြင့် အခွန်ဆောင်ရန် ပြောဆိုခဲ့သည်။

တဖန် ထပ်မံ၍ သခင်ယေရှုသည် ပေတရုအား အခြေအမြစ်မရှိသော အရာကို လုပ်ဆောင်ရန် တောင်းဆိုခဲ့ပြီး ပေတရုနာခံခဲ့၍ ကောင်းကြီးမင်္ဂလာရရှိခဲ့သည်။

**ပေတရုကျရှုံးခဲ့ခြင်း**

---

**ပြဿနာ**

သခင်ယေရှုသည် အခြားသူများရှေ့တွင် ပေတရုကို ခေါ်၍ ဖြစ်ပျက်လာမည့် အကြောင်းအရာကို ကြိုတင်၍ သတိပေးခဲ့သည်။

**ယုံကြည်စိတ်ချမှုလွန်ကဲခြင်း**

(လု ၂၂း၃၁-၃၄၊ မဿဲ ၂၆း၃၁-၃၅)

**A ကြွားဝါသော (မဿဲ ၂၆း ၃၁-၃၅)**

## ဂေသရေမန်အရပ်ရှိ ပေတရု

## A သခင်ယေရှုရွေးချယ်ခဲ့သည်

သခင်ယေရှုသည် ဂေသရေမန်ဥယျာဉ်သို့ သူနှင့် အတူ ယာကုပ်၊ ယောဟန်နှင့် ပေတရုအား လိုက်ပါရန် ရွေးချယ်ခဲ့ပြီး "ငါနှင့်အတူစောင့်ကြည့်၍ နေကြလော့" ဟု မိန့်တော်မူခဲ့သည်။ သခင်ယေရှုသည် ဤအချိန်၌ ဆုမတောင်းပါက သူကျရှုံးလိမ့်မည်ဖြစ်ကြောင်းကိုလည်း ထပ်မံ၍ သတိပေးခဲ့သည်။ သို့သော် ရှိမုန်အိပ်ပျော်နေခဲ့သည်။ (မဿဲ ၂၆း၃၆-၄၆)

## A မာလခုနားရွက်ပြတ်ခဲ့ခြင်း

ပေတရုသည် သခင်ယေရှုအတွက် အဘယ်ကြောင့် အသေခံတိုက်ခိုက်လိုစိတ်ရှိရခြင်း အကြောင်းကို သူကိုယ်တိုင် နားလည်သဘောပေါက်နိုင်ခဲ့ဖြစ်သည်။ ထိုလုပ်ဆောင်ချက်သည် ကိုယ်ကာယအသွေးသား၏ လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ (ယော ၁၈း၁၀)

**သခင်ယေရှုအား ပေတရုငြင်းပယ်ခဲ့ခြင်း ( မဿဲ ၂၆း၅၆ - ၅၈၊ မာ ၁၄း၆၆-၇၂)**

ဓမ္မသစ်ကျမ်းစာ၌ ရှင်ပေတရုရေးသားခဲ့သော ကျမ်းစောင် (၂)စောင်သည် ရှင်ပေတရုဩဝါဒစာ ပထမစောင်နှင့် ရှင်ပေတရုဩဝါဒဒုတိယစောင်တို့ဖြစ်သည်။ အချို့သော ကျမ်းပညာရှင်များသည် ရှင်မာကုခရစ်ဝင်ကျမ်း၏ အချို့ကျမ်းပိုဒ်များမှာ ပေတရု၏ ညွှန်ကြားမှုဖြင့် ရေးသားခဲ့ကြောင်း ပြောဆိုခဲ့ကြသည်။ ထိုကျမ်းစောင်၌ ရှင်ပေတရုသည် သခင်ယေရှုအားငြင်းဆန်ခဲ့ပုံကို တိကျရှင်းလင်းစွာ ဖော်ပြထားခဲ့သည်။

ရှင်ပေတရု၏ အကြောင်းအရာများမှာ ဤကိစ္စရပ်၌ အဆုံးသတ်ခဲ့ပါက အမှန်ပင်ဆိုးဝါးသောဖြစ်ရပ် တစ်ရပ်ဖြစ်ခဲ့ပေမည်။ သူသည် ယုဒရှကာရုတ်ထက် အနည်းငယ်သာကောင်းမွန်သူတစ်ဦး အဖြစ် သမိုင်းကြောင်း၌ တွေ့မြင်နိုင်စရာ ဖြစ်ပေမည်။ သို့သော် ဘုရားသခင်၏ ကြီးမြတ်တော်မူသော အပြစ်လွှတ်ခြင်းနှင့် သူ၏ သဘောတရားပြောင်းလဲစေသည့် တန်ခိုးတော်သည် ပေတရု၏ အသက်တာ၌ လှေ့လာခံယူစရာဖြစ်ခဲ့ရသည်။

## ရှင်ပြန်ထမြောက်တော်မူခဲ့သော နံနက်ခင်း

---

မာဂဒလမာရိသည် သင်္ချိုင်းတော်သို့ သွားရောက်ခဲ့ပြီး တွင်းဝ၌ပိတ်သော ကျောက်သည် ရွေ့လျက်ရှိသည်ကို မြင်ခဲ့သောအခါ ရုတ်ချည်းရှင်ယောဟန်နှင့် ပေတရုတို့ထံပြေးသွားခဲ့သည်။ ထို့နောက် သူတို့အတူတကွသင်္ချိုင်းတော်သို့ ပြန်ပြေးလာခဲ့ကြသည်။ (ယော ၂၀း၁၀)

ရှင်မာကုခရစ်ဝင်ကျမ်းအရ သင်္ချိုင်းဂူရှိ အမျိုးသမီးများထံသို့ ကောင်းကင်တမန်တစ်ပါးပေါ်လာပြီး သခင်ယေရှုမိန့်တော်မူခဲ့သည့်နည်းတူ တပည့်တော်များနှင့် ပေတရုတို့အား သခင်ယေရှုသည် ဂါလိလဲပြည်

သို့ကြွတော်မူကြောင်းနှင့် ကိုယ်တော်အား ထိုနေရာ၌ တွေ့မည်ဖြစ်ကြောင်း ကြားပြောစေခဲ့သည်။ (မာ ၁၆း၇)

**ရှင်ပြန်ထမြောက်တော်မူခဲ့သော သခင်အား ပေတရုတွေ့မြင်ခဲ့သည်။**

ပေတရုသည် သခင်ယေရှုရှင်ပြန်ထမြောက်တော်မူခဲ့ပြီးနောက် တပည့်တော်များအနက် ပထမဦးဆုံး သခင်ယေရှုအား တွေ့မြင်ခဲ့သည့် တပည့်တော်ဖြစ်သည်။ လူနှစ်ဦးဧမောက်ရွာသို့ သွားရာလမ်း၌ သခင်ယေရှုနှင့်အတူ လမ်းလျှောက်၍ စကားပြောဆိုခဲ့ကြသော်လည်း သူတို့နှင့်အတူ မုန့်ကို ဖဲ့သည့်တိုင်အောင် သခင်ယေရှုအား မသိရှိခဲ့ကြပါ။ ထိုသူတို့သည် ယေရုရှင်လင်မြို့သို့ တပည့်တော်များအား ပြောပြရန် ပြန်လာခဲ့ကြသည်။ (လု ၂၄း၃၄၊ ၁ကော ၁၅း၃-၅)

**သုံးကြိမ်တိုင်တိုင်ဝန်ခံခြင်း**

သခင်ယေရှုသည် တတိယအကြိမ်တပည့်တော်များအား ကိုယ်ထင်ရှားပြခဲ့သည်။ ဤတစ်ကြိမ်၌ ပေတရုအား တိုက်ရိုက်ဦးတည်ပြောဆိုခဲ့သည်။ (ယော ၂၁း၁၅-၁၉)

ပေတရုသည် သခင်ယေရှုအား (၃) ကြိမ်တိုင်တိုင်ငြင်းပယ်ခဲ့ပြီးနောက် ယခုတဖန် သခင်ယေရှုအား ယခင်ကဲ့သို့ အပြည့်အဝချစ်ခင်ကြောင်း ပြောကြားခဲ့သည်။

**အကျဉ်းချုပ်**

သခင်ယေရှုမိမိအသက်တာအတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့သည့်အချိန်တွင် ပေတရုသည် သာမန်ငါးဖမ်းအလုပ်သမားတစ်ဦးမျှသာ ဖြစ်သည်။ (၃) နှစ်တာကာလမျှ သခင်ယေရှုနှင့် အတူ အခြေခံကျကျ နေ့စဉ် အသက်တာ၌ လျှောက်လှမ်းခြင်းအားဖြင့် အမှုတော်မြတ်အတွက် လေ့ကျင့်ပေးခြင်း ခံခဲ့ရသည်။ ယနေ့ယုံကြည်သူအားလုံးအတွက်လည်း ထိုနည်းတူ မှန်ကန်သည်။ ပေတရုအသက်တာ၏ လျှို့ဝှက်ချက်မှာ ဆက်ကပ်အပ်နှံမှုဖြစ်သည်။ ပေတရုသည် သခင်ယေရှုအား မိမိအသက်တာတစ်ခုလုံးကို လုံးလုံးလျားလျားဆက်ကပ်အပ်နှံခဲ့ပါသည်။ သူ၏လုပ်ငန်း၊ သူ၏မိတ်ဆွေများ သူ၏အချိန်မှအစ အရာအားလုံးကို သခင်ယေရှုအား ဆက်ကပ်အပ်နှံခဲ့သည်။ ဆက်ကပ်အပ်နှသောသူတို့အား ယနေ့ဘုရား ရှင်အသုံးပြုနိုင်ပါသည်။ ကျွန်ုပ်တို့တစ်ဦးချင်းစီအား ဘုရားရှင်သည် အသုံးပြုလိုပါသည်။

## ပြန်လည်သုံးသပ်ရန် မေးခွန်းများ

၁။ သခင်ယေရှုနှင့် ပါတ်သက်၍ ပေတရုရရှိခဲ့သော သဘာဝလွန်ဖွင့်ပြချက်မှာ အဘယ်နည်း?

၂။ ပေတရုယုံကြည်ခြင်း၏ ဥပမာတစ်ခုကို ဖော်ပြပါ။

၃။ ပေတရုကျဆုံးခြင်း၏ ဥပမာများကို ဖော်ပြပါ။

၄။ သခင်ယေရှုအား ပေတရုချစ်ခဲ့ကြောင်း အခိုင်အမာပြောဆိုခဲ့သည့်နည်းတူ သခင်ယေရှုသည် ပေတရုအား မိန့်ဆိုခဲ့သည့် အမိန့်တော် (၃) ခုမှာ အဘယ်နည်း?

# သင်ခန်းစာ (၈)
## ကျောက်ဖြစ်သော ပေတရု

**ပေတရု၏ အမှုတော်လုပ်ငန်းအစ**

ပေတရုသည် ယုံကြည်ခြင်းအရာ၌ ကြီးထွားလာခဲ့သည်။ သခင်ယေရှုအား သူငြင်းပယ်ခဲ့ပြီးသည့် နောက်ပိုင်းတွင် သူ၏ယုံကြည်ခြင်းဘယ်သောအခါမျှ ယုတ်လျော့သွားခြင်းမရှိခဲ့ပါ။ ပင်တေကုတ္တေပွဲနေ့၌ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးကို ရရှိခဲ့သောအခါ ထူးခြားသူတစ်ဦးဖြစ်လာခဲ့သည်။ သူသည် အမှန်ပင် ကျောက်ဖြစ်သော ပေတရုဖြစ်သည်။

ပေတရု၏ အမှုတော်လုပ်ငန်းပုံစံ/ နမူနာသည် ယနေ့ ကျွန်ုပ်တို့အား ဘုရားရှင် အလိုတော်ရှိသည့် ပုံစံ/ နမူနာဖြစ်သည်။ ရှေးဦးစွာ ပေတရုသည် ယေရုရှင်လင်နှင့် ယုဒပြည်၊ ထို့နောက် ရှမာရိပြည်သို့ သွားရောက်သက်သေခံခဲ့ကြောင်း စိတ်ဝင်စားဖွယ် သတိပြုရန် ဖြစ်သည်။ (တမန် ၁း၈)

**အမှုတော်လုပ်ငန်း၏ နေရာ**

ပေတရု၏ အမှုတော်လုပ်ငန်းသည် တပါးအမျိုးသားများထက် ဂျူးလူမျိုးများအပေါ်တွင် ပိုမိုခဲ့သည်။ (ဂလာ ၂း၇-၈)

ဘုရားသခင်သည် သီးခြားလူစုအတွက် ပေတရုအား ခေါ်ယူရွေးကောက်ခဲ့သည့်နည်းတူ ယုံကြည်သူတိုင်းအတွက် အထူးတလည်ဖြစ်သော အမှုတော်လုပ်ငန်းနေရာရှိပါသည်။ အချို့သောသူများသည် အရက်မူးယစ်ဆေးစွဲနေသူများ၊ ပြည့်တန်ဆာများ၊ အိုးမဲ့အိမ်မဲ့ဖြစ်နေသူများ၊ အလွဲသုံးစားပြုလုပ်ခြင်းခံနေရသော အမျိုးသမီးများ (သို့) လုပ်ငန်းကျွမ်းကျင်သူ ပညာရှင်များအကြား အမှုတော်ဆောင်ရန် ခေါ်ယူခြင်းခံခဲ့ကြရသည်။ အချို့သူများမှာ သီးခြားတိုင်းနိုင်ငံများရှိ နိုင်ငံသားများ (သို့) လူမျိုးစုများအကြား အစေခံရန် ခေါ်ယူခြင်းခံခဲ့ကြရသည်။ အရေးကြီးသည့်အချက်မှာ သင်၏ အမှုတော်လုပ်ငန်းအတွက် ဘုရားသခင်၏ အလိုတော်ကို ရှာဖွေတွေ့ရှိရန် ဖြစ်သည်။ ဤသို့ သင်လုပ်ဆောင်သည်နှင့်အမျှ သင်၏ အမှုတော်လုပ်ငန်းတွင် ကြီးမားသော တန်ခိုးနှင့် ထိရောက်မှုကို သင်ကြုံတွေ့ရပေမည်။

**ပထမဦးဆုံးသော တရားဒေသနာ (တမန် ၂း၁၄-၄၁)**

ပင်တေကုတ္တေနေ့၌ ပေတရုသည် အဓိကအရေးကြီးဆုံးဟောကြားသူတစ်ဦး ဖြစ်ခဲ့သည်။ (တမန် ၂း၁၄)

**ပထမဦးဆုံးမှတ်တမ်းတင်ထားခဲ့သော နိမိတ်လက္ခဏာ (တမန် ၃း၁-၁၁)**

ပင်တေကုတ္တေပွဲနေ့ပြီးနောက် ပထမဦးဆုံးအသေးစိပ်မှတ်တမ်းတင်ခဲ့သော တမန်တော်များ လုပ်ဆောင်ခဲ့သည့် နိမိတ်လက္ခဏာ၌ ပေတရုနှင့် ယောဟန်တို့မှာ ထင်ရှားသူများ ဖြစ်ခဲ့ကြသည်။

ထိုလုပ်ဆောင်ချက်သည် ဗိမ္မာန်တော်တံခါး၀၌ ရှိသောလက်ခြေသေသူတစ်ဦးအား အနာရောဂါမှ ငြိမ်းစေခြင်း ဖြစ်သည်။ (တမန် ၃း၁-၉)

**ပထမဦးဆုံးသော နှိပ်စက်ညှဥ်းပမ်းခြင်း (တမန် ၄း )**

ဤနမိတ်လက္ခဏာ၏ အကျိုးရလဒ်တစ်ခုအနေဖြင့် လူများကယ်တင်ခြင်းရရှိခဲ့ပြီး ယုံကြည်သူ (၅၀၀၀) အထိ တိုးပွားလာခဲ့သည်။ ယုဒဘာသာရေးခေါင်းဆောင်များသည် ပေတရုနှင့် ယောဟန်တို့အား ထောင်တွင်း၌ လှောင်ထားခဲ့ပြီးနောက်တစ်နေ့တွင် သူတို့အား စတင်၍ စစ်ကြောမေးမြန်းခဲ့သည်။ ထိုနှိပ်စက်ညှဥ်း ပန်းခြင်း ကာလအတွင်း ပေတရုသည် အဓိကထိပ်တိုက်ပြောဆိုခဲ့သူဖြစ်သည်။ (တမန် ၄း၇-၈)

**ပေတရုသည် အခွင့်အာဏာဖြင့် အမှုတော်ဆောင်ခဲ့သည်။ (တမန် ၅း၁-၁၁)**

အသင်းတော်အား အပြစ်ကျူးလွန်ခြင်းနှင့် လှည့်ဖျားခြင်းတို့မှ ကာကွယ်စောင့်ရှောက်ရန် သန့်ရှင်းသော ၀ိညာဉ်တော်သည် ပေတရုအား အသုံးပြုခဲ့သည်။ (တမန် ၅း၁-၂)

**နှုတ်ကပတ်တော်၏ အသိပညာအားဖြင့် အမှုတော်ဆောင်ခဲ့သည်။ (တမန် ၅း၃-၆)**

**A ရှဖိရေအား အခွင့်အရေးပေးခဲ့သည်**

ပေတရုမှ ရှာဖိရေအား ရိုးသားဖြောင့်မတ်မှုရှိရန် အခွင့်အရေးပေးခဲ့သည်။ (တမန် ၅း၇-၉)

**A ဘုရားရှင်အား ကြောက်ရွံ့လာခဲ့ကြခြင်း (တမန် ၅း၁၀-၁၁)**

ထိုသူများ၌ ဖြစ်ပေါ်လာသောကြောက်ရွံ့ခြင်းသည် ဘုရားသခင်၏ ကြီးမြတ်သော တန်ခိုးတော်နှင့် ဘုရားသခင်သည် သူတို့ထံမှ ဖြောင့်မတ်မှန်ကန်စွာပြောဆိုခြင်းကို တောင်းခံကြောင်း သူတို့နားလည်သဘောပေါက်ခြင်းမှ ဖြစ်ပေါ်လာသော ကြောက်ရွံ့ခြင်းဖြစ်သည်။

**A မကောင်းမှုကို ခွဲခြားသိမြင်ခြင်း**

အသင်းတော်သည် မကောင်းသော ဆိုးညစ်မှုများ အလယ်မှ ကာကွယ်ခြင်းခံရရန် လိုအပ်ပါသည်။ အာနနိနှင့် ရှဖိရေတို့နှင့် စပ်လျဥ်း၍ ပေတရုအား သန့်ရှင်းသော ၀ိညာဉ်တော်သည် သတိပေးသကဲ့သို့ မကောင်းသောအမှုအတွက် တာ၀န်ရှိသူများကို သန့်ရှင်းသော ၀ိညာဉ်တော်သည် သတိပေးလိမ့်မည် ဖြစ်သည်။

ပေတရုသည် နှုတ်ကပတ်တော်အသိပညာ ဆုကျေးဇူးဖြင့် အမှုတော်ဆောင်ခဲ့သည်။ ငွေကြေး၏ လှည့်ဖျားမှုကို သူသိရှိခဲ့သည်။ မိမိ၏ ပိုင်ဆိုင်မှုများကို ရောင်းချရန် မည်သူမျှ မလိုအပ်ပါ။ သူတို့ လုပ်ဆောင်၍ လိမ်ညာခဲ့ခြင်းမှာ ယုံကြည်သူများအကြား တစ်စုံတစ်ခုသော "အဆင့်အတန်းနေရာ" အား လိုလားမှုကြောင့်ဖြစ်သည်။ သူတို့၏ အဓိက အပြစ်မှာ ငွေကြေးအချို့အား ပေးအပ်ရန် ငြင်းဆိုခဲ့ခြင်း မဟုတ်ပါ။ သို့သော် သန့်ရှင်းသော ၀ိညာဉ်တော်အား လှည့်စားခြင်းသာဖြစ်သည်။

အာနနိသေဆုံးချိန်နှင့် သူ၏ ဇနီးသည်ဝင်လာသည့်အချိန်မှာ (၃) နာရီကြာမြင့်ပြီး ထိုအချိန်အတွင်းမည်သည့်အရာဖြစ်ပျက်ခဲ့ကြောင်း သူမအားအဘယ်သူမျှ ပြောဆိုခြင်းမပြုခဲ့သည်မှာ စိတ်ဝင်စားစရာကောင်းပါသည်။ လူအများသည် ဘုရားသခင်၏ တန်ခိုးတော်ကြောင့် အလွန်အံ့သြမိန်းမောနေကြပြီး အပြစ်ဖြစ်စေနိုင်သည့် အရာတစုံတခုကိုမျှ မပြုလုပ်လိုကြတော့ပါ။

**"အရိပ်ဖြင့် အမှုတော်ဆောင်ခြင်း"**

ပေတရုမှ တဆင့်စီးဆင်းနေသည့် ဘုရားသခင်၏ တန်ခိုးတော်သည် အလွန်ကြီးမားသောကြောင့် ၎င်း၏ အရိပ်ပင်လျှင် အနာငြိမ်းခြင်းတန်ခိုးကို ရရှိခဲ့သည်။ (တမန် ၅း၁၄-၁၆)

## အပြည်ပြည်ဆိုင်ရာ အမှုတော်လုပ်ငန်း

ပေတရုသည် ယေရုရှလင်နှင့် ယုဒပြည်ပြင်ပရှိ နေရာဒေသများစွာသို့ ခရီးပြုရ၍ အမှုတော်ဆောင်ခဲ့သည်။

### ရှမာရိပြည် (တမန် ၈း၁၄-၂၅)

**A လူအများဗတ္တိဇံခံယူခဲ့သည်။ (တမန် ၈း၁၄-၁၇)**

ပေတရုနှင့် ယောဟန်တို့သည် လူများအပေါ်လက်တင်ခြင်းဖြင့် ထိုသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံကို ရရှိခဲ့ကြရသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အား ရှေးဦးစွာ ယေရုရှလင် (ဇာတိမြို့)နှင့်(ယုဒပြည်ဇာတိအရပ်ဒေသ) ထို့နောက်မှ ရှမာရိပြည် (ကျွန်ုပ်တို့ အထင်အမြင်သေးသူများ) ထိုနောက်မှ မြေကြီးစွန်းတိုင်အောင် အမှုတော်ဆောင်ရမည်ဟု ပြောဆိုခဲ့သည်။ ပေတရု၏ အမှုတော်လုပ်ငန်းပုံစံကို သတိပြုပါ။

**A ဆိုးညစ်မှုကို ကောင်းစွာသိမြင်ခဲ့သည်။**

ပေတရု၏ လက်မှတဆင့်ထင်ရှားဖော်ပြခဲ့သော တန်ခိုးကို နတ်ဝိဇ္ဇာဆရာရှိမုန်မြင်တွေ့ခဲ့သောအခါ ထိုတန်ခိုးအားဝယ်ယူလိုစိတ်သူ၌ ဖြစ်ပေါ်ခဲ့သည်။ ပေတရု၏ တုံ့ပြန်မှုသည် အဓိကအချက်သို့ တိုက်ရိုက်ညွှန်ပြသည့် အချက်ဖြစ်သည်။ (တမန် ၈း၂၀-၂၃)

ပေတရုသည် ဝိညာဉ်များအကြား ခွဲခြားသိမြင်ခြင်း၊ ဝိညာဉ်ဆုကျေးဇူးဖြင့်အမှုတော်ဆောင်ခဲ့သည်။

### လုဒ္ဒမြို့ (တမန် ၉ း ၃၂ - ၃၅)

ပေတရုသည် ခရီးပြုခဲ့စဉ် သူတွေ့မြင်ခဲ့ရသော သခင်ယေရှု၏ လုပ်ဆောင်မှုများကို လုပ်ဆောင်ခဲ့သည်။ သခင်ယေရှုသည် ပေတရုနှင့် ယုံကြည်သူအားလုံးတို့အား သူလုပ်ဆောင်ခဲ့သည့် လုပ်ငန်းများကို ဆောင်ရွက်ရန် မှာကြားခဲ့ပါသည်။

## A အဲနေအနာငြိမ်းခဲ့သည်

ပေတရုသည် လုဒ္ဒမြို့ရှိ သန့်ရှင်းသူတို့ထံသွားရောက်လည်ပတ်ခဲ့သည်။ ထိုမြို့၌ လက်ခြေသေ၍ အိပ်ယာ၌ (၈) နှစ်ကြာတုံးလုံးနေသော အဲနေအမည်ရှိသူတယောက်ကို တွေ့လျှင် ပေတရုသည် "အဲနေ၊ ထ၍ အိပ်ယာကိုပြင်လော့ " ဟုပြောဆိုသောအခါ ထိုသူသည် ချက်ခြင်းထခဲ့သည်။ ထို့ကြောင့် လုဒ္ဒမြို့နှင့် ရှာရုန်မြို့၌ နေသော သူအပေါင်းတို့သည် ထိုသူကိုမြင်၍ ဘုရားသခင်ထံတော်သို့ ပြောင်းလဲခဲ့ကြသည်။

**ယုပ္ပေမြို့ (တမန် ၉း၃၆-၄၃)**

## A ဒေါ်ကာရှင်ပြန်ထမြောက်ခဲ့သည်

သခင်ယေရှုသည် ယာဣရု၏ သမီးအား သေခြင်းမှ ရှင်ပြန်စေခဲ့စဉ်အခါ ပေတရုလည်းအတူရှိနေခဲ့သည်။ ဘုရားသခင်သည် သူ့အားဖြင့် ဒေါ်ကာကို ရှင်ပြန်ထမြောက်စေလိမ့်မည်ဟု စိတ်ထဲတွင် ခံစားခဲ့ရသောအခါ သခင်ယေရှုလုပ်ဆောင်သည့် အရာကို သူသိရှိခဲ့ပြီး ထိုနည်းတူသူလုပ်ဆောင်ခဲ့သည်။ (တမန် ၉း၃၆-၄၂)

မိဘများနှင့် တပည့်တော် (၃) ဦးမှ လွဲ၍ ကျန်လူအားလုံးတို့အား အခန်းပြင်ပသို့ မည်ကဲ့သို့ ထွက်ခိုင်းကြောင်း သတိရပါသည်။ သခင်ယေရှုသည် ယုံကြည်ခြင်းမရှိသောသူများကို ဖယ်ရှားခဲ့ခြင်းဖြစ်သည်။ ပေတရုသည်လည်း ထိုနည်းတူလုပ်ဆောင်ခဲ့သည်။ ယုံကြည်ခြင်းသည် ဂရုဏာသက်ခြင်းပေါ်တွင် (Functions) လုပ်ဆောင်ခြင်းဖြစ်သော်လည်း သူတစ်ပါး၏ ခံစားချက်ကို မျှဝေနားလည်ခြင်း၏ စိတ်နယ်ပယ် အတွင်း၌ မူတည်၍ ဘယ်သောအခါမျှ (Functions) လုပ်ဆောင်ခြင်းမရှိပါ။ သူတစ်ပါး၏ ခံစားချက်ကို နားလည်ဝေမျှ ခံစား၍ လုပ်ဆောင်ခြင်းဖြင့် လူတိုင်းအား သေခြင်းမှ ရှင်ပြထမြောက်စေနိုင်ပါသည်။ သို့ရာတွင် ဘုရားသခင်၏ အလိုတော်သည် လူတိုင်းသေခြင်းမှ ရှင်ပြန်ထမြောက်စေရန်အတွက် မဟုတ်ပါ။ ဤယုံကြည်ခြင်းနယ်ပယ်တွင် ဘုရားသခင်ထံမှ ရှင်းလင်းသည့် အသံတော်ကို ကြားနာရန် အလွန်အရေးကြီးပါသည်။ သခင်ယေရှုသည် အဖခမည်းတော်လုပ်ဆောင်ခြင်းကို တွေ့မြင်ခဲ့ရသည့် အတိုင်းသာ သူလုပ်ဆောင်ခဲ့ကြောင်းပြောဆိုခဲ့သည်ကို သတိရပါ။ (ပညာ၏ နက်နဲသော နှုတ်ကပတ်တော်ကို ရရှိပြီးဤနည်းဖြင့် ယုံကြည်ခြင်းဆုကျေးဇူးကို ခံစားရသူသာလျှင် သေလွန်သူများကို ရှင်ပြန်စေနိုင်ခဲ့သည်။

ယုံကြည်ခြင်းဆုကျေးဇူးကိုပေးသည့် ဉာဏ်ပညာနှင့် ယှဉ်သော သဘာဝလွန်နှုတ်ကပတ်တော်ကို ခံယူသောသူသာလျှင် သေခြင်းမှ ရှင်ပြန်ထမြောက်နိုင်သည်။ (ယော ၅း၁၉)

**ကဲသရိမြို့ (တမန် ၁၀)**

## A ရူပါရုံ

ပေတရုသည် ယုဒလူမျိုးများကို အစေခံရန် အမိကခေါ်တော်မူခြင်းခံရသည်။ တစ်ပါးအမျိုးသားတို့ထံသို့ လမ်းစဖွင့်ရန်အတွက်လည်း ဘုရားသခင်အသုံးပြုခဲ့သူဖြစ်သည်။ ပေတရုအား ဘုရားသခင်ပေးအပ်ခဲ့သော ရူပါရုံနှင့် ထိုရူပါရုံမှ လာသောသွန်သင်ခြင်းသည် အလွန်ထူးခြားသည့်အရာဖြစ်သည်။အဘယ်ကြောင့်ဆိုသော် ထိုမှတဆင့် ကျွန်ုပ်တို့သိရှိရန် (သို့) နားလည်သဘောပေါက်ရန် လိုအပ်သော အရာများကို သွန်သင်ပေးခြင်းဖြင့် ဘုရားသခင်၏ သစ္စာရှိခြင်းကို ကျွန်ုပ်တို့တွေ့မြင်ပြီး အလိုတော်အားလိုက်လျှောက် နိုင်ရန်ဖြစ်သည်။

ယုဒလူမျိုးတစ်ဦးအနေဖြင့် ပေတရုသည် တပါးအမျိုးသားများအပေါ်ဆန့်ကျင်၍ အမုန်းတရားထားရှိခဲ့ပါသည်။ သူသည် တစ်ပါးအမျိုးသားတစ်ဦးအား မိမိအိမ်သို့ ဝင်ရောက်ခြင်းကို ဘယ်သောအခါမျှ လိုလိုလားလားခွင့်မပြုခဲ့ပါ။ တစ်ပါးအမျိုးသားများ၏ အိမ်သို့လည်း ဘယ်သောအခါမျှ သွားရောက်ခြင်းမပြုခဲ့ပါ။ သို့သော် ဘုရားသခင်သည် ပေတရုအတွက် ထူးခြားသော သာသနာလုပ်ငန်းတစ်ရပ် ရှိခဲ့ပြီး ထိုအမုန်းတရားများကိုလည်း ချိုးဖျက်ခဲ့သည်။ (တမန် ၁၀း၁၀-၂၃)

## A တပါးအမျိုးသားများသည် သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံရရှိခဲ့ကြသည်။ (တမန် ၁၀း၂၄၊၂၅၊၂၇၊၂၈)

သူတို့ ဆက်လက်၍ စကားပြောဆိုခဲ့ကြပြီး ပေတရုက သခင်ယေရှုသည် မည်သူဖြစ်ကြောင်း ထိုသူများအား စတင်၍ ရှင်းပြခဲ့သည်။ (တမန် ၁၀း၄၃-၄၆)

**ပေတရု၏ အစီရင်ခံစာ (တမန် ၁၁း၁-၈)**

ပေတရုသည် လူသား၏ ဓလေ့ထုံးစံများကို ချိုးဖျက်ခဲ့သည်။ အရေဖျားလှီးခြင်းမခံသူများ၏ နေအိမ်သို့ဝင်ရောက်၍ ထိုသူများနှင့် အတူစားသောက်ခဲ့သည်။

ပေတရုသည် အခြားသောတမန်များအား မည်သည့်အရာများ ဖြစ်ပျက်ခဲ့ကြောင်း၊ သူရရှိခဲ့သော ရူပါရုံနှင့် စပ်လျဉ်း၍၎င်း၊ သူ့ထံသို့ လာရောက်သူများနှင့် စပ်လျဉ်း၍၎င်း၊ ထိုသူများထံသို့ မည်ကဲ့သို့ သူသွားရောက်ခဲ့ကြောင်းနှင့် ထိုသို့ကယ်တင်ခြင်း ရရှိပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံခံယူခဲ့ကြောင်း ပြောဆိုခဲ့သည်။ ထို့နောက်သူ ဤကဲ့သို့ အဆုံးသတ်ခဲ့သည် - (တမန် ၁၁း၁၇-၁၈)

ကယ်တင်ခြင်းသည် ကမ္ဘာတဝှမ်းလုံးတွင် နေထိုင်လျက်ရှိသည့် ယုဒလူမျိုးများအတွက် သာမက ကမ္ဘာတဝှမ်းလုံးရှိ လူများအတွက်ဖြစ်ကြောင်း တမန်တော်များ ပထမဦးဆုံးအကြိမ် သဘောပေါက်သိမြင်လာခဲ့ကြသည်။

## ပေတရုထောင်ထဲမှ အံ့သြဖွယ်လွတ်မြောက်ခဲ့ခြင်း (တမန် ၁၂း၁-၁၉)

**အသေသတ်ခံရအံ့ဆဲဆဲအခြေအနေ**

သခင်ယေရှုသည် ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ကို မကြာခဏသီးသန့်ခေါ်ယူခဲ့သည်။ ဟေရုဒ်မင်းသည် ယာကုပ်အား ထားနှင့်ကွပ်မျက်ခဲ့ပြီးနောက် ပေတရုအား ဘမ်းဆီးခဲ့သည်။ ပေတရုသည်လည်း သူအသတ်ခံရမည့်အရာသည် ကောင်းသော အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု တွေးမြင်ခဲ့ပေမည်။

**အသင်းတော်မှ ကြားဝင်ဆုတောင်းပေးခြင်း (တမန် ၁၂း၅-၇)**

**ပေတရုလွတ်မြောက်ခဲ့ခြင်း (တမန် ၁၂း၈-၁၁)**

**အခြားသူများလည်း ဆုတောင်းခဲ့ကြသည် (တမန် ၁၂း၁၂)**

**ဆုတောင်းချက်များအား အဖြေပေးခဲ့သည် (တမန် ၁၂း၁၃-၁၄)**

**မယုံကြည်မှု (တမန် ၁၂း၁၅-၁၆)**

ရံဖန်ရံခါ ထူးခြားသည့် အဖြစ်အပျက်ကို ပြောဆိုခြင်းဖြင့် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ စစ်မှန်သော သတင်းစကားကို အလွယ်တကူလွဲချော်သွားစေတတ်သည်။ ပေတရုသည် ထောင်ထဲမှ အမှန်တကယ်လွတ်မြောက်လာခဲ့ပြီး သူတို့စုဝေးဆုတောင်းရာနေရာသို့ ရောက်လာသောအခါ လူအများအမှန်ပင် ထိတ်လန့်ခဲ့ကြသည်။ “ဎင်းတို့၏ စစ်မှန်သော ယုံကြည်ခြင်းမှာ အဘယ်နည်း?” ဟုကျွန်ုပ်တို့ မေးမြန်းပြောဆိုနိုင်ပါသည်။ သို့သော် သူတို့သည် အလေးအနက် အချိန်ပေး၍ အတူတကွစုစည်းကာ ပေတရုအတွက် ဆုတောင်းခဲ့ကြောင်း ကျွန်ုပ်တို့ နားလည်သဘောပေါက်သင့်ပါသည်။ အကယ်၍ သူတို့ဆုမတောင်းခဲ့ပါက ပေတရုသည်လည်း ရှင်ယာကုပ်ကဲ့သို့ ကွပ်မျက်ခြင်းခံရနိုင်ပါသည်။

**ဟေရုဒ်မင်းသေဆုံးခဲ့ခြင်း (တမန် ၁၂း၁၉-၂၃)**

ဟေရုဒ်မင်းမှ ရှင်ယာကုပ်အားကွပ်မျက်ခဲ့သည်။ ပေတရုကိုလည်း ကွပ်မျက်ရန်သူကြံစည်ခဲ့သည်။ ပေတရုအား လွှတ်ပေးခဲ့သည့် အစောင့်များကိုလည်း ကွပ်မျက်ခဲ့သည်။ သို့သော်များမကြာမှီ ဟေရုဒ်မင်းကိုယ်တိုင်လည်း ကွယ်လွန်ခဲ့ရသည်။ (တမန် ၁၂း၂၁-၂၄)

## ရှင်ပေတရု၏ကွယ်လွန်ခြင်း

ပေတရုကွယ်လွန်ခဲ့ခြင်းနှင့် ပါတ်သက်၍ သမ္မာကျမ်းစာ၌ ကျွန်ုပ်တို့အား တစ်စုံတစ်ရာ ဖော်ပြပြောဆိုခဲ့ခြင်းမရှိပါ။ ထိုကိစ္စနှင့် စပ်လျဉ်း၍ သခင်ယေရှုကြိုတင်ပရောဖက်ပြုခဲ့ကြောင်း ကျွန်ုပ်တို့သိရှိကြသည်။ (ယော ၂၁း ၁၈-၁၉)

အချို့သော ယုံကြည်ချက်များအရ ပေတရုသည် ထောင်ထဲ၌ အံ့သြဖွယ်လွတ်မြောက်ခဲ့ပြီးနောက် ရောမမြို့သို့ တိုက်ရိုက်သွားရောက်ခဲ့ပြီး နီရိုးဘုရင်က ကားတင်သတ်ခဲ့ကြောင်း ပြောဆိုကြသည်။ သူသည် သခင်ယေရှုကဲ့သို့ အသေခံရန် ငြင်းဆန်ခဲ့ပြီး ကားတိုင်တွင် ဦးစောက်ထိုးစိုက်၍ အသေသတ်ခံရန်

တောင်းဆိုခဲ့ကြောင်း ယုံကြည်မှုများလည်း ရှိသည်။ ဤကိစ္စရပ်အတွက် သမ္မာကျမ်းစာ၌ ခိုင်လုံသော သက်သေပြပြောဆိုမှု တစ်စုံတရာမရှိပါ။ ရှင်ပေါလုရောမမြို့၌ ရှိနေကြောင်း ပြောဆိုရေးသားဖော်ပြမှုများ ရှိခဲ့သော်လည်း ပေတရုရောမ၌ ရှိနေကြောင်း (သို့) ရှိနေခဲ့ကြောင်း တစ်စုံတရာဖော်ပြပြောဆိုမှုများ မရှိခဲ့ပါ။

**အကျဉ်းချုပ်**

ပေတရု၏ ဘဝအသက်တာအား လေ့လာသင်ယူခြင်းသည် နိမိတ်လက္ခဏာများအကြောင်းကို လေ့လာသင်ယူမှုပင်ဖြစ်သည်။ ပထမဦးဆုံး နမိတ်လက္ခဏာသည် သူ၏အသက်တာကို ပြောင်းလဲစေပြီး ပထမဦးဆုံးခရစ်တော်နောက်လိုက်ခဲ့သည်။ လူများရှေ့တွင် သခင်ခရစ်တော်ကို ငြင်းပယ်ခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံကို ခံယူခဲ့ပြီး ရုတ်ချည်း ရဲရင့်လာကာ မည်သူတစ်စုံတစ်ယောက်ကိုမျှ ကြောက်လန့်ခြင်းမရှိတော့ပါ။ ထို့အပြင် သေခြင်းတရားကိုပင် ကြောက်လန့်ခြင်း မရှိတော့ပါ။

သခင်ယေရှုသည် နမိတ်လက္ခဏာများ လုပ်ဆောင်ခဲ့ခြင်းကို သူတွေ့ရှိခဲ့ပြီး သူကိုယ်တိုင် နိမိတ်လက္ခဏာများကို လုပ်ဆောင်ခဲ့သည်။ သူ၏ အရိပ်လူများအပေါ်ကျသောအခါ လူအများပြန်လည်ကျန်းမာသည့်တိုင် ပေတရုပေါ်သို့ ဘုရားသခင်သွန်းလောင်းသော ဘိသိပ်တန်ခိုးမှာ အလွန်ပင်ကြီးမားခဲ့သည်။ အသင်းတော်၌ အပြစ်ကို သူဖော်ပြခဲ့ပြီး လူများလဲကျသေဆုံးခဲ့သည်။ ဒေါ်ကာအား သေခြင်းမသူရှင်ပြန်စေခဲ့သည်။ သူသည်ထောင်တွင်း၌ သေဘေးကို ရင်ဆိုင်ခဲ့ရပြီး ဘုရားသခင်သည် ကောင်းကင်တမန် တစ်ဦးစေလွှတ်ကာ သူ့အားလွတ်မြောက်စေခဲ့သည်။ ပေတရုသည် အသက်ရှင်တော်မူသော ထာဝရဘုရားသခင်၏ သဘာဝလွန်အံ့ဩဖွယ်တန်ခိုးတော်ဖြင့် လျှောက်လှမ်းအသက်ရှင်ခဲ့သည့်နည်းတူ ကျွန်ုပ်တို့သည်လည်း ထိုသို့လုပ်ဆောင်နိုင်ပါသည်။

**ပြန်လှန်သုံးသပ်ရန် မေးခွန်းများ**

၁။ ယနေ့သင်၏ အသက်တာ၌ အဓိပ္ပါယ်ရှိသော သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံကို ပေတရုသည် ခံယူခဲ့ပြီးနောက် ပေတရု၏ အသက်တာအားဖြင့် သင်မည်သည့်အရာကို သင်ကြားခံယူခဲ့ရပါ သနည်း?

၂။ အာနနိနှင့် ရှဖိရေတို့ ဘုရာသခင်အား လှည့်စားခဲ့ပြီးနောက် သူတို့ရုတ်တရက်သေဆုံးခဲ့ကြသည်။ ယနေ့အသင်းတော်၌ ထိုနည်းတူ မဖြစ်သည်မှာ အဘယ်ကြောင့်ဟု ထင်သနည်း?

၃။ ကဲသရိမြို့၌ ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များသည် ယနေ့ကျွန်ုပ်တို့အတွက် အဘယ်ကြောင့် အရေးကြီးပါသနည်း?

၄။ ယနေ့သင်၏ အသက်တာ၌ပါ အဓိပ္ပါယ်ရှိသော သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံပြီးနောက် ပေတရု၏ အသက်တာမှ မည်သည့်အရာကို သင်ကြားခံယူခဲ့ရပါသနည်း။

# သင်ခန်းစာ (၉)
## သေလျှင်မူကား သာ၍အကျိုးရှိ၏

တမန်တော်ရှင်ပေါလုသည် သေခြင်းနှင့် ရင်ဆိုင်ခဲ့ရသောအခါ **"ငါအသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏ သေလျှင်မူကားသာ၍ အကျိုးရှိ၏"** (ဖိ ၁း၂၁) ဟုပြောဆိုခဲ့သည်။ သတေဖန်၏ အသက်တာမှ တဆင့် ယုံကြည်သူတစ်ဦးသည် မည်ကဲ့သို့ နှိပ်စက်ညှဉ်းပမ်းခြင်းနှင့် သေခြင်းကို ရင်ဆိုင်ရကြောင်း ကျွန်ုပ်တို့သင်ခန်းစာ ရရှိပါသည်။

**သတေဖန်**

---

**(တမန် ၆၊၇၊၈)**

**သတေဖန် ၊ သင်းထောက်တစ်ဦး**

သတေဖန်သည် နာမည်ကောင်းရှိသူ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝသူ၊ ဉာဏ်ပညာနှင့် ပြည့်ဝတစ်ဦးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအချက်များသည် သင်းထောက်တစ်ဦး၏ အရည်အချင်းများဖြစ်သောကြောင့်ပင်ဖြစ်သည်။ (တမန် ၆း၃)

သူ့အားအသင်းထောက်တစ်ဦးအဖြစ် ရွေးကောက်ခဲ့ပြီးနောက် မဆိုင်းမတွလူများရှေ့၌ အံ့ဩဖွယ် နိမိတ်လက္ခဏာများ စတင်လုပ်ဆောင်ခဲ့သည်။

**A နိမိတ်လက္ခဏာများလုပ်ဆောင်ခဲ့သည်။ (တမန် ၆း၈-၁၅)**

**A ငြင်းခုံခြင်းကြုံတွေ့ခံရသည်။ (တမန် ၆း၉)**

**A ဘုရားသခင်၏ ပညာတော်ရရှိသူဖြစ်သည်။ (တမန် ၆း၁၀)**

**A လိမ်လည်ပြောဆိုသည်ဟု ပြောဆိုခံခဲ့ရသည်။ (တမန် ၆း၁၁)**

**A မှားယွင်းစွာ စွပ်စွဲခံခဲ့ရသည်။ (တမန် ၆း၁၂-၁၄)**

**A ဘုရားသခင်၏ ဘုန်းတော် ရောင်ခြည်တောက်ပစေသည်။ (တမန် ၆း၁၅)**

## သတေဖန်ကွပ်မျက်ခံရသည့် အဖြစ်အပျက်များ

**A ဧဝံဂေလိသတင်းကောင်းဝေမျှခဲ့သည်။**

ယဇ်ပုရောဟိတ်အကြီးအကဲသည် သတေဖန်အား စွပ်စွဲချက်များ မှန်ကန်မှုရှိ/ မရှိ မေးမြန်းခဲ့ရာ သတေဖန်သည် ထိုအခွင့်အရေးကို အရယူခဲ့ပြီး ဧဝံဂေလိသတင်းစကားကို ဝေမျှခဲ့သည်။ သတေဖန်သည် အာဗြံဟံဖြင့် အစပြုခဲ့ပြီး မေရှိယကြွလာမည်ဖြစ်ကြောင်း ပြောဆိုကာ သူ့အား သတ်ဖြတ်ခဲ့သည့် ဘာသာရေးခေါင်းဆောင်များကိုပင် မှားယွင်းကြောင်းစွပ်စွဲပြောဆိုခဲ့သည်။ သူသည် ရဲရင့်စွာ ဖြောင့်မတ်စွာ ဂရုဏာဒေါသဖြင့် ဟောကြားမှုကို အဆုံးသတ်ခဲ့သည်။ (တမန် ၇း၅၁-၅၃)

သခင်ယေရှုသည် တပည့်တော်များအား မည်ကဲ့သို့ ပြန်လည်ဖြေကြားရမည်ကို စဉ်းစားတွေးခေါ်၍ မဖြေကြားရန် ပြောဆိုခဲ့သည်။ ဤကိစ္စအတွက် သတေဖန်သည် အံ့သြဖွယ် စံနမူနာ တစ်ခုဖြစ်ခဲ့ပါသည်။ သူသည် သန့်ရှင်းသော ဝိညာဉ်တော်အား သူ့အထဲသို့ စီးဆင်းစေပြီး သူပြောဆို ရမည့် အရာများကို ပြောဆိုစေသည်။

**A ၎င်းတို့၏ ဒေါသများပေါ်ထွက်လာခဲ့သည်။**

ဘာသာရေးကောင်စီဝင်များနှင့် ယဇ်ပုရောဟိတ်အကြီးအကဲတို့မှာ အလွန်ဒေါသထွက်စိတ်ဆိုး၍ အံသွားခဲကြိတ်ခြင်းကို ပြုကြလေ၏။ (တမန် ၇း၅၄-၆၀)

**A သတေဖန်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခဲ့သည်။ (တမန် ၇း၅၅-၅၆)**

သတေဖန်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်သဖြင့် ကောင်းကင်သို့ စေ့စေ့ကြည့်မျှော်၍ ဘုရားသခင်၏ ဘုန်းတော်ကိုငင်း၊ ဘုရားသခင်၏ လက်ျာတော်ဘက်၌ ရပ်နေသော သခင်ယေရှုကိုငင်း တွေ့မြင်ခဲ့သည်။

**A ခေါင်းဆောင်များ ကြားနာရန် ငြင်းဆန်ခဲ့သည်။ (တမန် ၇း၆၀)**

သတေဖန်သူတို့အား ခွင့်လွှတ်ခဲ့သည်။

**A သတေဖန် မာတုရဖြစ်ခဲ့ခြင်း**

သတေဖန်သည် ပထမဦးဆုံးသော မာတုရဖြစ်ပြီး ကနဦးခရစ်ယာန် (ယုံကြည်သူ) များကို အပြင်း အထန် နှိပ်စက်ညှဉ်းပမ်းခြင်း စတင်သည့်ကာလ၌ ဖြစ်သည်။ သတေဖန်သေဆုံးခြင်းသည် ယုံကြည်သူ များအား ဝေးလံသည့် ဒေသများသို့ ပြန့်လွင့်သွားစေပြီး သူတို့ရောက်ရှိသည့်နေရာတိုင်း၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဟောကြားခဲ့ကြသည်။ (တမန် ၈း၁-၃၊ ၁၁း၁၉-၂၁)

**A ရှောလုအား သက်သေခံခြင်း**

သတေဖန်၏ သေခြင်းသည် တစ်ပါးအမျိုးသားနိုင်ငံများသို့ ဘုရားသခင်အတွက် သက်သေခံ တစ်ဦးအဖြစ် အစေခံရန် ဘုရားသခင်ရွေးချယ်ခဲ့သူတစ်ဦးအား သက်သေခံသည့် ဖြစ်ရပ်တစ်ခုဖြစ်သည်။ (တမန် ၂၂း၂၀)

သတေဖန်သည် မာတုရအဖြစ် အသေခံခဲ့သည့်အချိန်တွင် သူ၏မျက်နှာတွင် ဘုရားသခင်၏ ဘုန်းတော်နှင့်ပီတိသောမနသဖြစ်နေခဲ့ကြောင်း ရှောလုတွေ့မြင်ခဲ့သည်။

ဤသို့အသေခံခြင်းဖြင့် သတေဖန်သည် ရှင်ပေါလု၏ အမှုတော်လုပ်ငန်းမှ တဆင့်ဝိညာဉ်ပေါင်း များစွာကို ရိတ်သိမ်းရရှိစေရန်အတွက် မျိုးစေ့တစ်စေ့ဖြစ်လာခဲ့သည်။

**အကျဉ်းချုပ်**

သတေဖန်သည် တမန်တော်တစ်ဦးမဟုတ်ပါ။ သို့တိုင် နိမိတ်လက္ခဏာများကို သူလုပ်ဆောင် နိုင်ခဲ့သည်။ နိမိတ်လက္ခဏာများသည် တမန်တော်များ (သို့) အမှုတော်လုပ်ငန်းဆိုင်ရာ ဆုကျေးဇူး (၅)

ရပ် အတွင်းရှိ အခြားသူများအတွက်သာ ကန့်သတ်ထားသော အရာမဟုတ်ပါ။ နိမိတ်လက္ခဏာများသည် သတေဖန်၏ အသက်တာ၌ ဆန့်ကျင်မှုကို ဖြစ်စေသည့်နည်းတူ ယနေ့အံ့သြဖွယ် နိမိတ်လက္ခဏာများသည်လည်း ဘာသာရေးခေါင်းဆောင်များနှင့် မယုံကြည်သူများအကြား ရင်ဆိုင်မှုများကို ဖြစ်စေလိမ့်မည် ဖြစ်သည်။ သတေဖန်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ရင်း ဉာဏ်ပညာနှင့်ရင်း လွန်စွာ ပြည့်ဝခဲ့ပြီး ဘာသာရေးခေါင်းဆောင်များသည် သူတို့၏ ယုံကြည်မှုများ အပေါ်ခုခံပြောဆိုသည့်အခါ သတေဖန်၏ ဉာဏ်ပညာနှင့် ၎င်း၏ အထဲတွင် ရှိသော ဘုရားသခင်၏ ဝိညာဉ်တော်ကို ဆန့်ကျင်ရပ်တည်နိုင်စွမ်း မရှိခဲ့ကြပါ။

သတေဖန်၏ ယုံကြည်ခြင်း၊ တန်ခိုးနှင့်ဆန့်ကျင်တိုက်ခိုက်မှုများ၊ သေခြင်း၏ ချိန်းခြောက်မှုများ အကြားမှာပင် ကြောက်လန့်ခြင်းမရှိ သက်သေခံခဲ့ခြင်းသည် မျက်မှောက်ခေတ်ယုံကြည်သူတိုင်းအတွက် စံနမူနာဖြစ်ခဲ့သည်။

## အဘယ်ကြောင့် နှိပ်စက်ညှဉ်းပမ်းခြင်း ကျရောက်လာရသနည်း?

### သန့်ရှင်းလာခြင်း၊ ခွန်အားပြည့်လာခြင်း၊ တိုးပွားမှုဖြစ်လာခြင်း

နှိပ်စက်ညှဉ်းပမ်းခြင်း၊ ကြမ်းတမ်းခက်ခဲခြင်းတို့ဖြင့် အသင်းတော်သည် ဧဝံဂေလိလုပ်ငန်း အတွက် သန့်စင်လာစေခြင်း၊ ခွန်အားပြည့်လာစေခြင်းနှင့် ပိုမိုအားစိုက်လုပ်ဆောင်ခြင်းတို့ ဖြစ်ပေါ်စေခဲ့သည်။ (တမန် ၁၄း၂၁-၂၂)

### တန်ခိုးရှိသော အသင်းတော်အတွက် ချိန်းခြောက်မှု

သန့်ရှင်းသော ဝိညာဉ်တော်၏ ထူးမြတ်သောတန်ခိုးတော် စတင်လှုပ်ရှားသည့် အချိန်တွင် နှိပ်စက်ညှဉ်းပမ်းမှုများလည်း တစ်ပါတည်းပေါ် ပေါက်လာခဲ့ကြောင်း သတေဖန်၏ အသက်တာတွင် ကျွန်ုပ်တို့ တွေ့မြင်နိုင်သည်။ ကနဦးအသင်းတော်၏ ခေတ်ကာလတွင် ထိုနှိပ်စက်ညှဉ်းပမ်းမှုသည် ဘာသာရေး ခေါင်းဆောင်များထံမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ယနေ့တွင်လည်း ထိုနည်းတူ မကြာခဏပေါ်ပေါက် လေ့ရှိပါသည်။

ခရစ်ယာန်ဘာသာအား ချိန်းခြောက်မှု၌ ယုဒဘာသာရေးခေါင်းဆောင်များမှာ ပြဿနာတစ်ရပ် ဖြစ်လာခဲ့သည်။ ယင်းမှာ ဘုရားရှိခိုးကျောင်း၌ ဘုရားသခင်ဘိသိက်ပေးတော်မူခဲ့သော ဝတ်ပြုကိုးကွယ် ခြင်းမှ နံဝိညာဉ်နှင့်ရင်း၊ သစ္စာနှင့်ရင်း ဘုရာသခင်အား ကိုးကွယ်ခြင်းသို့ ပြောင်းလဲရန် ဘုရားသခင်၏ အချိန်ကာလဖြစ်ခဲ့သည်။

ယခုမျက်မှောက်ခေတ်ကာလမှာပင်လျှင် ဘုရားသခင်သည် မိမိအသင်းတော်အား ပြန်လည်ပြုပြင် ပေးနေသကဲ့သို့ အမှုအသစ်များကို လုပ်ဆောင်ပေးနေပါသည်။ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ဘုရား သခင်က မိမိအသင်းတော်၌ ပြောဆိုပြုမူနေသော အရာများသည် မျက်မှောက်ကာလ၌ ကျွန်ုပ်တို့အား

ဖွင့်ပြ၍ လုပ်ဆောင်စေလိုသော အရာများအဖြစ် မလိုအပ်ပါ။ ကျွန်ုပ်တို့၏ အတိတ်မှ ထုံးတမ်းဓလေ့ အဟောင်းများကို ဆက်လက်မကျင့်သုံးဘဲ ဘုရားရှင်နှင့် အတူပြောင်းလဲမှုကို ဆန္ဒရှိရမည်။

ယုံကြည်သူများ၏ တန်ခိုးရှိသော ကိုယ်ခန္ဓာသည် ယနေ့ဆက်ကပ်မှုမရှိသော ခရစ်ယာန်များအဖို့ ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်နေဆဲပင် ဖြစ်သည်။ နှိပ်စက်ညှဥ်းပမ်းမှုများမှာ ဤကဲ့သို့သော အဖွဲ့များ အကြားမှ မကြာခဏ ပေါ်ပေါက်လာသည်။

ဆက်ကပ်ထားသည့် ခရစ်ယာန်များသည် နှစ်ပေါင်းများစွာထိတိုင် တန်ခိုးမရှိသော အသင်းတော် အားရင်ဆိုင်တိုက်ခိုက်နေသည့် မှောင်မိုက်တန်ခိုးနတ်ဆိုးအင်အားစုများအတွက် ခြိမ်းခြောက်မှုတစ်ရပ် လည်းဖြစ်သည်။ နှိပ်စက်ညှဥ်းပန်းခြင်းသည် ဘုရားမဲ့လူ့အဖွဲ့အစည်းမှ ပေါ်ပေါက်လာလိမ့်မည်။

ယုံကြည်သူတိုင်းသည် အံ့ဩဖွယ်နိမိတ်လက္ခဏာများနှင့်အတူ သခင်ယေရှု၏ အမှုတော်လုပ်ငန်း များကို စတင်လုပ်ဆောင်သည့် အချိန်၌ လူထောင်ပေါင်းများစွာတို့ကို ကယ်တင်ခြင်း/ ရရှိစေလိမ့်မည် ဖြစ်သည်။

## နှိပ်စက်ညှဥ်းပမ်းခြင်းအား မည်ကဲ့သို့ ရင်ဆိုင်ကြမည်နည်း?

နှိပ်စက်ညှဥ်းပမ်းခြင်းနယ်ပယ်များသည် ကွဲပြားခြားနားမှုရှိပါသည်။ အချို့သော တိုင်းနိုင်ငံများတွင် ယုံကြည်သူများမှာ ထောင်သွင်းအကျဥ်းခံရရုံသာမက ကွပ်မျက်ခြင်းကိုလည်း ကြုံတွေ့နေကြရသည်။ တခါတရံ နှိပ်စက်ညှဥ်းပမ်းခြင်းသည် အလုပ်ထုတ်ပစ်ခံရခြင်း (သို့) မိသားစုများနှင့် ကွဲကွာခြင်းတို့ဖြစ် သည်။ တခါတရံ အပေါင်းအသင်းမိတ်ဆွေများ ဆုံးရှုံး၍ လူ့အဖွဲ့အစည်းအတွင်း အဆောင်အယောင် ဂုဏ်ဒြပ်ရာထူးအဆင့်အတန်းများ ပျောက်လွင့်သွားခြင်းလည်းဖြစ်သည်။ အခြေအနေတိုင်း၌ သခင်ယေရှု တုန့်ပြန်သည့်နည်းတူ ကျွန်ုပ်တို့ဆောင်ရွက်ကြရပေမည်။ သခင်ယေရှုကားတင်သတ်ဖြတ်ခြင်း ခံခဲ့ရချိန်၌ “အိုအဘ သူတို့၏ အပြစ်ကို လွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကို မသိကြ” ဟု ကားတင် သတ်ဖြတ်နေသူများအတွက် ဆုတောင်းခဲ့သည်။ (မဿဲ ၅း၄၃-၄၅)

သခင်ယေရှုသည် မိမိ၏ အမှုတော်လုပ်ငန်းအတွင်း၌ အပြစ်လွှတ်ခြင်းနှင့် စပ်လျဥ်း၍ များစွာသွန် သင်ထားခဲ့သည်။ သေခြင်းနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်တိုင် မိမိအားသတ်ဖြတ်သူများကို သခင်ယေရှုခွင့် လွှတ်ခဲ့ပါသည်။

### ကျွန်ုပ်တို့၏ စံပြပုဂ္ဂိုလ်သတေဖန်

### A နှိပ်စက်ညှဥ်းပမ်းသူများကို ခွင့်လွှတ်သည်

သတေဖန်ကွပ်မျက်ခံရချိန်၌ သူ၏ ခွင့်လွှတ်ခြင်းသည် ကျွန်ုပ်တို့ခွင့်လွှတ်ရန်အတွက် ကြီးမား သော သင်ခန်းစာတစ်ရပ်ဖြစ်ခဲ့သည်။ ကျွန်ုပ်တို့ အသေခံရသည့်တိုင်အောင် နာကျင်ခံစားခဲ့ကြ ရခြင်း

မရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဘဝတစ်လျှောက်လုံး၌ မည်သည့် နယ်ပယ်ကဏ္ဍတွင်မျှ ခွင့်မလွှတ်နိုင်စရာအကြောင်းမရှိပါ။

အသင်းတော်သမိုင်းတစ်ယောက်တွင် မိမိတို့၏ ယုံကြည်ချက်အတွက် မာတုရအဖြစ် သေဆုံးခဲ့သူများစွာရှိသည်။ သခင်ယေရှုသည် အောက်ပါအတိုင်းပြောဆိုခဲ့ပါသည်။ (ယော ၁၅း၁၃)

## A ရဲရင့်ပါ

ကျွန်ုပ်တို့ယုံကြည်သူများစွာတို့သည် သတေဖန်ကဲ့သို့ ရဲရင့်မှုမျိုးကျွန်ုပ်တို့၌ မရှိပါဟု ပြောဆိုကြသည်။ ရှေးဦးစွာ ကျွန်ုပ်တို့ သတိပြုရမည့်အချက်မှာ သတေဖန်သည် စစ်မှန်သော ဘုရားသခင်၏လူဖြစ်သည်။ သူသည် အသင်းထောက် (၇) ဦးအနက် ရွေးချယ်ခြင်းခံရသူတစ်ဦးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ရိုးသားစွာ အစီရင်ခံသူ၊ သန့်ရှင်းသော ဝိညာဉ်နှင့်ဇင်း၊ ဉာဏ်ပညာနှင့်ဇင်းပြည့်ဝသူဖြစ်သည်။ ထိုစဉ်က "သူ့အားညစ်နွမ်းစေသည့်" ဖုံးကွယ်ထားသော အပြစ်တစ်စုံတရာ မရှိပါ။

သူဒုက္ခဝေဒနာခံစားနေရသောကာလအတွင်း သူ့အားဘုရားသခင်သည် အထူးဆုကျေးဇူးများပေးအပ်ခဲ့သည်။ သေခြင်းနှင့် သူရင်ဆိုင်ကြုံတွေ့နေရသည့်တိုင် ဘုရားသခင်၏ ဘုန်းတော်ကို မြင်တွေ့ခွင့်ရရှိခဲ့သူဖြစ်သည်။ ဘုရားသခင်သည် သူ့အား သခင်ယေရှုကို မြင်တွေ့ခွင့်ပေးခဲ့သည်။

## A ဘုရားသခင်ခွန်အားပေးသည်

ဘုရားရှင်သည် သတေဖန်အား နှိပ်စက်ညှဉ်းပမ်းခြင်းနှင့် အသေသတ်ခံရခြင်းကို ရင်ဆိုင်ရန်ခွန်အားနှင့် နှုတ်ကပတ်တော် ကတိစကားများပေးခဲ့သည်။

ကနဦးခရစ်ယာန်များသည် လူ၏ စကားကို နားမထောင်ဘဲ ဘုရားသခင်၏ စကားကိုနားထောင်ရမည်ဖြစ်ကြောင်း သိရှိခဲ့ကြသည်။ သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခဲ့သော သခင်ယေရှုအကြောင်းကို သူတို့သည် ဆက်လက်သွန်သင်၍ သခင်ယေရှု၏ နာမတော်အားဖြင့် အနာရောဂါငြိမ်းစေကြသည်။

အကယ်၍ ယုံကြည်သူများသည် ဆုတောင်းခြင်း၊ အတူတကွ မိတ်သဟာရဖွဲ့ခြင်းများနှင့်သာကျေနပ်ရောင့်ရဲနေခဲ့ပြီး သူတို့ပါတ်ဝန်းကျင်ရှိ တစ်ပါးသူများအား ဧဝံဂေလိသတင်းကောင်းသွားရောက်ဝေမျှခြင်းမရှိခဲ့ပါက ဘာသာရေးခေါင်းဆောင်များသည် အလေးထားဂရုပြုမိကြမည်မဟုတ်ပါ။ သို့သော်သူတို့၌ မဟာစေစားချက်ရှိပါသည်။ သူတို့သည် လောကကမ္ဘာတဝှမ်းရှိလူများ သခင်ယေရှုခရစ်တော်၏ကယ်တင်ခြင်းကို သိရှိနားလည်၍ ပြောင်းလဲလာစေရန်အတွက် ရွေးကောက်ထားခြင်း ခံခဲ့ရသူများဖြစ်ကြသည်။

## A ဧဝံဂေလိသတင်းကောင်းမှ အငြင်းပွားမှုကို ပေါ်ပေါက်စေသည်

မျက်မှောက်ခေတ်တွင်လည်း အလားတူပင်ဖြစ်သည်။ ကျွန်ုပ်တို့အတူတကွစုဝေး၍ ဆုတောင်းကြကာ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်း၊ မိတ်သဟာရဖွဲ့ခြင်းကို ဆောင်ရွက်နေကြမည်ဆိုပါက

လောကကြီးသည် ကျွန်ုပ်တို့အား ဂရုစိုက်မည်မဟုတ်ပါ။ သို့ရာတွင် သခင်ယေရှုမိန့်တော်မူခဲ့သည့်နည်းတူ ကျွန်ုပ်တို့ စတင်လုပ်ဆောင်သည့် အချိန်၌ ပဋိပက္ခ (အငြင်းပွားမှု) များပေါ်ပေါက်လာပေလိမ့်မည်။ ကျွန်ုပ်တို့သည် ပဋိပက္ခများကို လိုက်လံရှာဖွေခြင်း (သို့) တမင်သက်သက်ပေါ်ပေါက်စေရန် လုပ်ဆောင်ရမည်မဟုတ်ပါ။ သို့သော် ပဋိပက္ခများ ပေါ်ပေါက်လာသည့်အခါ ထိုအရာသည် သခင်ယေရှုခရစ်တော်၏ ဧဝံဂေလိသတင်းကောင်းကို တင်ဆက်ရန် လမ်းစတစ်ခုဖြစ်ပေါ်လာပေလိမ့်မည်။ ထိုအရာကို ကျွန်ုပ်တို့သည် မိမိကိုယ်ကို မှန်ကန်ကြောင်းသက်သေပြသည့်နည်းလမ်းတစ်ရပ်အဖြစ် ဘယ်သောအခါမှ ရှုမြင်ခြင်း မပြုရပါ။ သခင်ယေရှုအတွက် သက်သေခံခြင်း၌ အတ္တအတွက် နေရာမရှိပါ။

**နာမတော်သည် ညှဉ်းပမ်းနှိပ်စက်ခြင်းကို ဖြစ်ပေါ်စေသည်**

ညှဉ်းပမ်းနှိပ်စက်ခြင်းသည် သခင်ယေရှု၏ နောက်လိုက်များအပေါ် ရောက်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ပင်တေကုတ္တေပွဲနေ့နောက်ပိုင်းတွင် သူတို့သည် ရုတ်ချည်းသခင်ယေရှု၏ နာမတော်နှင့်သေခြင်းမှ ပြန်လည်ရှင်ပြန်ထမြောက်တော်မူခဲ့သည့် တန်ခိုးတော်အား ထုတ်ဖော်ကြေငြာခဲ့ကြသောကြောင့် ဖြစ်သည်။ သို့သော် ပေတရုသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခဲ့ပြီး ထိုသူတို့၏ မေးခွန်းများကို ရဲရင့်စွာ ဖြေကြားနိုင်ခဲ့သည်။

ပေတရုနှင့် ယောဟန်တို့သည် ခြိမ်းခြောက်ခြင်း၊ တားမြစ်အမိန့်ပေးခြင်းနှင့် ရိုက်ပုတ်ခြင်းတို့ခံရသည့်တိုင် နောက်မဆုတ်ခဲ့ပါ။ ၎င်းတို့သည် တည့်မတ်စွာ ဆက်လက်၍ သခင်ယေရှု၏ နာမတော်နှင့် ပြန်လည်ရှင်ပြန်ထမြောက်တော်မူခဲ့သော တန်ခိုးတို့ကို ကြေငြာကြဆဲပင် ဖြစ်သည်။

**ပေတရု/ ယောဟန်တို့၏ စံနမူနာများ**

**A ခြောက်လှန့်မှုကို ငြင်းဆန်ခဲ့ကြသည်**

သူတို့အား ခြောက်လှန့်မှုကို အလေးမထားခဲ့ပါ။ ဘာသာရေးခေါင်းဆောင်များသည် သူတို့၏ ရဲရင့်မှုကို တွေ့မြင်သောအခါ လွန်စွာ အံ့အားသင့်၍ ဝေခွဲမရဖြစ်ခဲ့ကြရသည်။ (တမန် ၄း၁၃)

**A အံ့ဩဖွယ်တန်ခိုးတော်နှင့် လုပ်ဆောင်ကြသည်**

(တမန် ၄း၁၆-၁၇)

## အံ့ဩဖွယ်နိမိတ်လက္ခဏာများကို မျှော်လင့်ကြသည်

၎င်းတို့အားဖမ်းဆီးချုပ်နှောင်၍ ထောင်သွင်းအကျဉ်းချထားခဲ့သော်လည်း ညအချိန်၌ ထာဝရဘုရား၏ ကောင်းကင်တမန်တစ်ပါးသည် ၎င်းတို့အားထောင်တွင်းမှ နှုတ်ယူ၍ ဗိမ္ဗာန်တော်ကွက်လပ်၌ ရပ်ကာ လူအများတို့အား ပြီးပြည့်စုံသည့် သတင်းစကားကို ပြောကြားရန် သူတို့အားပြောကြားခဲ့သည်။ သူတို့သည် ထောင်မှလွတ်မြောက်သောအခါ လုံခြုံသည့်နေရာသို့ ထွက်ပြေးခြင်းမရှိကြပါ။ ဗိမ္ဗာန်တော်၏

ကွက်လပ်သို့ ရုတ်ချည်းသွားရောက်၍ အလားတူဧဝံဂေလိသတင်းစကားကို စတင်ဟောပြော နေခဲ့ကြသည်။ ယဇ်ပုရောဟိတ်တို့၏ တရားခုံရုံးသို့ ထပ်မံပို့ဆောင်ခြင်းခံခဲ့ကြရပြီး သေပြစ်ထိုက်ကြောင်း ခြောက်လှန့်ကာ ရိုက်နှက်၍ ပြန်လည်လွှတ်ပေးခဲ့ကြသည်။ သို့သော် သခင်ယေရှု၏ နာမတော်အား ထပ်မံအသုံးမပြုရန်လည်း သတိပေးခြင်းခံကြရသည်။

**A စော့စပ်ကျေအေးခြင်းကို ငြင်းဆိုကြသည်**

စော့စပ်ကျေအေးခြင်းကို သူတို့သည် ငြင်းဆန်ခဲ့ကြသည်။ (တမန် ၅း၄၀-၄၂)

**A ဝမ်းမြောက်ခဲ့ကြသည်**

တမန်တော်တို့သည်လည်း သခင်ယေရှု၏ နာမတော်ကြောင့် မိမိတို့သည် အရှက်ကွဲခြင်းကို ခံထိုက်ကြသည်ဟု မှတ်တော်မူသောကြောင့် ဝမ်းမြောက်သောစိတ်ရှိ၍ လွှတ်တော်မှ ထွက်သွားကြ၏။ ဗိမ္မာန်တော်၌၎င်း၊ အိမ်၌၎င်း၊ နေ့တိုင်း အစဉ်ဆုံးမသွန်သင်လျက် ယေရှုသည် ခရစ်တော်ဖြစ်၏ ဟူ၍ ဧဝံဂေလိတရားကို မပြတ်ဟောပြောလျက် နေကြ၏။

**A နာခံခဲ့သည်**

ကျွန်ုပ်တို့သည် ကြီးမားသော ညှင်းပမ်းနှိပ်စက်ခြင်းနှင့် ကြုံတွေ့ရသည့်တိုင် ဘုရားရှင်အား နာခံကြရမည်ဖြစ်သည်။ (တမန် ၈း၃-၄)

**A ခြေဖဝါး၌ ကပ်သောမြေမှုန့်ကို ခါချကြသည်။ (တမန် ၁၃း၄၉-၅၂)**

**A ငြင်းပယ်မှုမှ လွတ်မြောက်ခြင်း**

သခင်ယေရှုသည် တပည့်တော်တို့အား သူတို့နှင့် သူတို့၏ သတင်းစကားကို ငြင်းပယ်ခြင်းခံရသည့်အခါ သူတို့၏ ခြေမှမြေမှုန့်ကို ခါချလိုက်ရန် အဘယ်ကြောင့် မိန့်တော်မူခဲ့သနည်း?

တပည့်တော်များမှာ အဆိုပါငြင်းပယ်ခြင်းအပေါ် စိုးစဉ်းမျှ ချွင်းချန် အရေးမထားဘဲ အခြားသော မြို့ရွာသို့ သွားရောက်ဟောကြားရန်ဖြစ်သည်။ ငြင်းပယ်ခြင်းမှ လွတ်မြောက်ရန် ကျွန်ုပ်တို့သည် ငြင်းပယ်ခြင်းတွင် ပါဝင်ခဲ့သည့်လူများကို ခွင့်လွှတ်ကာ ထိုအခြေအနေမှ အဝေးသို့ ထွက်ခွာသွားကြရပေမည်။

သူတို့သည် ရုတ်ချည်းဝမ်းမြောက်ခြင်းနှင့်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်၎င်း ပြည့်ဝခဲ့ကြောင်းသတိပြုပါ။

**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ**

၁။ အဘယ်ကြောင့် သတေဖန်နှိပ်စက်ညှဉ်းပန်းခြင်းခံခဲ့ပါသနည်း? သူမည်သည့် အမှားကို ကျူးလွန်ခဲ့သနည်း?

၂။ နှိပ်စက်ညှဉ်းပမ်းခြင်းကို ဖြစ်စေသည့် အရာ (၂) ခုကို ဖော်ပြပါ။ နှိပ်စက်ညှင်းပမ်းမှု ခံရသောအချိန်၌ ကျွန်ုပ်တို့မည်ကဲ့သို့ တုန့်ပြန်သင့်ပါသနည်း?

၃။ နှိပ်စက်ညှဉ်းပမ်းခြင်း၏ အကျိုးရလဒ်များမှာ အဘယ်နည်း? ဥပမာတစ်ခုပေးပါ။

# သင်ခန်းစာ (၁၀)
## ဧဝံဂေလိဆရာ ဖိလိပ္ပု

**ဖိလိပ္ပု၏ အမှုတော်လုပ်ငန်း (The ministry of Philip)**

ဖိလိပ္ပု၏ သင်ခန်းစာသည် ဘုရားသခင်အတွက် ပိုမိုအစေခံလိုသည့် ယုံကြည်သူ သူတို့၏ အမှုတော်လုပ်ငန်း၌ ဘုရားသခင်အား ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် အကြီးမားဆုံးခွန်အား ပေးသည့် သင်ခန်းစာများအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။

ရှေးဦးစွာ ဖိလိပ္ပုသည် ယုံကြည်ခြင်းနှင့်၎င်း သန့်ရှင်းသော ဝိညာဉ်တော်နှင့်၎င်း ပြည့်ဝခဲ့သည်။ ထို့နောက် အသင်းထောက်တစ်ဦးအဖြစ်ခန့်အပ်ခြင်းခံခဲ့ရပြီးနောက်ဆုံး၌ ဧဝံဂေလိဆရာတစ်ဦးဖြစ်လာခဲ့သည်။

လူသားတစ်ဦး၏ စိတ်နှလုံးတွင်းရှိ စိတ်ဆန္ဒများကို ဘုရားရှင်သိမြင်တော်မူပါသည်။ သခင်ယေရှုနှင့် ပို၍ပို၍တူလာနိုင်ရန် ပြောင်းလဲလိုပါလျှင် ထိုဆန္ဒများ ကျွန်ုပ်တို့၏ အသက်တာ၌ ပြည့်ဝလာစေရန်ဘုရားရှင်မှ နည်းလမ်းတစ်ခုပြင်ဆင်ပေးပါသည်။

**အသင်းထောက်တစ်ဦး (တမန် ၆း၁-၇) A Deacon**

(တမန် ၆း၅) သတေဖန်အား ရွေးချယ်ခဲ့သည့်နည်းတူ အသင်းထောက်တစ်ဦးအဖြစ် ဤသို့ ရွေးချယ်မှုခံရခြင်းမှာ ဖိလိပ္ပုသည် ဂုဏ်သတင်းကျော်ဇောသူ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝသူနှင့် ဉာဏ်ပညာရှိသူ တစ်ဦးဖြစ်ကြောင်း ဆိုလိုပါသည်။

**ဧဝံဂေလိဆရာတစ်ဦး An Evanglist**

ဖိလိပ္ပိုနှင့် ပါတ်သက်၍ နောက်ဆုံးဖော်ပြချက်၌၎င်း၏ လုပ်ငန်းတာဝန်မှာ ဧဝံဂေလိဆရာတစ်ဦး အနေဖြင့် ဖြစ်သည်။ ဖိလိပ္ပုသည် ဘုရားသခင်အတွက် သစ္စာရှိစွာဖြင့် သင်းထောက်တစ်ဦးအနေဖြင့် ဆက်လက်အမှုတော်ဆောင်ခဲ့ပြီးနောက် အမှုတော်လုပ်ငန်းဆိုင်ရာ ဆုကျေးဇူး (၅) ရပ်၌ ဧဝံဂေလိဆရာတစ်ဦး၏ တာဝန်ဖြင့် အမှုတော်ဆောင်ရန် ခေါ်ယူခြင်းခံခဲ့ရသည်။ (တမန် ၂၁း၈)

သတေဖန်အား ကွပ်မျက်ခဲ့ပြီးနောက် ယုဒဘာသာရေးခေါင်းဆောင်များသည် ခရစ်ယာန်များအား အပြင်းအထန်စတင်ညှင်းပမ်းနှိပ်စက်ခဲ့ရာသူတို့သည် မိမိတို့နှင့် ရင်းနှီးသည့် ဒေသများစွာသို့ ထွက်ပြေးခဲ့ကြသည်။ ယင်းမှာပထမဦးဆုံးသော သာသနာပြုလှုပ်ရှားမှု၏ အစပင်ဖြစ်သည်။ ယေရုရှလင်မြို့မှ ထွက်ပြေးလာကြသည့် ယုံကြည်သူများသည် နေရာအနှံ့အပြားသို့ ရောက်ရှိကာ သခင်ယေရှု၏ နာမတော်နှင့် ရှင်ပြန်ထမြောက်တော်မူခဲ့သည့် တန်ခိုးတော်အား ဟောကြားလျက်ရှိကြသည်။ (တမန် ၈း၄)

ဖိလိပ္ပု၏ အမှုတော်လုပ်ငန်းသည် ဝိညာဉ်တော်နှင့်ပြည့်ဝသည့် သဲထိပ်ရင်ဖိုအမျိုးမျိုးအဖုံဖုံသော အမှုတော်လုပ်ငန်းများအနက် စံပြုထိုက်သော အမှုတော်လုပ်ငန်းဖြစ်သည်။

## ရှမာရိပြည်သို့ အစပြုခြင်း (တမန် ၈း၄-၂၅) First to Samavia

သခင်ယေရှုသည် ယုံကြည်သူများအား ရှေးဦးစွာယေရုရှလင်၊ ထို့နောက် ရှမာရိပြည်နှင့်နောက်မှ မြေကြီးစွန်းတိုင်အောင် သွားရောက်ဟောကြားရန် ညွှန်ကြားခဲ့သည်။ ဖိလိပ္ပုသည် ဤမိန့်ဆိုချက်၏ ဒုတိယ အပိုင်းကို ပထမဦးဆုံးနာခံခဲ့သူအဖြစ် ကျွန်ုပ်တို့သိရှိခဲ့သည်။ သူသည် ရှမာရိပြည်သို့ သွားရောက်ခဲ့ပြီး လူများအား သခင်ခရစ်တော်အကြောင်းဟောပြောခဲ့သည်။ (တမန် ၈း၄-၈)

## A နိမိတ်လက္ခဏာများ The Miracles

ဤသို့တန်ခိုးနှင့် ပြည့်ဝသော ဟောကြားသူထံသို့ အများလာရောက်နားထောင်ကြသည်။ အဘယ်ကြောင့်ဆိုသော်သူ၏ အမှုတော်လုပ်ငန်း၌ အံ့ဩဖွယ်နိမိတ်လက္ခဏာများ လိုက်ပါခဲ့သောကြောင့် ဖြစ်သည်။

- A ခြေမစွမ်းသူများပြန်လည်ကျန်းမာခဲ့သည်။
- A လူအများမျက်စိပြန်မြင်ခြင်း၊ နားပြန်လည်ကြားခြင်းစသည့် နိမိတ်လက္ခဏာများ ဖြစ်ပျက်ခဲ့သည်။
- A သူ၏စကားများကို ထိုသူတို့နားထောင်ခဲ့ကြသည်။
- A မြို့တော်၌ ကြီးမားသော ဝမ်းမြောက်ခြင်းဖြစ်ပေါ်ခဲ့သည်။

## A သတင်းစကား The Message

အံ့ဩဖွယ်ရာနိမိတ်လက္ခဏာများသည် လူထု၏ အာရုံကို ဖမ်းစားခဲ့သည်။ သို့သော် ဖိလိပ္ပု၏ သတင်းစကားမှာ ဘုရားသခင်၏ နိုင်ငံတော်နှင့် သခင်ယေရှု၏ နာမတော်ဖြစ်သည်။ (တမန် ၈း၁၂)

## A အကျိုးရလဒ်များ (တမန် ၈း၁၄-၁၇) The results

ဖိလိပ္ပုမှ “ကျွန်ုပ်သည် အသင်းထောက်တစ်ဦးဖြစ်သည်။ ကျွန်ုပ်သည် အစားအသောက်များ ဖြန့်ဝေခွင့်ရှိသူဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်အား ဟောကြားရန် ခေါ်ယူခဲ့ခြင်းမဟုတ်ပါ” ဟု မပြောဆိုခဲ့ပါ။

နိမိတ်လက္ခဏာများသည် ဧဝံဂေလိသတင်းကောင်းဟောကြားရန် လမ်းစဖြစ်ခဲ့ပြီး လူများစွာတို့အား ကယ်တင်ခြင်းရရှိစေခဲ့သည်။ ဧဝံဂေလိလုပ်ငန်းအတွက် ဘုရားသခင်၏ အစီအစဉ်မှာ ပြောင်းလဲမှု မရှိပါ။ ယုံကြည်သူတိုင်းသည် ယခုထိတိုင်အံ့ဩဖွယ်ရာနိမိတ်လက္ခဏာများကို လုပ်ဆောင်ရန်၊ သခင်ယေရှု

လုပ်ဆောင်သည့် အမှုတော်လုပ်ငန်းများကို လုပ်ဆောင်ရန်နှင့် ဘုရားသခင့်နိုင်ငံတော်၏ သတင်းကောင်းများကို ဟောကြားရန် ဖြစ်သည်။

## နာခံခြင်း၏ စံနမူနာတစ်ရပ် (တမန် ၈း၂၆-၄၀)

ကောင်းကင်တမန် တစ်ပါးဖိလိပ္ပုထံပေါ်လာ၍ တောင်အရပ်သို့ သွားရန် ပြောဆိုခဲ့သည်။ ဖိလိပ္ပုသည် နမိလက္ခဏာထဲတွင် လျှောက်သွားခဲ့သည်။ သူသည်လုပ်ဆောင်မည့် အတိုင်းအတာကို ပုံဖော်စောင့်ဆိုင်းခြင်းမရှိပါ။ ကောင်းကင်တမန်တစ်ပါးပေါ်လာပြီး တောင်ဖက်သို့သွားရန် ပြောဆိုခဲ့ရာ ဖိလိပ္ပုနာခံ၍ ထွက်သွားခဲ့သည်။ ထိုအရပ်သို့ရောက်သောအခါ မည်သည့်အလုပ်ကို လုပ်ဆောင်ရမည်ဖြစ်ကြောင်းကောင်းကင်တမန်သည် ပြည့်စုံစွာ ပြောဆိုခဲ့ခြင်းမရှိပါ။ (တမန် ၈း၂၆၊ ၈း၂၇-၂၈)

ကျွန်ုပ်တို့လည်း အဘယ်ကြောင့်သွားနေရမှန်း နားလည်သဘောပေါက်ခြင်းမရှိသည့်တိုင် ဘုရားရှင်၏ အမိန့်တော်အား လျှင်မြန်စွာနာခံကြရပေမည်။ ဤအဖြစ်အပျက်၌ ဘုရားသခင်၏ အံ့ဝင်ဂွင်ကျ ချိန်သားကိုက်လုပ်ဆောင်ခြင်း၏ အရေးကြီးပုံကိုလည်း ကျွန်ုပ်တို့တွေ့မြင်ရသည်။ အကယ်၍ ဖိလိပ္ပုစောင့်ဆိုင်းဖင့်နွဲ့နေမည်ဆိုပါက ဤအခွင့်အရေးတစ်ရပ်အား သူလက်လွှတ်ဆုံးရှုံးခဲ့ရပေမည်။

## အဲသရောပိပြည်သားတစ်ဦးအား အစေခံအမှုဆောင်ခဲ့သည်။ Ministered to Ethiopian

အဲသရောပိပြည်သားတစ်ဦးရထားနှင့်ရောက်စဉ် ဝိညာဉ်တော်သည် "ချဉ်းကပ်မှီဝဲလော့" ဟုပြောဆိုခဲ့သည်။ မည်သည့်အရာဖြစ်လာမည်ကို တိကျရှင်းလင်းသော ပုံဖော်မှု ဖိလိပ္ပုလက်ခံရရှိသည်ဟု မှတ်တမ်းတင်ထားခြင်းမရှိပါ။ သူ့အား ဘုရားသခင်သည် ဤအရာအားလုံး လုပ်ဆောင်ပါဟုသာ ပြောဆိုခဲ့သည့်အတိုင်း သူနာခံခဲ့သည်။ (တမန် ၈း၂၉၊ တမန် ၈း၃၀)

နောက်ဆုံးတွင် ထိုသူမှာ ပရောဖက်ဟေရှာယကျမ်းစာကို ဖတ်ရှုနေကြောင်း ဖိလိပ္ပုကြားသိခဲ့ပြီး မည်သည့်အရာ လုပ်ဆောင်ရမည်ကို သိရှိသွားခဲ့သည်။ (တမန် ၈း၃၅)

## ရေ၌ ဗတ္တိဇံခံယူခြင်းသည် အရေးကြီးပါသည်။ (တမန် ၈း၃၆-၃၈) Water Baptism Important

ရေ၌ ဗတ္တိဇံခံယူခြင်းသည် သခင်ယေရှု၏ အသေခံတော်မူခြင်း၊ သင်္ဂြိုလ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့တွင် ကျွန်ုပ်တို့အတူပါဝင်ကြောင်း သက်သေပြသည့်အချက်တစ်ချက်ဖြစ်သည်။ ယင်းမှာ ကျွန်ုပ်တို့၏ "အတ္တလူဟောင်း" သည် သေလွန်ပြီး "အသစ်သော ဖန်ဆင်းခြင်း" တစ်ရပ်အဖြစ်ပြန်လည်ရှင်ပြန်ထမြောက်ခြင်းကို ပုံဆောင်မှုဖြစ်ပါသည်။ (ဂလာ ၂း၂၀)

## ဖိလိပ္ပုအား ဆောင်ယူသွားခဲ့သည်။ (တမန် ၈း၃၉) Philio transported

အဲသရောပိလူနှင့် တည်ရှိနေခဲ့ရာမှ အာဇုတ်မြို့၌ ဖိလိပ္ပုပေါ်လာခဲ့သည်။ သူ့အားချန်ရစ်ထားရှိခဲ့သည့် နေရာမှစ၍ ဧဝံဂေလိတရားကို အစဉ်အတိုင်းဟောကြားနေခဲ့သည်။ (တမန် ၈း၄၀)

## ဓမ္မသစ်ကာလအမှုတော်လုပ်ငန်း၏ ပုံစံ

**အစေခံခြင်း**

ဓမ္မသစ်ကာလအမှုတော်လုပ်ငန်း၌ စီးမျှောပါဝင်အစေခံလိုသည့် ယုံကြည်သူတိုင်းအတွက် ဖိလိပ္ပုမှာ စံပြနမူနာပြုထိုက်သူဖြစ်သည်။ ရှေးဦးစွာသူသည် အစေခံတစ်ဦးကဲ့သို့သော အခြေအနေ၌ နာခံမှုရှိခဲ့သည်။ အသင်းထောက်တစ်ဦးဖြစ်ခြင်းသည် အစေခံခြင်း၏ အဆင့်အတန်းတစ်ရပ်ဖြစ်သည်။ ဖိလိပ္ပုသည် သခင်ယေရှု၏ အစေခံတစ်ဦးဖြစ်ရန် သွင်သင်မှု၏ ဖြည့်ဆည်းမှုတစ်ရပ်ဖြစ်သည်။ (ယော ၁၃း၁၄-၁၆)

**အံ့သြဖွယ်ရာများနှင့် နိမိတ်လက္ခဏာများ** Sign and Wonders

ကျွန်ုပ်တို့သည် အံ့သြဖွယ်ရာ နိမိတ်လက္ခဏာများဖြင့် အမှုတော်ဆောင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဖိနှိပ်ခြင်းခံနေရသူများအား လွတ်မြောက်ခြင်းရစေရန် အမှုတော်ဆောင်ကြရပေမည်။(တမန်၈း၆-၈)

**ယုံကြည်မှုတည်ဆောက်ခြင်း** Build faith

အံ့သြဖွယ်ရာ နိမိတ်လက္ခဏာများသည် ကယ်တင်ခြင်းရရန်အတွက် ယုံကြည်မှုကို ဖြစ်ပေါ်စေသည်။ ယုံကြည်သူလူသစ်များသည် သခင်ယေရှုခရစ်တော်နှင့် လုံးလုံးလျားလျားနီးကပ်စွာဆက်နွယ်မှုကို သက်သေပြသည့်လုပ်ရပ်တစ်ခုအနေဖြင့် ဗတ္တိဇံခံယူခဲ့ကြသည်။ (တမန် ၈း၃၆၊ တမန် ၁၀း၄၇)

**သန့်ရှင်းဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်း** Baptised in the Holy Spirit

ယုံကြည်သူအားလုံးတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံယူရရှိရန် အရေးကြီးသည်။ သူတို့သည်လည်း သခင်ယေရှုခရစ်တော်အတွက် ဤအသစ်သော တန်ခိုးအားဖြင့် နိမိတ်လက္ခဏာသက်သေကို လုပ်ဆောင်သောသူများ ဖြစ်ပါလိမ့်မည်။

**အဖွဲ့လိုက်အမှုတော်ဆောင်လုပ်ငန်း** Team ministry

ရှမာရိလူမျိုးများ သခင်ယေရှုအားလက်ခံကြကြောင်း တမန်တော်များကြား သိသောအခါ သူတို့ကို ကူညီရန် ရောက်လာခဲ့ကြသည်။ ဖိလိပ္ပုသည် အဖွဲ့လိုက် အမှုတော်ထမ်းဆောင်ရန် လိုအပ်ကြောင်း သိမှတ်ခဲ့သည်။ ရှမာရိပြည်၌ တမန်တော်များနှင့် ဆိုင်သည့်အဖွဲ့၏ အမှုတော်ဆောင်လုပ်ငန်းအားဖြင့် အုတ်မြစ်ချလုပ်ဆောင်ရန်လိုအပ်ကြောင်း သူသိရှိခဲ့သည်။ သူသည်တစ်ဦးတည်းလုပ်ဆောင်ခြင်း မပြုခဲ့ဘဲ မိခင်အသင်းတော်ရှိ အသက်ကြီးသူတို့ထံ အပ်နှံဆက်ကပ်ခဲ့ပြီး အမှုတော်လုပ်ငန်းဆိုင်ရာ ဆုကျေးဇူး (၅) ရပ်တွင် ပါဝင်သော အခြားသူများ နှင့်အတူတကွ ဟန်ချက်ညီညီ ပါဝင်အစေခံလုပ်ဆောင်ခဲ့သည်။

## နောင်အနှစ် (၂၀) ကြာသောအခါ

နောင်အနှစ် (၂၀) ကြာမြင့်သောအခါ ဖိလိပ္ပု၏ အကြောင်းအရာကို နောက်ထပ်တစ်ကြိမ် ကျွန်ုပ်တို့အား ထပ်မံပြောဆိုခဲ့သည်။ တမန်တော်ရှင်ပေါလုခရီးသွားစဉ် ဧဝံဂေလိဆရာ ဖိလိပ္ပု၏ အိမ်၌ တည်းခိုခဲ့သည်။ (တမန် ၂၁း၈-၉)

## အကျဉ်းချုပ်

ဖိလိပ္ပုသည် သာမန်လူဝတ်ကြောင်တစ်ဦးဖြစ်သည်။ ထို့နောက်အသင်းထောက် (၇) ဦးရွေးချယ်ရာ၌ပါဝင်ခဲ့သည်။ ဤသို့ရွေးချယ်ခြင်းခံခဲ့ရပြီးသည့်နောက် ဧဝံဂေလိဆရာတစ်ဦးဖြစ်လာခဲ့သည်။

ဖိလိပ္ပုသည် ဘုရားသခင်အား သစ္စာရှိစွာ နာခံသူဖြစ်သည်။ ရှေးဦးစွာ စားပွဲများ၌ အသင်းထောက် တစ်ဦးအနေဖြင့် အစေခံခဲ့သည်။ ထို့နောက် နိမိတ်လက္ခဏာများပါဝင်သော ဧဝံဂေလိအမှုဆောင်သို့ ရွှေ့ပြောင်းပါဝင်အစေခံခဲ့သည်။ ထို့နောက် ကောင်းကင်တမန်ညွှန်ပြသည့်လမ်းသို့ နာခံ၍ ထွက်ခွာလာခဲ့ပြီး သန့်ရှင်းသောဝိညာဉ်တော်မှ ထပ်ဆင့်လုပ်ဆောင်ရမည့် အရာကို လမ်းညွှန်သည် အထိစောင့်ဆိုင်း နေခဲ့သည်။ အဲသရောပိလူတစ်ဦးအား သခင်ယေရှုထံသို့ ဦးဆောင်လမ်းညွှန် ဗတ္တိဇံပေးခဲ့ပြီး အခြားသော ဒေသတစ်ခုသို့ ထူးဆန်းစွာရွှေ့ပြောင်းသွားခဲ့သည်။

ထို့နောက်နောင်နှစ်ပေါင်း (၂၀) ကြာမြင့်သည့်တိုင်အောင် ဧဝံဂေလိဆရာတစ်ဦးအနေဖြင့် ကဲသရိမြို့၌ သမီး (၄) ယောက်နှင့်အတူ အမှုတော်ဆောင်နေခဲ့ကြောင်း ကျွန်ုပ်တို့သိရှိခဲ့ရသည်။ သူသည် ဆက်လက်၍ ဘုရားရှင်အပေါ်၌ သစ္စာရှိနေဆဲပင်ဖြစ်သည်။

ဧဝံဂေလိဆရာ ဖိလိပ္ပု၏ အကြောင်းအား ပိုမိုနက်နဲစွာ လေ့လာလိုပါက John Ezekiel ရေးသားသော Miracle Evangelism Study Guide တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

## ပြန်လည်သုံးသပ်ရန် မေးခွန်းများ

၁။ ဖိလိပ္ပု၏ ပထမဦးဆုံးသော အမှုတော်လုပ်ငန်းမှာ အဘယ်နည်း?

၂။ ဖိလိပ္ပု၏ အသက်တာ၌ အသင်းထောက်တစ်ဦးမှ ဧဝံဂေလိဆရာတစ်ဦးအဖြစ်သို့ ရောက်ရှိစေသည့် အဆင့်များမှာ အဘယ်နည်း?

၃။ မျက်မှောက်ခေတ်အမှုတော်ဆောင်လုပ်ငန်း၌ ကျွန်ုပ်တို့၏ နေရာအားတွေ့ရှိရန်အတွက် ဖိလိပ္ပု၏ စံနမူနာမှာ အဘယ်နည်း?

# သန်ခန်းစာ (၁၁)
## ရှောလု၏ပြောင်းလဲခြင်း

**ရှင်ပေါလု၏နောက်ခံသမိုင်း**

ဓမ္မသစ်ကျမ်းစာအတွင်း ရှင်ပေါလုရေးသားဖော်ပြခဲ့သည့် ကျမ်းစောင်များစွာ၌ ဖော်ပြခဲ့သည့် တမန်တော်ရှင်ပေါလု၏ နောက်ခံသမိုင်းသည် စိတ်ဝင်စားဖွယ်ကောင်းပါသည်။ သူသည် ရောမနိုင်ငံသား ယုဒလူမျိုးတစ်ဦးဖြစ်ပြီး ဟေလသနိုင်ငံ၏ မြို့တော်ဖြစ်သော တာရှုမြို့တော်၌ ကြီးပြင်းလာခဲ့သူဖြစ်သည်။

သူသည် ယုဒဘာသာ၏ သွန်သင်မှုများအောက်၌ လေ့ကျင့်ပြုစုပျိုးထောင်ခံခဲ့ရသူ ဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိကြပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် ဖာရိရှဲတစ်ဦးဖြစ်လာသောကြောင့် ပင်ဖြစ်သည်။ သူ၏ကျမ်းစောင်များမှ သူသည် ဂရိ (ဟေလသ)ယဉ်ကျေးမှုကို ကောင်းစွာသိကျွမ်းနားလည် သဘောပေါက်ပြီး ရောမတို့၏ ဉာဏ်ပညာလည်းပိုင်ဆိုင်သူ ဖြစ်သည်။ သူသည်ဂရိ (ဟေလသ)ဘာသာနှင့် လက်တင်ဘာသာကို ကောင်းစွာပြောဆိုနိုင်ခဲ့ချေရှိပါသည်။ သူသည် ပညာတတ်တစ်ယောက်ဖြစ်သည်။

သူမပြောင်းလဲမှီအချိန်မှာပင် သူသည် များစွာခရီးပြုခဲ့သူတစ်ဦးဖြစ်သည်။ ရှောလုမှာ ယုဒလူမျိုး၏ နာမည်ဖြစ်ပြီး ပေါလုသည် ရောမဘာသာစကားဖြင့် ထိုနာမည်ကို အမျိုးအမည်ပြောင်းလဲ မှည့်ခေါ်ခြင်း ဖြစ်ဟန်တူပါသည်။ သမ္မာကျမ်းစာ၌ ပြောင်းလဲခဲ့သည့်ကာလတိုင်အောင် ရှောလုဟူ၍ ခေါ်ဆိုခဲ့ပြီး နောက်ပိုင်းတွင် ပေါလုဟူ၍ အများဆုံးခေါ်တွင်ခဲ့သည်။

ရှင်ပေါလု၏ နောက်သမိုင်းနောက်ခံကြောင့် သူ့အားတမန်တော်တစ်ဦးအနေဖြင့် သူ့အသက်တာ တွင် ဘုရားသခင်ခေါ်ယူခြင်းသည် တစ်ပါးအမျိုးသားများအတွက် စံပြုလောက်အောင်သင့်လျှော်ခဲ့သည်။ အောက်ပါကျမ်းပိုဒ်များမှ ရှင်ပေါလု၏ သမိုင်းနောက်ခံ အသေးစိတ်အချက်အလက်အချို့အား ကျွန်ုပ်တို့ သိရှိနိုင်ပါသည်။

**တာရှုမြို့မှယုဒလူမျိုး**

**(တမန် ၂၁ း ၃၉ ) ရှင်ပေါလုကလည်း “အကျွန်ုပ်သည် ကိလိပြည်တာရှုမြို့၌ မွေးဖွားသော ယုဒလူဖြစ်ပါ၏”။**

**ရောမနိုင်ငံသား**

**“အကျွန်ုပ်နေသောမြို့ကား သာမညမြို့မဟုတ်။ ဤသူတို့အား အကျွန်ုပ်ပြောရသောအခွင့် ကိုပေးပါ။ အကျွန်ုပ်ပန်ကြားပါသည် ”ဟုဆို၏။**

**ခလေ့ထုံးစံနည်းဥပဒေများ၌စိတ်အားထက်သန်ခဲ့သည်   (ဂလာ ၁ း ၁၄ )**
**ဟေဗြဲလူမှဆင်းသက်သောဟေဗြဲလူစစ်  ဟေဗြဲလူမျိုးထဲမှဟေဗြဲတစ်ဦး   (ဖိ ၃ း ၄ - ၅)**
**ဖါရိရှဲ (တမန် ၂၃ း ၆ )**

## အသင်းတော်အားရှောလုနှိပ်စက်ညှင်းပမ်းခြင်း (တမန် ၇ း ၅၇ - ၈ း ၃)

**ရှောလုအားပထမအကြိမ်ဖေါ်ပြခြင်း**

ရှောလုအားပထဦးဆုံး အကြိမ်ဖေါ်ပြခြင်းမှာ သတေဖန်အား နှိပ်စက်ညှင်းပမ်းချိန်၌ ဖြစ်သည်။ (တမန် ၇ း ၅၇-- ၅၈)

**ခရစ်ယာန်တို့အားနှိပ်စက်ညှင်းပမ်းခြင်း (တမန် ၂၂ း ၄ - ၅ )**

ထိုကာလ၌ ခရစ်ယာန်များအား သူမည်ကဲ့သို့ညှင်းပမ်းခဲ့ကြောင်း၊ မည်ကဲ့သိုလိုက်လံရှာဖွေသတ်ဖြတ်ခဲ့ကြောင်း၊ ယောကျာ်း၊ မိန်းမများအား ဖမ်းဆီး၍မည်ကဲ့သို့ ထောင်သွင်းအကျဉ်းချခဲ့ကြောင်း ရှင်ပေါလု ကိုယ်တိုင်ပြောဆိုခဲ့သည်။

**သခင်ယေရှု၏နာမတော်အားဆန့်ကျင်ခဲ့သည်။   (တမန် ၂၆ း ၉ -၅ )**

ယဇ်ပုရောဟိတ် အကြီးအကဲ၏အခွင့်အာဏာဖြင့် ရှောလုသည် ယေရုရှလင်မြို့၌သန့်ရှင်းသူများစွာတို့အား ထောင်သွင်းအကျဉ်းချခဲ့သည်။ ခရစ်ယာန်များအား ဖမ်းဆီးရန် တစ်မြို့ပြီးတစ်မြို့ ခရီးပြုခဲ့သည်။ ခရစ်ယာန်များသည် သခင်ယေရှုအားနှုတ်ဖြင့် ပြစ်မှားစေရန်အတွက် ညှင်းပမ်းနှိပ်စက်ခြင်းကို အသုံးပြု၍ ကြိုးစားလုပ်ဆောင်ခဲ့သည်။ သူသည်ခရစ်ယာန်များရှိသည့် မြို့တော်များစွာသို့ လိုက်လံစုံစမ်းထောက်လှမ်းခဲ့သည်။ ရှင်ပေါလုသည် ခရစ်ယာန်အားလုံးကို နှိပ်စက်ရန် အလွန်အမင်းစိတ်အားထက်သန်ခဲ့သည်။

**အသင်းတော်အားဖျက်စီးရန်ကြိုးစားခဲ့သည် (ဂလာ ၁း၁၃-၁၄)**

ရှင်ပေါလုသည် ဤသို့ လုပ်ဆောင်မှုအားလုံးမှာ ဘုရားသခင်အတွက် သူအစေခံနေသည်ဟု တွေးမြင်ခဲ့သည်။ သူသည် မိမိ၏ယုဒဘာသာတရားအတွက် အလွန်စိတ်အားကြီးခဲ့သူဖြစ်သည်။

## သခင်ယေရှုနှင့်တွေ့ဆုံခြင်း (တမန် ၉ း )

ရှောလုသည် ဘုရားသခင်၏ ရန်သူဖြစ်နေလင့်ကစား ရှောလုအတွက် ဘုရားသခင်၌ အကြံအစည်တစ်ရပ် ရှိခဲ့သည်။ ဘုရားရှင်သည် သူ၏စိတ်နှလုံးနှင့် မှားယွင်းသော စိတ်အားထက်သန်မှုကို တွေ့မြင်ခဲ့ပြီး ရှောလုအား ထူးခြားအံ့သြဖွယ် မိမိကိုယ်ကို ထင်ရှား ဖော်ပြခဲ့သည်။

## ကောင်းကင်မှ အလင်းရောင်နှင့် အသံတော်

ရှောလုသည် ခရစ်ယာန်များကို ပို၍ဖမ်းဆီးရန် ဒမသက်မြို့သို့သွားစဉ် ကောင်းကင်ထဲမှ အလင်းသည် သူ့ပတ်လည်၌ ရုတ်ခနဲ ထွန်းတောက်၍ မြေပေါ်၌သူလဲကျသွားခဲ့သည်။ သခင်ယေရှုသည် သူ့အားတိုက်ရိုက်စကားပြောခဲ့သည်။ (တမန် ၉ း ၃ -၉ )

သခင်ယေရှုသည် မိမိအား အဘယ်ကြောင့် ညှဉ်းပမ်းနှိပ်စက်နေကြောင်း ရှောလုအားမေးမြန်းခဲ့သည်။ ယုံကြည်သူတစ်ဦးအား နှိပ်စက်ညှဉ်းပမ်းခြင်းသည် သခင်ယေရှုကိုယ်တော်တိုင်အား ညှဉ်းပမ်းနှိပ်စက်ခြင်းဖြစ်သည်။ သခင်ယေရှုနှင့် ရှောလုဆုံတွေ့ခဲ့ခြင်းသည် အလွန်တန်ခိုးပါ၍ စိတ်လှုပ်ရှားဖွယ်ကောင်းပြီး ရှောလု (၃)ရက်တိုင်တိုင် အစာရှောင်ဖြစ်ခဲ့သည်။

## အာနနိ ရူပါရုံရရှိခဲ့သည်

အာနနိသည် ဘုရားသခင်၏ လူတစ်ဦးဖြစ်သည်။ ဘုရားရှင်မိန့်မှာတော်မူသမျှအတိုင်း အာနနိသည် မိမိအား အကြွင်းမဲ့နာခံမှုရှိမည် ဖြစ်ကြောင်း ဘုရားသခင်သိရှိတော်မူခဲ့သည်။ ရှောလု၏နာမည်အား ခရစ်ယာန်တိုင်းသိရှိကြပါသည်။ ရှောလုသည် ဒမသက်မြို့သို့ လာရောက်၍ သူတို့အားဖမ်းဆီးထောင်ချ မည်ဖြစ်ကြောင်း ခရစ်ယာန်များ သိရှိကြပါသည်။ (တမန် ၉ း ၁၀ - ၁၆ )

## ရှောလုသည် ရွေးချယ်ခြင်းခံရသော တန်ဆာပလာဖြစ်သည် (တမန် ၉ း ၁၅ - ၁၆)

အာနနိသည် ဘုရားသခင်၏ အသံတော်အားသိရှိခဲ့သည်။ အာနနိက "သခင်ဘုရားကျွန်ုပ်ရှိပါသည်" ဟုချက်ချင်း တုန့်ပြန်ဖြေကြားခဲ့သည်။ သူသည်ဘုရားရှင်အား နာခံခဲ့ပြီး ရှောလုသည် အဘယ်မျှလောက် ကြောက်မက်ဖွယ်ကောင်းသူဖြစ်ကြောင်း ဘုရားရှင်အား လျှောက်ဆိုခဲ့သည်။

ဘုရားသခင်သည်သစ္စာနှင့်ပြည့်စုံတော်မူခဲ့ပြီး ရှောလုအား အစေခံရန်အတွက်အာနနိအား မိမိအလိုတော်နှင့် ဆိုင်သော အသိဉာဏ်ပညာများကို ပေးအပ်ခဲ့သည်။

ဘုရားသခင်သည် သူ့အား

- A အိမ်နှင့်အိမ်ရှင်အားအတိအကျဖေါ်ပြပြောဆိုခဲ့သည်
- A လမ်းအမည်ကို ပြောဆိုခဲ့သည်
- A မိမိအစေခံရမည့်လူနာမည်
- A မည်သည့်အရပ်မှလာကြောင်း
- A မည်သည့်အရာကို လုပ်ဆောင်နေကြောင်း
- A မည်သည့်အရာကိုတွေ့မြင့်ခဲ့ကြောင်း
- A မည်သည့်အရာဖြစ်ပျက်မည်ဖြစ်ကြောင်းကို တိကျစွာပြောဆိုခဲ့သည်။

ထို့နောက်ဘုရားသခင်သည် အာနနိအား ရှောလုသည် ဘုရားသခင်၏ နိုင်ငံတော်အတွက်မည်မျှ ဆင်းရဲခံ၍ လုပ်ဆောင်ရမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။ ရှောလုသည် သခင်ယေရှုနှင့် သူ၏နောက်လိုက်များကိုနှိပ်စက်ညှင်းပမ်းခဲ့သည့်နည်းတူ သခင်ယေရှု၏နာမတော်အတွက် ကြီးစွာနှိပ်စက်ညှဥ်းပမ်းခြင်းခံစားရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

**အာနနိနာခံခဲ့သည်။ (တမန် ၉ း ၁၇ -၁၉)**

ရှင်ပေါလု၏ မယုံကြည်မှုနှင့် ဘာသာရေးဆိုင်ရာဓလေ့ထုံးစံများ ရုတ်ချည်းပျောက်ဆုံးသွားခဲ့သည်။ နာခံခြင်းဖြင့် ချက်ချင်းရေ၌ ဗတ္တိဇံခံယူ၍ သခင်ယေရှုခရစ်နှင့် လုံးလုံးလျားလျား ပတ်သက်ဆက်နွယ်မှုရှိကြောင်း သူသက်သေထူခဲ့သည်။

**ပြောင်းလဲခြင်းဟူသည်အဘယ်နည်း**

ရှောလု၏ ပြောင်းလဲခြင်းသည် ကျွန်ုပ်တို့၏ ပြောင်းလဲခြင်းအတွေ့အကြုံအတွက် အထိရောက်ဆုံး ရိုက်ခတ်သော စံနမူနာတစ်ရပ်ဖြစ်သည်။

**A ပြောင်းလဲခြင်းဟူသည် လားရာတစ်ခုမှ ဆန့်ကျင်ဖက်လားရာ တစ်ခုဆီသို့ ဦးတည်၍လုံးလုံး လျားလျား လျှောက်လှမ်းသွားခြင်းကို ဆိုလိုပါသည်။**

ရှင်ပေါလုသည် အမှောင်ထုထဲမှ အလင်းသို့ လျှောက်လှမ်းလာခဲ့သည်။ သူ၏အသက်ရှင်နေထိုင်မှုပုံစံအား လုံးလုံးလျားလျား ပြောင်းလဲပစ်ခဲ့ပါသည်။ သူသည်ခရစ်တော်၌ အသစ်ပြုပြင်သော သတ္တဝါဖြစ်လာခဲ့သည်။ ရှင်ပေါလုသည် ချက်ချင်းသခင်ယေရှုခရစ်တော်၏ တန်ခိုးရှိသော သက်သေခံတစ်ဦး ဖြစ်လာခဲ့သည်။ **(တမန် ၉ း ၁၉ -၂၂)**

**ရှင်ပေါလုနှိပ်စက်ညှင်းပမ်းခံရခြင်း**

ရှင်ပေါလု၏ဘဝအား ဆန့်ကျင်သည့်နှိပ်စက်ညှဥ်းပမ်းခြင်း ရုတ်ချည်းစတင်ပေါ်ပေါက်ခဲ့သည်။ (တမန် ၉ း ၂၃- ၂၅ )

## ရှင်ပေါလု၏အမှုတော်လုပ်ငန်းစတင်ဖွံ့ဖြိုးလာခြင်း

**ပြင်ဆင်ခြင်းကာလ**

ဒမသက်မြို့တော်၌ ရှင်ပေါလု၏ ပြောင်းလဲခြင်းနှင့် သူ၏ပထမဦးဆုံး ယေရုရှလင်မြို့ ခရီးစဉ်အကြား (၃) နှစ်တာ ကြာမြင့်ခဲ့သည်။ ထိုကာလအတွင်း ရှင်ပေါလုသည် ဗျာဒိတ်တော်နှင့်

သူဟောပြောရမည့် သတင်းစကားကို ကြားသိခဲ့ရသည်။ ထိုသမ္မာတရားမှာ ဘုရားသခင်သည် ရှင်ပေါလုထံသို့ တိုက်ရိုက် ဗျာဒိတ်တော်ပေးအပ်ခြင်းဖြစ်သည်။ **(ဂလာ ၁ း ၁၁၊ ၁၂၊ ၁၅ -၁၉)**

ထိုကဲ့သို့ဘာမျှမလှုပ်ရှားဘဲ ဆိတ်ငြိမ်သောကာလအတွင်း ရှင်ပေါလုအား အသင်းတော်၏ ဗျာဒိတ်တော်ပေးအပ်ခဲ့သည်။ ရှင်ပေါလုသည် စောင့်စားယင်း သင်ကြားခံယူယင်း ဘုရားသခင်အပေါ်၌လည်း သစ္စာရှိခဲ့သည်။

တမန်တော်ရှင်ပေါလုသည် ဓမ္မသစ်ကျမ်းစောင် (၁၃)စောင်အား ရေးသားခဲ့သည်။ သူပြောင်းလဲခဲ့ပြီးနောက် သခင်ယေရှုခရစ်တော်ထံမှတိုက်ရိုက်ဖွင့်ပြသည့် ဗျာဒိတ်တော်အားဖြင့် သွန်သင်ရမည့် သမ္မာတရားများကို ရရှိခဲ့သည်။

ရံဖန်ရံခါ ဘုရားသခင်သည် တိတ်ဆိတ်စွာနေရမည့် အချိန်ကာလကို ကျွန်ုပ်တို့အဖို့ခွဲခန့်ထားပြီး။ ထိုအချိန်ကာလ၌ ကျွန်ုပ်တို့သစ္စာရှိစွာဖြင့် ဘုရားသခင်၏ အသံတော်ကို ကြားနာကြရပေမည်။ **(ဆား၃၂-၈)**

ကျွန်ုပ်တို့၏ ဘဝအသက်တာများမှတဆင့် ဘုရားရှင်အတွက် အစေခံနိုင်ရန် ကျွန်ုပ်တို့ အနေဖြင့် ပိုမိုပြင်ဆင်ရန် အလို့ငှာ ကျွန်ုပ်တို့အသက်တာအတွင်း၌ ဘုရားသခင်အလုပ်လုပ်လိုပါသည်။

## ယေရုရှလင်မြို့သို့ ပထမဦးဆုံးခရီးစဉ် (တမန် ၉း၂၆-၃၀)

ရှင်ပေါလုပြောင်းလဲခဲ့ကြောင်း သတင်းကြားရသောအခါ ယေရုရှလင်မြို့ရှိ ခရစ်ယာန်များ မယုံကြည်ကြဘဲ ၎င်းနှင့်တွေ့ဆုံရန် ငြင်းဆန်ကြသည်။ ဒမသက်မြို့၌ အာနနိဆိုသူအား ဘုရားရှင်ခွဲခန့်ခဲ့သည့် နည်းတူယေရုရှလင်မြို့၌လည်း ဗာနဗကို ခွဲခန့်ထားရှိခဲ့သည်။ ထိုသူသည် မိမိပိုင်ဆိုင်သမျှ အရာအားလုံးတို့ကို ရောင်းချ၍ ဦးစွာတမန်တော်တို့ထံသို့ ယူဆောင်လာခဲ့သူဖြစ်သည်။ **(တမန် ၄း၃၆-၃၇)**

ဓမ္မသစ်ကျမ်းစာတွင် ဗာနဗအားကြိမ်ဖန်များစွာ ဖော်ပြခဲ့သည်။ ရှင်ပေါလုကို တမန်တော်များထံ ခေါ်ဆောင်လာရန်ထိုသူအား ဘုရားသခင်အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် ရှင်ပေါလုနှင့်အတူ သာသနာ့ခရီးစဉ်အချို့၌ လိုက်ပါခဲ့သည်။ **(တမန် ၉း၂၆-၃၀)**

## ငြိမ်းချမ်းသော ကာလ

ရှောလုပြောင်းလဲခဲ့ပြီး သူ့အားသတ်ဖြတ်ရန် ကြိုးစားသူများလက်မှ လွတ်မြောက်လာခဲ့သည့် နောက်ပိုင်းတွင် အသင်းတော်အဖို့ ငြိမ်းချမ်းသောကာလရောက်ရှိခဲ့သည်။ **(တမန် ၉း၃၁)**

**ရှိသည့် နေရာမှ သူအစပြုခဲ့သည်။**

ရှင်ပေါလု၏ အသက်တာသည် ယနေ့ကျွန်ုပ်တို့အတွက် စံနမူနာတစ်ရပ်ဖြစ်သည်။ သူသည် မိမိရှိသော နေရာမှ အစပြုခဲ့ပြီး ဘုရားသခင်၏ ဦးဆောင်မှုကို နာခံခဲ့သည်။ ရှင်ပေါလုသည် ရုတ်ချည်း စတင်၍ ဧဝံဂေလိတရားကို ဟောကြားခဲ့သည်။ သူသည် မိမိ၏ ယုံကြည်မှုအပေါ် ကြံ့ကြံ့ခံအခိုင်အမာ ရပ်တည်၍ ဒမသက်မြို့၌ အမှန်ပင်သူပြောင်းလဲခဲ့ကြောင်း လူတိုင်းအားကြားသိစေခဲ့သည်။ ဤသို့လုပ်ဆောင်ခဲ့ပြီး (၃) နှစ်တိုင်တိုင် ဘုရားသခင်ထံမှ သင်ကြားခံယူခဲ့သည်။ **(တမန် ၁း၈)**

ကျွန်ုပ်တို့ရှိသောနေရာမှ သေချာစွာ အစပြုသင့်သည်။ သို့သော် ဝိညာဉ်တော်၏ ဦးဆောင်မှုကို ခံယူရပေမည်။ ယေရုရှလင်မြို့၌သစ္စာရှိစွာ အစေခံခြင်းဟူသည် သင်ရှိနေသော နေရာ၊ သင်နေထိုင်သည့် နေရာ၌အမှန်ပင်တိကျသေချာသစ္စာရှိရန်ဖြစ်သည်။

## ပြောင်းလဲတိုးတက်မှု ဆိုက်ရောက်လာခြင်း

အခြားသူများအားဖြင့် ရှင်ပေါလု၏ အမှုတော်လုပ်ငန်းအတွက် ရုတ်တရက်တိုးတက်မှုများ ဘုရားရှင်ဆောင်ရွက်ပေးခဲ့သည်။ ဘုရားသခင်သည် ဗာနဗအားထပ်မံ၍ အသုံးပြုခဲ့သည်။ အချို့သော ယုံကြည်သူများသည် နှိပ်စက်ညှဥ်းပမ်းခံရခြင်းမှ လွတ်မြောက်ရန် အန္တိအုတ်မြို့ သို့ပြောင်းရွှေ့ သွားခဲ့ပြီး ဟေလသလူမျိုးများ ဘုရားသခင်ထံသို့ ပြောင်းလဲလာခဲ့ကြသည်။ ယေရှုရှလင်မြို့ရှိ တမန်တော်များသည် ထိုသတင်းကိုကြားကြသောအခါ ဗာနဗအား အန္တိအုတ်မြို့သို့ စေလွှတ်ခဲ့သည်။ ဗာနဗသည် ဟေလသ လူမျိုးများစွာတို့အား ပြောင်လဲစေခဲ့ပြီး ရှင်ပေါလုအား ရှာဖွေခဲ့သည်။ **(တမန် ၁၁ း ၂၅၊ ၂၆)**

## ဘုရားသခင်လှုံ့ဆောင်ခဲ့ခြင်း

ရှင်ပေါလုသည် ပရောဖက်တစ်ဦး၊ ဆရာတစ်ဦးဖြစ်ခဲ့သည်။ **(တမန် ၁၃ း ၁-၃)**

ရှင်ပေါလုအားတမန်တော်တစ်ပါးအဖြစ် ဘုရားသခင်သည် ခွဲခန့်ထားခဲ့သည်။ အန္တိအုတ်မြို့ရှိ အသင်းတော်သည် အစာရှောင်ဆုတောင်း၍ ရှောလုနှင့်ဗာနဗတို့အား လက်တင်ကာ စေလွှတ်ခဲ့သည်။ တမန်တော် (၁၄း) တွင် ၎င်းတို့အားတမန်တော်များအဖြစ် ရည်ညွှန်းပြောဆိုခဲ့သည်။ **(တမန် ၁၄ း ၁၄ )**

## ဘဝအသက်တာတစ်ခုလုံးပြောင်းလဲခဲ့ခြင်း

ရှင်ပေါလု၏အသက်တာ တခုလုံးပြောင်းလဲသွားခဲ့သည်။ စိတ်အားကြီးစွာ ခရစ်ယာန်များကို နှိပ်စက်ညှဉ်းပမ်းရန် သွားခဲ့ခြင်းသည် သူကိုယ်တိုင်ခရစ်ယာန်တစ်ဦး ဖြစ်လာရန် အကြောင်းဖြစ်သည်။ သူသည် လူ၏ဩဝါဒသွန်သင်မှုများကို လူထံမှ သွန်သင်ခြင်းခံခဲ့ရသည့် အဖြစ်မှ ဘုရားသခင်၏ ဩဝါဒကို

ဘုရားသခင်ကိုယ်တော်တိုင်၏ သွန်သင်မှုများကို ခံခဲ့ရသည်။ သူသည်ခရစ်တော်၏ ကိုယ်ခန္ဓာ၌ ခေါင်းဆောင် တစ်ဦးဖြစ်ရခြင်းကို မုန်းတီးကြောက်ရွံ့မှုတို့မှ ဝေးကွာသွားခဲ့ပြီ။ သူသည် တပါးအမျိုးသားတို့အား အစေခံရန် အတွက် ဘုရားသခင် ရွေးချယ်ခွဲခန့်ထားသူတစ်ဦး ဖြစ်လာခဲ့သည်။

ရှင်ပေါလု၏ အသက်တာသည် ကျွန်ုပ်တို့တစ်ဦးချင်းစီအတွက် ခွန်အားတစ်ရပ်ဖြစ်စေနိုင်ခဲ့သည်။ သူ၏ပြောင်းလဲခြင်းမှာ အခြားသူများအား လှုံ့ဆော်မှုကို ဖြစ်စေခဲ့သည်။ မည်မျှပင် အပြစ်ကြီးမားသူ ဖြစ်စေကာမူ သခင်ယေရှု၏ ခွင့်လွှတ်ခြင်းကို ရရှိနိုင်ပါသည်။ **(၁တိ ၁ း ၁၅-၁၆)**

## ပြန်လည်သုံးသပ်ရန်မေးခွန်းများ

၁။ တမန်တော်ရှင်ပေါလု၏ နောက်ခံသမိုင်းကို မိမိ၏ ကိုယ်ပိုင်အရေးအသားများဖြင့်ဖော်ပြပါ။

၂။ ပြောင်းလဲခြင်း၏အဓိပ္ပါယ်ဖွင့်ဆိုမှုကိုဖော်ပြပါ။

၃။ ဤသင်ခန်းစာအား သင်ကြားခဲ့သမျှနှင့် ပတ်သက်၍ ရှင်ပေါလု၏အသက်တာ ဥပမာသည် အသက်တာအား မည်ကဲ့သို့ ခြားနားမှုဖြစ်စေပါသနည်း။

# သင်ခန်းစာ (၁၂)
# ရှင်ပေါလု၏အမှုတော်လုပ်ငန်း နှင့် သူ၏အသက်စွန့်ခြင်း

## ကြီးမားသောနှိပ်စက်ညှဥ်းပမ်းခြင်း

ရှင်ပေါလုသည် သခင်ယေရှုကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံရင်ဆိုင်ရပြီးနောက် သူ၏ဘဝတစ်ခုလုံးမှာ လုံးလုံးလျားလျား ပြောင်းလဲသွားခဲ့ပါသည်။ သူ၏အသက်တာ၌ ကြမ်းတမ်းမှုများ၊ စစ်ကြောမှုများ၊ နှိပ်စက်ညှဥ်းပမ်းမှုများ၊ စိန်ခေါ်မှုများနှင့် အောင်မြင်မှုများကို သင်ကြားခံယူခဲ့ရသည်။

**မျက်စိကန်းစေသူ (တမန် ၁၃ း ၄ - ၁၂)**

အန္တိအုတ်အသင်းတော်မှ ရှောလုနှင့် ဗာနဗတို့အား လက်တင်၍ လွှတ်လိုက်သည့် ခဏချင်းတွင် ကုပရုကျွန်းသို့ ရောက်ရှိသွားခဲ့ကြသည်။ မြို့ဝန်မင်းမှ ဘုရားသခင်၏ နှုတ်ကပါတ်တော်ကို ကြားနာလိုသောကြောင့် သူတို့အားခေါ်ပင့်ခဲ့ရသည်။ သို့သော်သူ၏လက်ထောက် နတ်ဝိဇ္ဇာ အတတ်သမားသည် သူတို့အားလုံးအား ဟန့်တားခဲ့သည်။ **(တမန် ၁၃ း ၈ -၁၂)**

မြို့ဝန်ကိုယုံကြည်ခြင်းမှ လွှဲအံ့သောငှာ ဧလုမ၌ ရှိသောနတ်ဆိုးအား ရှင်ပေါလုက အခွင့်အဏာဖြင့်ဆီးတားခဲ့သည်။

## ထိုဒေသမှ နှင့်ထုတ်ခံခဲ့ရခြင်း

ပေါလုနှင့် ဗာနဗတို့သည် ပိသိဒိပြည်၊ အန္တိမြို့သို့ ရောက်သောအခါ လူတို့အား ဆုံးမစရာစကားရှိလျှင် ဟောပြောကြရန် တရားဇရပ်၌ တောင်းဆိုခံခဲ့ကြရသည်။ မေရှိယကြွလာတော်မူပြီဟူသော စကားထက်ပို၍ စိတ်လှုပ်ရှားဖွယ်ကောင်းသော သတင်းစကားရှိပါသလား။ ရှင်ပေါလုသည် ထ၍ဧဝံဂလိသတင်းစကားကို ဦးဆောင်ဦးရွက် ဟောကြားခဲ့သည်။ သူသည် အဲဂုတ္တုပြည်ရှိ ဣသရေလလူမျိုးတော်မှ အစပြု၍ မောရှေ၊ ပရောဖက်များ၊ ဒါဝိဒ်၊ ဗတ္တိဇံဆရာယောဟန်နှင့် အသေသတ်ခြင်းခံရပြီး ပြန်လည်ရှင်ပြန်ထမြောက်တော်မူသော သခင်ယေရှုအကြောင်းတို့ကို ဟောကြားခဲ့သည်။ နောက်ဆုံး၌ ထိုသူတို့အား သခင်ယေရှုအားဖြင့် သူတို့၏ အပြစ်လွှတ်ခြင်းအကြောင်းကို ပြောဆိုခဲ့သည်။

နောက်ရက်သတ္တပတ် ဥပုဒ်နေ့တွင် တမြို့လုံးနီးပါး လာရောက်စုရုံး၍ ဘုရားသခင်၏နှုတ်ကပတ်တော်အား ကြားနာရန် ရောက်ရှိလာခဲ့ကြသည်။ သို့သော် ဂျူးလူမျိုးများမှ မနာလိုမုန်းတီးထားမှုများဖြစ်ပေါ်ခဲ့ကြပြီး တပါးအမျိုးသားတို့သာလျှင် ကြားနာ၍ဝမ်းမြောက်ခဲ့ကြသည်။ ဂျူးလူမျိုးများမှ အသရေရှိသော မိန်းမများနှင့် ထိုမြို့ရှိ အကြီးအကဲများကို နှိုးဆော်၍ တမန်တော်တို့ကို ထိုဒေသမှ

နှင့်ထုတ်ခဲ့ကြသည်။ တမန်တော်ရှင်ပေါလုနှင့် ဗာနဗတို့သည်လည်း မိမိတို့ခြေဖဝါး၌ ကပ်သောမြေမှုန့်ကို ခါချ၍ ထွက်ခွာသွားကြလေသည်။

## ရှင်ပေါလုအား ကျောက်ခဲနှင့် ပစ်၍ သေပြီဟုတွေးထင်၍ ပစ်ထားခဲ့ကြသည်။ (တမန် ၁၄ း ၁ - ၂၀)

ပေါလုနှင့် ဗာနဗတို့သည် ဣကောနိမြို့သို့ရောက်၍ တရားဇရပ်သို့ ဝင်ခဲ့ကြသည်။ သူတို့သည် အလွန်ထိရောက်စွာဟောပြောခဲ့ကြသဖြင့် ယုဒလူ၊ ဟေလသလူ အပေါင်းတို့သည် ယုံကြည်ခြင်းသို့ ရောက်ခဲ့ကြသည်။ သို့သော် မယုံကြည်သော ယုဒလူတို့သည် တပါးအမျိုးသားတို့ကို နှိုးဆော်၍ မနာလိုသောစိတ်ရှိ စေခြင်းငှာ ချောစားခဲ့ကြသည်။

ပေါလုနှင့် ဗာနဗတို့သည် ရဲရင့်စွာဆက်လက်ဟောပြောခဲ့ကြပြီး နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့ကို ပြခဲ့ကြသည်။ သို့သော်မြို့တွင်းရှိလူများသည် ဆန့်ကျင်တားဆီးရန် ကြိုးစားခဲ့ကြသည်။ ထို့နောက်များမကြမီ ယုဒအမျိုးသားများနှင့် တပါးအမျိုးသားများတို့သည် ဆန့်ကျင်၍ ကျောက်ခဲနှင့်ပစ်ရန်လျှို့ဝှက်ကြံစည်ခဲ့ကြပြီး ထပ်မံ၍ထိုမြို့မှထွက်ပြေးစေခဲ့သည်။

ရှင်ပေါလု၏ ဤပထမသာသနာပြု ခရီးစဉ်အတွေ့အကြုံသည် ကျွန်ုပ်တို့အမှန်ပင် ကြုံတွေ့လိုခြင်းမရှိသော ဖြစ်ရပ်များပင်ဖြစ်သည်။ လုတ္တရမြို့၌ လူတစ်ယောက်ကို အနာငြိမ်းစေ၍ ပြန်လည်ကျန်းမာစေခဲ့ပြီး လူများက သူတို့အား ကိုးကွယ်ရန်ကြိုးစားခဲ့ကြသည်။ အန္တိအုတ်မြို့နှင့် ဣကောနိမြို့မှလာသောလူများမှ လူစုလူဝေးတို့အား နှိုးဆော်ခဲ့ကြသည်။ ရှင်ပေါလုအားကျောက်ခဲနှင့်ပစ်၍ သေပြီထင်မှတ်ကာ မြို့ပြင်သို့ဆွဲချသွားခဲ့ကြသည်။ သို့သော် တပည့်တော်များသူ့ထံသို့ စုရုံးရောက်ရှိလာကြသောအခါ ရှောလုပြန်ထလာခဲ့သည်။

## အမှန်တွေ့ကြုံရသည့်အရာ

စိတ်လှုပ်ရှားဖွယ်ရာများနှင့် အံ့ဩဖွယ်အပိုင်းကို မြင်ယုံမျှဖြင့် တပည့်တော်များ၏ လုပ်ဆောင်ချက်များကို ဖတ်ရသည်မှာ အလွန်လွယ်ကူပါသည်။ ယနေ့ မိမိအသင်းတော်ကို သခင်ယေရှုက မည်ကဲ့သို့တည်ဆောက်ရမည့်အကြောင်း ထိုတမန်တော်များထံမှ ကျွန်ုပ်တို့ သင်ယူမည်ဆိုပါက သူတို့သည်လည်း သာမန်လူသားစင်စစ်ပင်ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်တတ်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ကဲ့သို့ပင် သူတို့သည်လည်း စုံစမ်းစစ်ကြောခြင်းနှင့် စမ်းသပ်ခြင်းခံရသူများ ဖြစ်သည်။ သူတို့အောင်မြင်ရသည့်အကြောင်းပြချက်သည် မည်သည့်အခါမှ လက်လျှော့စွန့်လွှတ်မှု မပြုခဲ့သောကြောင့်ဖြစ်သည်။

သခင်ယေရှုလုပ်ဆောင်ခဲ့သည့် အရာများကို ကျွန်ုပ်တို့ တစိုက်မတ်မတ်လုပ်ဆောင်မည် ဆိုပါက ကျွန်ုပ်တို့ ကျဆုံးခြင်းမရှိနိုင်ပါ။ ဘုရားသခင်အား ကျွန်ုပ်တို့ မျှော်လင့်ခိုလှုံမည် ဆိုပါက ကျွန်ုပ်တို့၏ ကျဆုံးမှုများပင်လျှင် အောင်မြင်ခြင်းအဖြစ်သို့ ပြောင်းလဲ သွားနိုင်ပါသည်။

ထိုမြို့များတို့မှာ အမှန်တကယ်ပင် ကယ်တင်ခြင်းရရှိခဲ့ကြသည်။ နိမိတ်လက္ခဏာများ ဖြစ်ပေါ်ခဲ့သည်။ သခင်ယေရှု၏ နာမတော်အား ချီးမြှောက်ခဲ့ကြသည်။ သို့သော်ရှင်ပေါလု၏ နိမိတ်လက္ခဏာများကို ကျွန်ုပ်တို့ ဆက်လက်လေ့လာခြင်းမပြုမီ အချို့သောကြမ်းတမ်း ခက်ခဲမှုများ၊ စုံစမ်းစစ်ကြောမှုများနှင့် ညှင်းပမ်းမှုများကို အာရုံစိုက်ရန် လိုအပ်ပါသည်။ **(၂ ကော ၄ း ၇- ၁၀)**

## သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အုံ့ဩဖွယ်အမှုတော်လုပ်ငန်း

ဤသင်ခန်းစာ၌ ရှင်ပေါလု၏ အမှုတော်လုပ်ငန်းဆိုင်ရာ အမြင့်မားဆုံးသော အကြောင်းအချက်အားလုံးကို သင်ကြားခံယူရန် မဖြစ်နိုင်ပါ။ ဤသင်ခန်းစာ၏ ရည်ရွယ်ချက်မှာ ထိုအဖြစ်အပျက်အချို့မှ နမူနာယူ၍ မျက်မှောက်ခေတ် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ အကြံအစည်တော်နှင့် အသက်ရှင်တော်မူသော ဘုရားသခင်၏ အသင်းတော်မည်ကဲ့သို့ ရှင်သန်တည်ရှိနေကြောင်း နားလည်းသဘောပေါက်စေရန်အတွက်သာ ဖြစ်သည်။

သခင်ယေရှုသည် ကနဦးအသင်းတော်တစ်ပါးနှင့် မျက်မှောက်ခေတ် အသင်းတော်တစ်ပါး အကြောင်း ညွှန်းဆိုဖော်ပြခဲ့ခြင်းမဟုတ်ပါ။ "သူ၏အသင်းတော်" အားသူတည်ထောင်မည်ဟုသာ ပြောဆိုခဲ့သည်။ ဘုရားသခင်ပေးတော်မူခဲ့သော သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးမှာ (၁) ရာစု၌ လိုအပ်ခဲ့သည့်နည်းတူ မျက်မှောက်ခေတ်ယုံကြည်သူများ၌လည်းများစွာလိုအပ်ပါသည်။ ဘုရားသခင်သည် ကနဦးအသင်းတော်အတွင်း ဝိညာဉ်ဆုကျေးဇူးများကို မပေးခဲ့ပါ။ ဧဝံဂေလိသတင်းစကားကိုလည်း မည်ကဲ့သို့ ပျံ့နှံ့အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း မဖော်ပြခဲ့ပါ။ အချို့သော အချိန်မှာပင် နားလည်ရန် ခက်ခဲစွာ ထိုဆုကျေးဇူးများအား ပြန်လည်ရုပ်သိမ်းခဲ့သည်။ ပေတရု၊ ယာကုပ်၊ ယောဟန်၊ ရှင်ပေါလုနှင့် သခင်ယေရှုလုပ်ဆောင်ခဲ့သည့် အရာမှန်သမျှကို ကျွန်ုပ်တို့လည်း လုပ်ဆောင်ရပေမည်။ သခင်ယေရှုသည် "ငါအမှန်အကန်ဆိုသည်ကား ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကို ပြုလိမ့်မည်။ ထိုအမှုတို့ထက်သာ၍ ကြီးသောအမှုတို့ကိုလည်း ပြုလိမ့်မည်" ဟု ပြောဆိုခဲ့သည်။

### အံ့ဩဖွယ်ရာဦးဆောင်လမ်းပြမှု

ရှင်ပေါလုသည် ရူပါရုံဖြင့်၊ မာကေဒေါနိ ပြည်သို့ခေါ်ယူခြင်း မခံရမီ စိတ်ဝင်စားဖွယ် ကျမ်းပိုဒ်တစ်ပိုဒ်အားတွေ့ရပါသည်။ ထိုကျမ်းပိုဒ်သည် သူတို့အား အာရှိပြည်၌ နှုတ်ကပတ်တော်တရားကို ဝေငှခြင်းမှ တားမြစ်ခံရသည်ကို ဖော်ပြထားသည်။ **(တမန် ၁၆ း၆ - ၇ )**

ကျွန်ုပ်တို့အကြောင်းပြချက် တစုံတရာပေးနေခြင်းမဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် အဆိုပါ တိုင်းပြည်များသို့ မသွားရန်တားမြစ်ခဲ့ကြောင်းကို ကျွန်ုပ်တို့ပြောဆိုခြင်းသာဖြစ်သည်။ ဘုရားရှင်ထံမှတစ်စုံတစ်ရာ လုပ်ဆောင်ရန်စေခိုင်းသည့် အသံကိုကြားနာသကဲ့သို့ တစ်စုံတစ်ရာ မလုပ်ဆောင်ရန် တားမြစ်သောအခါ၌လည်း ဘုရားသခင်၏ အသံတော်ကိုကြားတတ်ရန် လိုအပ်ပါသည်။

သခင်ယေရှုသည် သူမြင်တွေ့သော အဖခမည်းတော် လုပ်ဆောင်သည့် အရာများကိုသာလုပ်ဆောင်ခဲ့ကြောင်း ကျွန်ုပ်တို့ သတိပြုရန် အရေးကြီးပါသည်။ ဘုရားသခင်လုပ်ဆောင် စေလိုသည့် အရာတစ်ခု (သို့) တားမြစ်သည့် အရာတစ်ခုကို အာရုံပြု၍ သိရှိနိုင်ရန် ကျွန်ုပ်တို့ သင်ယူရပေမည်။ ထိုအရာသည် ကျွန်ုပ်တို့အတွက် အကွယ်အကာဖြစ်သည်။

## အံ့သြဖွယ်ရူပါရုံ

၎င်းတို့၏ အမှုတော်လုပ်ငန်း၌ ဘုရာသခင်၏ လမ်းညွှန်မှုအား ရူပါရုံတစ်ရပ်အဖြစ်ရရှိခဲ့ကြသည်။ **(တမန် ၁၆ း ၉ -၁၀)**

သူတို့သည် မာကေဒေါနိပြည်ကို အစိုးရသော ရောမကိုလိုနီမြို့ဖြစ်သည့် ဖိလိပ္ပိမြို့သို့ ရောက်လာခဲ့ ကြသည်။ ထိုမြို့၌ လုဒိအမည်ရှိသော မိန်းမတစ်ယောက်နှင့် ဆုံတွေ့ခဲ့ပြီး ထိုမိန်းမနှင့် အိမ်သားများ ကယ်တင်ခြင်းရရှိခဲ့သည်။

သူတို့သည် ဘုရားသခင်ပို့ဆောင်သော နေရာသို့သွား၍ ထိုနေရာ၌ အမှုတော်ဆောင်ရန် အခွင့်အရေးရရှိခဲ့ကြသည်။ ယင်းမှာ လူအုပ်ကြီး မဟုတ်ဘဲ မြစ်ကမ်းနား၌ တွေ့ဆုံ၍ ဆုတောင်းနေသည့် လူတစ်စုဖြစ်သည်။

## အံ့သြဖွယ်ရာသိရှိခြင်း

ပေါလုနှင့် အခြားသူများပဌနာပြုရာအရပ်သို့ သွားသည့်လမ်း၌ မိန်းမတစ်ဦးသည် ၎င်းတို့ နောက်သို့လိုက်ပါ၍ “ဤသူတို့အား အကျွတ်တရားလမ်းကို ငါတို့အားဟောပြောပြသသော အမြင့်ဆုံးသော ဘုရားသခင်၏ ကျွန်ဖြစ်ကြ၏” ဟုဟစ်ကြော်ခဲ့သည်။ သူမသည် ရက်ပေါင်းများစွာ ဤသို့ဆက်လက် အော်ဟစ်နေခဲ့သည်။ သူမပြောဆိုခဲ့သော အရာမှာ အမှန်ပင်ဖြစ်သည်။ သူမသည် သူတို့အား လူအများ အာရုံစူးစိုက်စေရန် ခေါ်ယူနေခြင်းဖြစ်ပြီး အမှုတော်ကြားပြောရန် လမ်းဖွင့်ပေးနေခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့သော် ပေါလု ဝိညာဉ်ထဲ၌ အနှောက်အယှက်ဖြစ်စေခဲ့ပြီး နောက်ဆုံးတွင် သူတစ်စုံတစ်ရာ လုပ်ဆောင်ခဲ့သည်။ **(တမန် ၁၆ း ၁၆ - ၁၈)**

ပေါလုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အုံ့သြဖွယ်ရာဆုကျေးဇူးဖြင့် ထိုမိန်းမ၌ ရှိနေသော နတ်ဆိုးကိုသိမြင်၍ နှင်ထုတ်ခဲ့သည်။ ယင်းမှာ (၁ကော ၁၃ း )တွင်ဖေါ်ပြထားခဲ့သော "ဝိညာဉ်များကို ပိုင်းခြားနားလည်" သည့် အံ့ဖွယ်ဆုကျေးဇူးတစ်ရပ်ဖြစ်သည်။

## အံ့သြဖွယ်ရာလွတ်မြောက်ခြင်း

သူမ၏ သခင်တို့သည် ပေါလုနှင့်သိလတို့အား ထောင်သွင်းအကျဉ်းချထားခဲ့သည်။ ၄င်းတို့၏ အဝတ်များကို ချွတ်၍ ရိုက်နှက်ပြီးမှ သံခြေကျင်းများကို ခတ်၍ ထောင်အတွင်းပိုင်းရှိအခန်းလေး၌ ချုပ်နှောင်ထားခဲ့သည်။ သို့သော် ပေါလုနှင့် သိလတို့သည် ဆုတောင်းခြင်း၊ ဘုရားသခင်အား ဂုဏ်တော်ချီးမွမ်းခြင်းနှင့် အခြားထောင်သားများကို သက်သေခံခြင်းတို့ဖြင့် အလုပ်များနေကြသည်။

"ဘုရားရှင် ဤသို့ ဖြစ်မည်ကို အဘယ်ကြောင့် မပြောခဲ့သနည်း" ငါတို့ဘုရားသခင်ရဲ့ လမ်းပြမှု ပျောက်ဆုံးနေပြီထင်တယ်၊ ဒီမာကေဒေါနိပြည်ကို လာဘို့ဘုရားသခင် မပြောခဲ့ဘူး" ဟူ၍ ပြောဆိုမနေကြပါ။ အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်တော်နှင့် အတူရှိနေပြီး ၄င်းတို့အတွက် ဘုရားသခင် ကြားဝင်ဖြေရှင်း ဟန့်တားပေးနေခြင်း ဖြစ်နိုင်ပါသည်။ **(တမန် ၁၆ း ၂၅ -၃၀ )**

ဘုရားသခင်သည် ပေါလုနှင့် သိလတို့ ထောင်မှ လွတ်မြောက်ရန် ငလျှင်လှုပ်စေခဲ့သည်။ သို့သော် ထောင်မှူးနှင့် သူ၏အိမ်သူအိမ်သားတို့မှာ အမှန်ပင်ကယ်တင်ခြင်း ရရှိ၍ အပြစ်မှ လွတ်မြောက်ခဲ့ကြသည်။

တပည့်တော်များသည် ဖိလိပ္ပိမြို့မှ ထွက်ခွာ၍ သက်သာလောနိတ်မြို့သို့ သွားရောက်၍ ထပ်မံဟောပြောသည်။ တဖန် သူတို့အား ဆန့်ကျင်မှုများကို ကြုံတွေ့ကြရပြန်သည်။ သူတို့၏ဂုဏ်သတင်းမှာ အမှန်ပင်ကျော်ကြားနေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် "လောကီနိုင်ငံကို မှောက်လှန်သော ဤသူတို့သည် ဤအရပ်တိုင်အောင် ရောက်ကြပါပြီ" ဟုလူအများ ပြောဆိုကြသောကြောင့် ဖြစ်သည်။ တစ်ကြိမ်ထပ်မံ ၍ မြို့မှနှင်ထုတ်ခြင်းခံရပြီးနောက် အာသင်မြို့သို့ ထွက်ခွာသွားကြသည်။

## အံ့သြဖွယ်ခွန်အားဖြစ်စေခြင်း

## A အာသင်မြို့

အာသင်မြို့၌ ရှင်ပေါလုသည် တရားဇရပ်အတွင်း ယုဒလူများနှင့် အကြောင်းပြပြောဆိုငြင်းခုံခဲ့သည်။ ယေရှုခရစ်သည် မေရှိယဖြစ်ကြောင်း သက်သေခံ၍ သွန်သင်မှုဆိုင်ရာများကို ဆွေးနွေးနေခဲ့ရာ အချို့သောသူများယုံကြည်ခြင်းသို့ ရောက်ခဲ့ကြသည်။ ယုဒလူများမှာ ပို၍ ငြင်းခုံဆဲရေးခြင်းကို ပြုကြသောကြောင့် နောက်ဆုံးတွင် ထိုမြို့မှ ရှင်ပေါလုထွက်ခွာခဲ့သည်။ သူ၌ စိတ်ပျက်စရာအကြောင်း ပေါ်ပေါက်ခဲ့ရသည်။ **(တမန် ၁၈း၄-၆)**

## A ကောရိန္တုမြို့

ရှင်ပေါလုသည် အာသင်မြို့မှ ကောရိန္တုမြို့သို့ သွားရောက်၍ အလားတူဟောပြောခဲ့ပြီး လူများစွာ ယုံကြည်ခဲ့ကြသည်။ ဘုရားသခင်သည် ထပ်မံ၍ ရူပါရုံတစ်ခုဖြင့် ရှင်ပေါလုအား စကားပြောခဲ့သည်။ **(တမန် ၁၈း၉-၁၀)**

ဤရူပါရုံသည်ခွန်အားပေးသည့် စကားရပ်ဖြစ်သည်။ "ပေါလုဆက်လက်ဟောပြောလော့။ သင်သည် ကြီးမြတ်သောအမှုကိုပြုပြီး သင့်ကိုညှဉ်းဆဲရန် အဘယ်သူမျှ အနိုင်အထက်မပြုရ" ဟူ၍ဖြစ်သည်။ ပေါလုသည် ကောရိန္တုမြို့၌ သွန်သင်၍ တနှစ်နှင့်ခြောက်လကျော်နေထိုင်ခဲ့သည်။

## နည်းစနစ်များပြောင်းလဲခြင်း

**ဧဖက်မြို့**

ဧဖက်မြို့သို့ ရောက်သောအခါ ရှင်ပေါလု၏ အမှုတော်လုပ်ငန်းမှာ ပြောင်းလဲခဲ့သည်။ သူသည် ဂိုဏ်းဂဏသြဝါဒ၏ သွန်သင်ချက်များအပေါ် ဆွေးနွေးခြင်း၊ ဧဝံဂေလိသတင်းကောင်း၏ ခိုင်လုံသော အကြောင်းပြချက်နှင့် အခြေအမြစ်ရှိခြင်းတို့ကို ရှင်းပြခြင်းမပြုပါ။ ယုံကြည်သူအစုအဝေး ထံသို့ ချဉ်းကပ်၍ "သင်တို့ယုံကြည်သောအခါ သန့်ရှင်းဝိညာဉ် တော်ကိုရရှိကြပါသလား" ဟုမေးမြန်း ပြောဆိုခဲ့သည်။ **(တမန် ၁၉း ၂-၇)**

ထို့နောက်သူသည် တရားဇရပ်သို့သွား၍ သုံးလကြာရဲရင့်စွာဟောပြောခဲ့သည် အတိုက်အခံတို့ ပြင်းထန်လာသောအခါ တရားဇရပ်မှ သူထွက်သွားခဲ့သည်။ သို့သော် ဆန့်ကျင်ခံရပ်မှုများ ကြုံတွေ့ရာ ထိုမြို့မှ သူထွက်မသွားခဲ့ပါ။

ရှင်ပေါလုသည် ယုံကြည်သူများအား တုရန္နုအမည်ရှိသော စာသင်ဇရပ်၌ နေ့စဉ် (၂) နှစ် အကြာနေ့စဉ် ရက်ဆက် ဟောပြောမှုများပြုလုပ်ခဲ့သည်။ ဤဖော်ပြချက်မှ ရှင်ပေါလုသည် ကျမ်းစာ ကျောင်းတစ်ခုကို စတင်ခဲ့ပြီး အခြားသူများအား မိမိကဲ့သို့ ဖြစ်လာရန် စွမ်းဆောင်ခဲ့ကြောင်း တွေ့မြင်ရသည်။

အကျိုးရလဒ်အနေဖြင့် အာရှိပြည်မှ ယုဒလူ၊ ဟေလသလူတို့သည် ဘုရားသခင်၏ နှုတ်ကပါတ်တော်ကို ကြားနာခဲ့ကြရသည်။ (တမန် ၁၉း ၈ -၁၀)

ယခင်က အာရှိပြည်သို့ မသွားရန်ဘုရားရှင်တားမြစ်ခဲ့သော်လည်း ယခုအာရှိပြည်တဝှမ်းလုံး ဘုရားသခင်၏ နှုတ်ကပါတ်တော်ကိုကြားနာခဲ့ကြရသည်။ ရှင်ပေါလုအား အာရှိပြည်သို့ မသွားမှီသူ၏ ဧဝံဂေလိလုပ်ငန်းလုပ်ဆောင်ပုံအား ဘုရားရှင်ပြောင်းလဲစေလိုသောကြောင့် ဖြစ်နိုင်ပါသည်။

A သေခြင်းမှ ရှင်ပြန်စေခဲ့ခြင်း

ရှင်ပေါလုသည် တရောမြို့၌ ဟောပြောနေစဉ် ဥတုခု အမည်ရှိသူတစ်ယောက်သည် ပြူတင်းပေါက်၌ ထိုင်နေစဉ်ငိုက်မြည်းအိပ်ပျော်၍ အိမ်သုံးဆင့်အထက်မှ ပြုတ်ကျသေဆုံးခဲ့သည်။ **(တမန် ၂၀း၇-၁၁)**

## ရှင်ပေါလုအမှုတော်လုပ်ငန်းအကျဉ်းချုပ်

ရှင်ပေါလုယေရုရှလင်မြို့သို့ အပြန်ခရီး၌ ဧဖက်မြို့ရှိသင်းအုပ်များနှင့် နောက်ဆုံးအကြိမ်တွေ့ဆုံခဲ့သည်။ ယင်း၌ရှင်ပေါလုသည် ၎င်း၏အမှုတော်လုပ်ငန်းကို အကျဉ်းချုပ်ဖော်ပြခဲ့သည်။

ရှင်ပေါလုသည် ၎င်း၏အခြေအနေများကို သုံးသပ်နေဟန်ရှိသည်။ သူသည် ဘုရားသခင်အား "ကိုယ်တော်အတွက်ကျွန်ုပ်များစွာ စွန့်လွှတ်ခဲ့သည်။ ဂုဏ်အသရေကိုလည်း စွန့်လွှတ်ခဲ့သည်။ လုံခြုံသော အနာဂတ်ကိုလည်း စွန့်လွှတ်ခဲ့သည်။ ကျွန်ုပ်သည် ပညာတတ်တစ်ဦးဖြစ်သည်။ ဘာသာစကားများစွာပြောတတ်သည်။ သို့တိုင် ကိုယ်တော်သည် လူတစ်ဦးကို ဟိုအရပ်၊ လူအချို့တို့အား ဤအရပ်၌ သွားရောက်အစေခံလျက် အမှုတော်ဆောင်ရန် ကျွန်ုပ်အား တောင်းဆိုခဲ့သည်။ ကိုယ်တော်စေလွှတ်သော မြို့တိုင်းမှ ကျွန်ုပ်ထွက်ပြေးခဲ့ရသည်။ ရိုက်ပုတ်ခြင်းကို ခံရ၍ သေပြီဟု ထင်မှတ်ကာပစ်ထားခဲ့ကြသည်။ ဘုရားသခင်၊ ကျွန်ုပ်ပင်ပန်း၍ ခွန်အားမဲ့ပါပြီ။ ကျွန်ုပ်လက်လျော့၍ အမှုတော်အားယခုအဆုံးသတ်လိုပါပြီ"ဟု ပြောဆိုပိုင်ခွင့် ရှိပါသည်။

သို့သော်ရှင်ပေါလုဘယ်သောအခါမျှ ဤသို့ပြောဆိုခဲ့ခြင်းမရှိပါ။ **(တမန် ၂၀း၁၉-၂၄)**

## ယေရုရှလင်မြို့နှင့် ရောမမြို့သို့ခရီးပြုခဲ့ခြင်း

### ရှင်ပေါလုထောင်သွင်းအကျဉ်းချခံရမည်ဖြစ်ကြောင်း ပရောဖက်ပြုချက်

ရှင်ပေါလုယေရုရှလင်မြို့သို့ ခရီးပြုကဲသရိမြို့သို့ ရောက်ပြီး (သာသနာပြု) ဧဝံဂေလိဆရာဖိလိပ္ပု၏ အိမ်၌တည်းခိုခဲ့သည်။ ထိုအိမ်၌ ရှိနေစဉ် အာဂဗုအမည်ရှိသော ပရောဖက်တစ်ဦး ရောက်လာခဲ့သည်။ **(တမန် ၂၁း၁၀-၁၁)**

### ရှင်ပေါလုအဖမ်းခံရခြင်း (တမန် ၂၁း၁-၂၃း၂၂)

ယေရုရှလင်မြို့ရှိ ယုံကြည်သူများသည် မရည်ရွယ်ဘဲ ရှင်ပေါလုကို ဖမ်းဆီးစေခဲ့ကြသည်။ ယုံကြည်သူများသည် သူ့အားစင်ကြယ်ခြင်းကို ပြုရန် တောင်းဆိုခဲ့ကြပြီး ယင်းကိစ္စမှ ဣသရေလပြည်ရှိ ဂျူးလူ မျိုးတို့အကြား ပြဿနာတစ်ရပ်ပေါ်ပေါက်စေခဲ့သည်။ ရှင်ပေါလုသည် သဘောတူညီခဲ့ပြီး (၇) ရက်မြောက် သောနောက်ဆုံးနေ့တွင် ဗိမာန်တော်အတွင်း၌ ပေါလုရှိနေစဉ် အာရှပြည်မှ ယုဒလူတို့ သူ့ကို

တွေ့မြင် သွားခဲ့သည်။ သူတို့သည် ဟေလသယုံကြည်သူများကို ဗိမာန်တော်သို့ သွင်း၍ပညတ်တော်ကို လွန်ကျူးပါ သည်ဟု စွပ်စွဲပြောဆိုပြီး စတင်ဟစ်ကြွေးကြသည်။ **(တမန် ၂၁း၃၀-၃၆)**

**ရှင်ပေါလုသည် ရုန်းရင်းဆန်ခတ်ဖြစ်နေသော လူအုပ်ကြီးအား သက်သေခံခဲ့သည်။**

ပေါလုသည် ရဲတိုက်၏အမြင့်မှနေ၍ လူများကို ဖြေရှင်းပြောပြခဲ့သော်လည်း သူတို့ယုံကြည်ခြင်း မရှိကြပါ။ ထပ်မံ၍သူတို့ စတင်အော်ဟစ်ကြွေးကြော်ကြသည်။ **(တမန် ၂၂း၂၂-၂၄)**

ထိုသူတို့သည် ရှင်ပေါလုအား စတင်ရိုက်နှက်ကြသောအခါ "အပြစ်မရှိသော ရောမလူအား တရားဝင် ရိုက်နှက်ခွင့်ရှိပါသလား?" ဟုမေးမြန်းခဲ့သည်။

**ရှင်ပေါလုသည် ယဇ်ပုရောဟိတ်အကြီးအကဲနှင့် ဘာသာရေးကောင်စီ လွှတ်အရာရှိအကြီအကဲများအား သက်သေခံခဲ့သည်။**

ရောမအရာရှိသည် ရှင်ပေါလုအား တရားဝင်စွပ်စွဲချက်မရှိဘဲ ကိုင်တွယ်ရန် မဖြစ်နိုင်ကြောင်း သတိပြုမိခဲ့ပြီး ယဇ်ပုရောဟိတ်အကြီးအကဲနှင့် လွှတ်အရာရှိများ ရှေ့မှောက်သို့ ပေါလုအား ခေါ်ဆောင်သွားခဲ့သည်။ ထိုအခြေအနေအားဖြင့် လွှတ်အရာရှိအားလုံးတို့အား သခင်ယေရှုအကြောင်းနှင့် စပ်လျဉ်း၍ ရှင်ပေါလုသက်သေခံခွင့်ရရှိခဲ့သည်။

လွှတ်အရာရှိတို့အကြားပါတီတွင်း အုပ်စုတိုက်ပွဲမှာ အလွန်ပြင်းထန်လာခဲ့ပြီး ရောမအရာရှိသည် သူ၏တပ်သားများကို ရှင်ပေါလုအား အနိုင်အထက်လုယူစေပြီး ရဲတိုက်ထဲသို့ ပို့ဆောင်ရန် အမိန့်ပေးခဲ့သည်။

**ပေါလုထံသခင်ဘုရား၏ဒုတိယအကြိမ်ကြွလာတော်မူခဲ့ခြင်း (တမန် ၂၃း၁၁)**

ရှင်ပေါလုထောင်ထဲ၌ ရှိနေသည့်တိုင် သူ၏အမှုတော်လုပ်ငန်းမှာ မပြီးဆုံးသေးပါ။ ရောမတစ်ဦးဖြစ်ခြင်းကြောင့် ထောင်တွင်း၌ အထူးအခွင့်အရေးရရှိခဲ့ပြီး ထိုအရာမှာ သူ့အားသခင်ယေရှုစေလွှတ်ခဲ့သည့်နေရာတိုင်း၌ သက်သေခံစဉ်အတွင်း အကာအကွယ်တစ်ရပ်ဖြစ်လာခဲ့သည်။

## ကဲသရိမြို့အတွင်း

**စစ်တပ်အစောင့်အရှောက်များ (တမန် ၂၃း၂၃-၂၆း၃၂)**

ဤတွင် ယုဒအမျိုးသားအယောက် (၄၀) သည် ပေါလုကိုသတ်ဖြတ်ရန် လျှို့ဝှက်ကြံစည်ခဲ့ကြသည်။ ရောမအရာရှိသည် စစ်သူရဲ (၂၀၀)၊ မြင်းစီးသူရဲ (၇၀) ၊ လှံကိုင်သူရဲ (၂၀၀) တို့ကို ပြင်ဆင်၍

ရှင်ပေါလုအားမြို့မှ ခေါ်ထုတ်ရွှေ့ပြောင်းရန် အမိန့်ပေးခဲ့သည်။ ထို့နောက်မြင်းစီးတပ်များသည် ပေါလုနှင့် အတူရောမအာဏာပိုင် ဖေလဇ်မင်းထံသို့ ညအချိန်၌ ပို့ဆောင်ခဲ့ကြသည်။

ပေါလုအား ဖေလဇ်မင်းမှ ထောင်သွင်းအကျဉ်းချထားခဲ့သော်လည်း ထိုမင်းနှင့် ယုဒအနွယ်ဝင်ဖြစ်သော မိဖုရားတို့အား စကားပြော၍ သက်သေခံရန်အခွင့်အလမ်းများစွာရရှိခဲ့သည်။ ဖေလဇ်မင်းသည် ပေါလုအား (၂) နှစ်ကြာ အကျဉ်းချထားခဲ့သည်။ သို့သော် လွတ်လပ်ခွင့်အချို့ပေးကာသူ၏ မိတ်ဆွေများ လာရောက်တွေ့ဆုံခွင့်ပြုခဲ့သည်။

ဖေလဇ်မင်းအနားယူ၍ ပေါကိဖေတ္တုမှ မြို့တော်ဝန်အဖြစ်သူ၏အရိုက်အရာကို ဆက်ခံခဲ့သည်။ ယုဒလူတို့သည် ဖေတ္တုမင်းကို လုံ့ဆော်သဖြင့် ရှင်ပေါလုအား ရုံးတော်သို့ ထပ်မံခေါ်ယူကာ ယေရုရှလင်မြို့၌ အမှုစီရင် ခြင်းကို ခံလိုသလောဟု မေးမြန်းခဲ့သည်။ ရှင်ပေါလုသည် မိမိအသက်ရှင်လျက် ယေရုရှလင်မြို့သို့ ဘယ်သောအခါမျှ ရောက်ရှိမည်မဟုတ်ကြောင်းသူသိရှိခဲ့သည်။ ဘုရားသခင်သည် ရောမဧကရာဇ်ရှေ့တွင် သက်သေခံရမည်ဖြစ်ကြောင်း မိန့်တော်မူချက်ကို သိရှိခဲ့သည်။ ထို့ကြောင် ကဲသာဘုရင်ထံသို့ သွားရန်တောင်းဆိုခဲ့သည်။ ယင်းမှာ ရောမနိုင်ငံသားတစ်ဦး၏ အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။

### အုပ်ချုပ်သူများကို ရှင်ပေါလုသက်သေခံခဲ့သည်။

အဂြိပ္ပမင်း၊ ဗေရနိတ်နှင့်ဖေတ္တုမင်း၊ မြို့၌ ထင်ရှားသောသူများနှင့် စစ်သူကြီးတို့မှာ ပရိသတ် ရှေ့မှောက်တွင် ရှိနေပြီး ဖေတ္တုမင်းသည် ရှင်ပေါလုအားခေါ်ထုတ်စေခဲ့သည်။ မည်မျှကြီးမားသော အခွင့်အရေးတစ်ရပ်ဖြစ်သနည်း? ရှင်ပေါလုသည် ဒမသက်မြို့သို့ သွားရာလမ်း၌ တွေ့ကြုံခဲ့ရသော အလင်းတန်း အကြောင်း၊ သူပြောင်းလဲခဲ့သည့်အကြောင်းနှင့် သခင်ယေရှုရှင်ပြန်ထမြောက်တော်မူခဲ့သည် အကြောင်းတို့ကို ထပ်မံပြောဆိုခဲ့သည်။ **(တမန် ၂၆း၂၈-၂၉)**

တမန်တော်ရှင်ပေါလု၏ ရည်မှန်းချက်မှာ ထောင်ထဲတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ၊ အတူတူပင် ဖြစ်သည်။ လောကသားများအား သခင်ယေရှုထံသို့ပြောင်းလဲစေရန် ဖြစ်သည်။ ယင်းသည် ကျွန်ုပ်တို့၏ တစ်ခုတည်းသော ရည်မှန်းချက်လည်း ဖြစ်သင့်ပါသည်။

## ရှင်ပေါလုရောမမြို့သို့ ရေကြောင်းဖြင့်ခရီးပြုခြင်း

### ဘေးဒုက္ခနှင့်တွေ့ကြုံအောင်မြင်ခဲ့ခြင်း (တမန် ၂၇း)

ရှင်ပေါလုသည် ဩဂုတ္တုတပ်မှူးယုလိ၏ ဦးဆောင်မှုဖြင့် ရောမသို့သင်္ဘောဖြင့် ပို့ဆောင်ခြင်း ခံခဲ့ရသည်။ ထိုခရီးစဉ်သည် ကျွန်ုပ်တို့အတွက် မယုံနိုင်စရာအဖြစ်အပျက် ပင်ဖြစ်သည်။ သူတို့သည် ဆိပ်ကမ်း၌ ရက်သတ္တတစ်ပါတ်၊ တစ်လ၊ ဆောင်းရာသီတစ်ခုရပ်နားရမည်ဟု သူ့တို့တွေးမြင်ခဲ့ကြသည်။

ရာသီဥတုအလွန်ကောင်းမွန်သည့် အခြေအနေမှာပင် ရောမသို့ ခရီးစဉ်သည် ရက်သတ္တပါတ်ပေါင်းများစွာ ကြာမြင့်မည်ဖြစ်သည်။

**A ရှင်ပေါလုသတိပေးခဲ့ခြင်း**

ကရေတေကျွန်း၌ သူတို့ရပ်နားသောအခါ ရှင်ပေါလုသည် ဉာဏ်ပညာရှိစွာဖြင့် ဆက်မသွားရန် သတိပေးခဲ့သည်။ **(တမန် ၂၇း၁၀-၁၁)**

ရှင်ပေါလုဖော်ပြခဲ့သည့် အတိုင်းကြောက်မက်ဖွယ်ရာ မုန်းတိုင်းအတွင်းသို့ သူတို့ကျရောက်သွားခဲ့ကြသည်။ သင်္ဘောကို ခိုင်ခန့်စေခြင်းငှာ ကြိုးနှင့်ကြိုးစား၍ တုပ်နှောင်ကြသည်။ ဝန်ထုတ်များရေထဲသို့ပစ်ချ၍ စက်သီးကြိုးများကို စွန့်ပစ်ခဲ့သည်။ မုန်တိုင်းမှာရက်ပေါင်းများစွာ ဆက်လက်ထန်နေခြင်းကြောင့် အသက်ရှင်ရပ်တည်ရန်မျှော်လင့်ချက်အလျဉ်းကင်းမဲ့သွားကြသည်။

**A "တစ်ယောက်မှ မပျောက်ဆုံးရန်" ပရောဖက်ပြုခဲ့သည်။ (တမန် ၂၇း၂၁-၂၆)**

သင်္ဘောသားအဖွဲ့များသည် ထိုအပြစ်မှ လွတ်မြောက်ရန် အသက်ကယ်လှေအားကြိုးစားလျှော့ချစဉ် တမန်တော်ရှင်ပေါလုမှာ တပ်မှူးထံသို့ သွားရောက်ခဲ့သည်။ စစ်သည်များသည် ရှင်ပေါလုပြောကြားသည့်အတိုင်း အသက်ကယ်လှေကြိုးကို ခုတ်ဖြတ်၍ ချလိုက်ပြီး စစ်သည်များကို သင်္ဘောပေါ်၌ နေစေကြသည်။

**A စစ်သည်များနှင့် သင်္ဘောသားအဖွဲ့များအား သက်သေခံခဲ့သည်။**

**(တမန် ၂၇း၃၃-၃၇၊ ၂၇း ၄၁-၄၄)**

**A အားလုံးအသက်ဘေးမှ လွတ်မြောက်ခဲ့ကြသည်။**

## မေလိတေကျွန်း (တမန် ၂၈း၁-၁၀)

**မြွေဆိုးတိုက်ခိုက်ခြင်း**

သူတို့သည် မေလိတေကျွန်း၌ သောင်တင်ခဲ့ကြပြီး ကျွန်းသားများသည် သူတို့ခြောက်သွေ့နွေးထွေးစေရန် မီးမွှေးပေးကြသည်။ ရှင်ပေါလုသည် ထင်းများကိုစု၍ မီးထဲသို့ ထည့်ခဲ့သည်။ (တမန် ၂၈း၃-၆)

ယုံကြည်သူတို့နောက်တွင် ဖြစ်လတ္တံ့သော နိမိတ်လက္ခဏာတစ်ခုရှိလိမ့်မည်ဟု သခင်ယေရှုပြောဆိုခဲ့သည်။ သူတို့သည် မြွေဆိုးတို့ကို ကိုင်ဖမ်းကြလတ္တံ့။ သခင်ယေရှုသည် မိမိနာမတော်အား ယုံကြည်သူတိုင်းအား ကာကွယ်မှုပေးခဲ့ပါသည်။

**ပုဗလိမင်းအားရှင်ပေါလုသက်သေခံခြင်း**

ထိုကျွန်း၏ သူကြီးမှာ ပုဗလိဖြစ်သည်။ သူ၏ ဖခင်မှာနာမကျန်းဖြစ်နေပြီး ထိုနေရာ၌ ဆရာဝန်လုကာရှိနေခဲ့သော်လည်း ရှင်ပေါလုသည် ကျန်းမာစေခဲ့သည်။ **(တမန် ၂၈း၈-၉)**

## ရှင်ပေါလုရောမမြို့၌ သက်သေခံခဲ့ခြင်း (တမန် ၂၈း၁၅-၃၁)

ရောမမြို့သို့သွားသည့်ခရီးစဉ်၌ ရှင်ပေါလု၏ အခြေအနေမှာ အမှန်ပင်ပြောင်းလဲသွားခဲ့သည်။ သူသည် ထောင်သားတစ်ဦးဖြစ်သည့်တိုင်လွတ်လပ်ခွင့်အချို့ကို ရရှိခဲ့သည်။

**အဖွဲ့များမှ ကြိုဆိုခြင်း**

ရှင်ပေါလုနှင့် ရှင်လုကာတို့ ရောမသို့လာနေကြောင်းကြားသိသောအခါ ယုံကြည်သူများမှ ၎င်းတို့အားလာရောက်တွေ့ဆုံကြသည်။ **(တမန် ၂၈း၁၅)**

**ယုဒလူတို့အား ရှင်ပေါလုသက်သေခံခြင်း**

**(တမန် ၂၈း ၂၃-၂၅)**

**တမန်တော်ဝတ္ထုအဆုံးသတ်ခြင်း**

**(တမန် ၂၈း ၃၀-၃၁)**

**ရှင်ပေါလုကွယ်လွန်ခြင်း**

မှတ်တမ်းအရရှင်ပေါလုသည် ရောမမြို့၌ ခေါင်းဖြတ်၍ ကွပ်မြက်ခြင်းခံခဲ့ရသည်။ သူသည် ရောမနိုင်ငံသား ဖြစ်ခြင်းကြောင့် ကားစင်တင်သတ်ဖြတ်ခြင်းထက် ခေါင်းဖြတ်ကွပ်မျက်ခံရန် အခွင့်အရေး ရရှိခဲ့သည်။

**အကျဉ်းချုပ်**

ဓမ္မသစ်ကျမ်းစောင်များတို့အား တမန်တော်ရှင်ပေါလုရေးသားခဲ့သည်။ သူသည် အဘယ်မျှ လောက်ဘုရားသခင်၏ ကျေးဇူးတော်အတွက် စံနမူနာတစ်ရပ်ဖြစ်ခဲ့ပါသနည်း? သူသည်မိမိကိုယ်ကို လုံးလုံးလျားလျား ဆက်ကပ်ပြီး ဘုရားရှင်အား နာခံခြင်းရှိသော ယုံကြည်သူတစ်ဦး၏ စံနမူနာတစ်ရပ် ဖြစ်သည်။ သခင်ယေရှု၏ သတင်းစကားကို တရားဇရပ်သို့ သူသယ်ဆောင်သွားခဲ့သည်။ လိုအပ်သည့်အခါ အကြောင်းပြခြင်း၊ ညင်းခုံခြင်း သွန်သင်၍ ပြစ်တင်ကြိမ်းမောင်းခြင်းကို သူပြုလုပ်ခဲ့သည်။ သူသည်သေခြင်း အပါအဝင်အတား အဆီးအားလုံးကို ဖြတ်ကျော်၍ ခမည်းတော်ဘုရားသခင်၏ အလိုတော်ဆောင်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သူ ဖြစ်သည်။ ဘုရားသခင်သည် ရဲရင့်သော **ရှင်ပေါလုများကို ယနေ့တိုင်ရှာဖွေနေဆဲ ဖြစ်သည်။**

**ပြန်လည်သုံးသပ်ရန်မေးခွန်းများ**

၁။ ရှင်ပေါလု၏ ပထမသာသနာပြုခရီးစဉ်၏ အဖြစ်အပျက်များကို သင်၏ ကိုယ်ပိုင်စာအရေးအသားများဖြင့် ဖော်ပြပါ။ ထိုအဖြစ်များနှင့် သင်မည်ကဲ့သို့ ဆက်နွှယ်နိုင်ပါသနည်း?

၂။ ရှင်ပေါလု၏အသက်တာကို ဦးဆောင်ဦးရွက်ပြုသော သဘာဝလွန်အံ့ဖွယ်ဥပမာတစ်ခုကို ဖော်ပြပါ။

၃။ မည်ကဲ့သို့သော အမှုအရာ ကြုံတွေ့ရမည်ကို ကြိုတင်သိရှိသော်လည်း ရှင်ပေါလုသည် ယေရုရှလင် မြို့သို့သွားရန် အဘယ်ကြောင့် အခိုင်အမာ တောင်းဆိုရသည်။

# သင်ခန်းစာ (၁၃)
# ကျွန်ုပ်တို့သည် အောင်နိုင်သော အသင်းတော်ဖြစ်သည်

## ဘုရားသခင်၏အကြံအစည်တော်သည် ဘယ်သောအခါမျှပြောင်းလဲခြင်းမရှိပါ။

ကနဦးအသင်းတော်မှ တပည့်တော်များ၊ တမန်တော်များ၊ ပရောဖက်များ၊ သိန်းထိန်းများဆရာများနှင့် ဧဝံဂေလိဆရာများ အစေခံခဲ့သည့်နည်းတူ မျက်မှောက်ခေတ်ရှိ ကျွန်ုပ်တို့လည်း အစေခံလုပ်ဆောင်ကြရမည်ဖြစ်သည်။

ထိုစဉ်က ယုံကြည်သူများ အစေခံခဲ့သည့်နည်းတူ ယနေ့ယုံကြည်သူများလည်း အစေခံကြရပေမည်။ ကနဦးအသင်းတော်စတင်ကြီးထွားလာရန်အတွက် အံ့ဩဖွယ်ရာနိမိတ်လက္ခဏာများဖြစ်ပေါ်ခဲ့သည့် နည်းတူ မျက်မှောက်ခေတ်တွင်လည်း ဖြစ်ပေါ်လာရမည်။

ကနဦးခရစ်ယာန်များအား သခင်ယေရှုပေးအပ်ခဲ့သည့် မဟာစေခိုင်းချက်သည် ဘယ်သောအခါမျှ ပယ်ဖျက်ခြင်းမရှိပါ။ သခင်ယေရှုမှ အောက်ပါအတိုင်း မိန့်ကြားခဲ့သည်။ **(မာ ၁၆း၁၅-၂၀)**

## ကနဦးအသင်းတော်မည်ကဲ့သို့ လုပ်ဆောင်ခဲ့သနည်း?

လုံးလုံးလျားလျား ဆက်ကပ်အပ်နှံခြင်းဖြင့် လုပ်ဆောင်ခဲ့သည်။

အသင်းတော်ခေါင်းဆောင်များ၏ ဘဝအသက်တာများအား ကျွန်ုပ်တို့ လေ့လာခဲ့ ကြပြီးဖြစ်သည်။ သေခြင်းနှင့် ကြုံတွေ့ရသည့်တိုင် ထိုသူများ၏ အကြွင်းမဲ့ဆက်ကပ်ခြင်းကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ရံဖန်ရံခါ ဤကမ္ဘာလောကကြီး၏ စုံစမ်းခြင်းများအတွင်း၌ အသက်ရှင်နေထိုင်ရခြင်းထက် ကျွန်ုပ်တို့၏ ယုံကြည်မှုအတွက် အသေခံရခြင်းမှာ ပိုမိုလွယ်ကူသကဲ့သို့ ထင်မြင်ယူဆနိုင်ပါသည်။ သို့သော် ထိုကြမ်းတမ်းမှုများအား အကြွင်းမဲ့ဆက်ကပ်ခြင်းဖြင့် မှန်ကန်သောအမြင်များဆီသို့ ဦးတည်ပို့ဆောင်သွားပေမည်။ **(ဖိ ၃း၁၃၊ ဟေဗြဲ ၁၂း၁-၂၊ ဖိ ၁း၂၁)**

ကျွန်ုပ်တို့၏ ရည်မှန်းချက်ပန်းတိုင်မှာ ခရစ်တော်ဖြစ်ပြီး သေလျှင်မူကားသာ၍ အကျိုးရှိကြောင်း ကျွန်ုပ်တို့ အမှန်ပင် ယုံကြည်သောအခါ ဤလောက (သို့) လောကရှိ မည်သည့် မှောင်မိုက်တန်ခိုးများကို မဆို ကျွန်ုပ်တို့အောင်မြင်ကျော်လွှားနိုင်ပေမည်။

## ခွင့်လွှတ်ခြင်းဖြင့် လုပ်ဆောင်ခဲ့သည်

## A ခွင့်လွှတ်ခြင်းကို သခင်ယေရှုရွေးချယ်ခဲ့သည်။

သခင်ယေရှုလက်ဝါးကပ်တိုင်၌ အသေခံတော်မူခဲ့သောအခါ လူသားအားလုံးကို ခွင့်လွှတ်ခဲ့သည်။ မိမိအားကွပ်မျက်ရန် လျှို့ဝှက်ကြံစည်ခဲ့သည့် ယုဒဘာသာရေးသမားများအား သူခွင့်လွှတ်ခဲ့သည်။ ပိလတ်မင်း၊ စစ်သားများ၊ ကားတင်သတ်ရန်ကြွေးကြော်ခဲ့သည့် လူထုကြီးအား သူခွင့်လွှတ်ခဲ့သည်။ သူဖန်ဆင်းခဲ့သည့် လူသားများမှ သူ့အားငြင်းပယ်၍ ကွပ်မျက်ခြင်းအတွက် သခင်ယေရှုခွင့်လွှတ်ခဲ့သည်။ ထိုထက်ဆိုးဝါးသည့် အခြေအနေများ ကျွန်ုပ်တို့၌ ဖြစ်ပေါ်ခဲ့ပါသလား? ခွင့်လွှတ်ခြင်းသည် ကျွန်ုပ်တို့ဆန္ဒ၏လက်တွေ့ လုပ်ရပ်တစ်ခုဖြစ်သည်။ သခင်ယေရှုခွင့်လွှတ်ခဲ့သည့်နည်းတူ ကျွန်ုပ်တို့ခွင့်လွှတ်ရန် ရွေးချယ်နိုင် ပါသည်။

အကယ်၍ လူသားစင်စစ်နှင့် ဘုရားသခင်စင်စစ် ဖြစ်တော်မူသောကြောင့်သာလျှင် သခင်ယေရှုခွင့်လွှတ်နိုင်ခဲ့ ကြောင်း ကျွန်ုပ်တို့တွေးမြင်ပါက သတေဖန်သည် မိမိအားကွပ်မျက်သူများကို မည်ကဲ့သို့ ခွင့်လွှတ်နိုင်ခဲ့ ကြောင်းကျွန်ုပ်တို့အား ဖော်ပြခဲ့ပြီးဖြစ်သည်။ သတေဖန်သည် မိမိ၏နောက်ဆုံးအချိန်၌ “သခင်၊ ဤသူတို့ပြုသော ဒုစရိုက်အပြစ်ကို မှတ်တော်မမူပါနှင့်ဟု” ကြီးစွာကြွေးကျော်ခဲ့သည်။

## A သတေဖန်ခွင့်လွှတ်ရန် ရွေးချယ်ခဲ့သည်

အကယ်၍ သတေဖန်သည် ခါးသီးခြင်းနှင့် ဂယောင်ချောက်ချားဖြစ်ခဲ့ပါက “ဘုရားသခင် ကျွန်တော့်ကို ဘာကြောင့် ဒီလိုလုပ်ကြရတာလဲ” ဟုပြောဆိုပေမည်။ အကယ်၍ မိမိအား ခဲနှင့်ပစ်သူများကို ခွင့်လွှတ်ရန် ဘုရားသခင်အား ဆုတောင်းမည့်အစား ကြိမ်ဆဲသည့်စကားပြောဆိုခဲ့ပါက သတေဖန်၏ မျက်နှာသည် တောက်ပထွန်းလင်းမှု ရှိပါမည်လား? အဖခမည်းတော်၏ လက်ျာဖက်တွင် သခင်ယေရှု မတ်တပ်ရပ်နေသည်ကို တွေ့မြင်ခွင့်ရပါမည်လား? အခြားသူများနှင့်အတူ အလိုတူအလိုပါ ရပ်ကြည့်နေသော ရှောလု၏ စိတ်ထဲတွင် သတေဖန်၏ ညည်းပမ်းသတ်ဖြတ်ခံရခြင်းအပေါ် စိတ်ထိရှခြင်း ခံစားရပါမည်လား?

## A ကျွန်ုပ်တို့လည်း ခွင့်လွှတ်ကြရပေမည်

ကျွန်ုပ်တို့အပြစ်လွှတ်ခြင်းအခွင့်ရနိုင်ရန် သူတစ်ပါးအား ကျွန်ုပ်တို့အပြစ်လွှတ်ရပေမည်။

**(မဿဲ ၆း၁၄-၁၅၊ ဧဖက် ၄း၃၁၊၃၂)**

**အုပ်စိုးမှုကို ဝန်ခံခြင်းရှိရမည်။**

ကနဦးအသင်းတော်ရှိ ယုံကြည်သူများသည် တစ်ဦးနှင့် တစ်ဦးဝန်ခံမှုရှိကြသည်။ ထိုသူအားလုံး သခင်ယေရှုအား ဝန်ခံကြသည်။ ၎င်းတို့အား အုပ်ချုပ်သူများကိုလည်း ဝန်ခံကြသည်။ (၁ပေ ၂း၁၃-၂၀)

## နာခံခြင်းရှိရမည်

ကျွန်ုပ်တို့သည် သခင်ယေရှုသည် ကျွန်ုပ်တို့အား နာခံခြင်းဖြင့် သူ့အား ချစ်ကြောင်းပြသရန် ပြောဆိုခဲ့သည်။ ရံဖန်ရံခါ “ကိုယ်တော်၊ အလိုရှိသောအရာကို ဖော်ပြပါ။ ကျွန်ုပ်လုပ်ဆောင်ပါမည် ” ဟူ၍ ကျွန်ုပ်တို့ ဆုတောင်းကြသည်။ သို့သော် ကျွန်ုပ်တို့သည် ထိုဆုတောင်းချက်အတိုင်း ရိုးသားစွာ လုပ်ဆောင်ခြင်း မရှိပါ။ ဘုရားသခင်မှ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ လုပ်ဆောင်ရမည့် အရာကို ဖော်ပြပါသည်။ နာခံမှုရှိနိုင်ရန် ရှေးဦးစွာ နေ့စဉ်နှုတ်ကပါတ်တော်နှင့်အညီ ကျွန်ုပ်တို့နေထိုင် လုပ်ဆောင်ရမည်ဖြစ်ပြီး နောက်မှ ကျွန်ုပ်တို့အတွက် ဘုရားသခင်သီးခြားခွဲခန့်ထားသည့်အရာများကို ကိုးစားခြင်းဖြင့် လမ်းညွှန်မှုခံယူကြရပေမည်။ ကျွန်ုပ်တို့နာခံခြင်းဖြင့် လျှောက်လှမ်းသည်နှင့်အမျှ အခြားသောအရာများကို ဘုရားရှင်အသိပေးမည်ဖြစ်သည်။ **(ယော ၁၄း၁၅-၂၁၊ ၁ယော ၂း၃-၆)**

ဘုရားရှင်၏ အမိန့်တော်များမှာ အဘယ်နည်း?

- A သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်ုပ်တို့ ခံယူရရှိရန်
- A ကျွန်ုပ်တို့ ရေ၌ ဗတ္တိဇံခံယူရန်
- A ကျွန်ုပ်တို့ တစ်ဦးနှင့် တစ်ဦးခွင့်လွှတ်ရန်
- A ကျွန်ုပ်တို့ တစ်ဦးနှင့် တစ်ဦးချစ်ရန်
- A အတူတကွစုစည်း၍ မိတ်သဟာရဖွဲ့ကြရန်
- A ဆယ်ဖို့တစ်ဖို့နှင့် အလှူငွေများကို ကျွန်ုပ်တို့ပေးလှူကြရန်
- A တစ်ပါးသူများအား ရှင်ပြန်ထမြောက်တော်မူခဲ့သော ခရစ်တော်အကြောင်းပြောရန်
- A နှုတ်ကပါတ်တော်အားလေ့လာရန်
- A ရိုးသားဖြောင့်မတ်စွာ ကျွန်ုပ်တို့အသင်ရှင်ရန် စသည်တို့ဖြစ်သည်။

## စည်းလုံးညီညွတ်မှုဖြင့် လုပ်ဆောင်ကြသည်

စည်းလုံးညီညွတ်ခြင်းဟူသည် ကျွန်ုပ်တို့အကြား၌ မည်သည့် သဘောထားကွဲလွဲမှု မရှိစေရဟူသည့် အဓိပ္ပါယ်မဟုတ်ပါ။ ထိုသဘောထားကွဲလွဲမှုများကို ချစ်ခြင်းမေတ္တာဖြင့် ကျွန်ုပ်တို့ ကိုင်တွယ်ဖြေရှင်း၍ သဘောတူညီမှုတစ်ခုကို ရယူကာ အရာရာတိုင်းကို ခွင့်လွှတ်ရန်နှင့် ဝိညာဉ်တော်မှ ဖော်ပြသည့်အရာ အားလုံးကို သဘောတူလက်ခံ၍ အတူတကွ လောကကြီးထဲသို့ လူများစွာ သခင်ယေရှုထံပြောင်းလဲရန် အစေခံခြင်းကိုဆိုလိုပါသည်။ ဩဝါဒဆိုင်ရာ သဘောထားကွဲလွဲမှုများကို မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်း ရမည်ဖြစ်ကြောင်း လေ့လာရန် တမန်တော် ၁၅ တွင် ယုံကြည်သူတိုင်း အရေဖျားလှီးရန် လို/မလိုနှင့် စပ်လျဉ်း၍ ဖော်ပြထားသည့် ဥပမာတစ်ရပ်ရှိပါသည်။

သခင်ယေရှုသည် လူတစ်ဦးချင်းစီ၏ သဘောထားကွဲလွဲမှုများ (သို့) အခြားယုံကြည်သူတစ်ဦး၏ အသက်တာရှိ အပြစ်တို့အပေါ် မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ကြောင်း တိကျသော ညွှန်ကြားမှုကို ပေးထားခဲ့ပါသည်။ **(မဿဲ ၁၈း၁၅-၁၇)**

အကယ်၍ ကျွန်ုပ်တို့နှင့် အခြားယုံကြည်သူတစ်ဦးအကြား တစ်စုံတရာသဘောထားကွဲလွဲမှုရှိပါက လုပ်ဆောင်ရမည့် အဆင့် (၃) ဆင့် ရှိသည် -

A ရှေးဦးစွာ ထိုသူထံသို့ တိုက်ရိုက်သွားရောက်ပြီး ပြောဆိုကြရမည်။

A အကယ်၍ မပြေလည်ပါက အခြားသူတစ်ဦး (သို့) နှစ်ဦးတို့ခေါ်ယူ၍ ထိုသူထံပြန်သွားရမည်။

A နောက်ဆုံး၌ အကယ်၍ ထိုသူငြင်းဆန်ပါက ထိုအခြေအနေအား အသင်းတော်သို့ တင်ပြရမည်။ အကယ်၍ ထိုအချိန်အထိ ထိုသူငြင်းဆန်ပါက ထိုသူနှင့် ခွဲခွာ၍ ကျွန်ုပ်တို့နေကြရပေမည်။ **( ကော ၃း၁၆၊ ဖိ ၁း၂၇၊ ဖိ ၂း၂)**

## ဘုရားသခင်သည် မိမိ၏ တန်ခိုးတော်ကို ကျွန်ုပ်တို့အား ပေးအပ်ထားခဲ့သည်။

သခင်ယေရှုသည် တပည့်တော်များအား တန်ခိုးတော်မခံမယူမှီအထိ ယေရုရှလင်မြို့၌ စောင့်နေရန် မိန့်ဆိုခဲ့သည်။ **(တမန် ၁း၈)**

တမန်တော်ရှင်ပေါလု၏ အဆိုအရ ထိုတန်ခိုးတော်၌ အောက်ပါအချက်များ ပါဝင်ပါသည် -

A ဉာဏ်ပညာ၏ သတင်းစကား

A အသိပညာ၏ သတင်းစကား

A ယုံကြည်ခြင်း

A အနာငြိမ်းခြင်းဆုကျေးဇူး

A နမိတ်လက္ခဏာပြုနိုင်သော တန်ခိုး

A ပရောဖက်ပြုခြင်း

A ဝိညာဉ်များအကြား ပိုင်းခြားသိမြင်ခြင်း

A အခြားသောဘာသာစကားပြောဆိုခြင်း

A ထိုဘာသာစကားကို အနက်ပြန်ဆိုခြင်း

ကျွန်ုပ်တို့သည် ထိုအရာများကို သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူး (သို့) သတင်းစကားများဟုခေါ်ဆိုကြသည်။ **(၁ကော ၁၂း၈-၁၀)**

အကယ်၍ ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝသည့်အခါ အများအကျိုးအတွက် လိုအပ်သည့် အလျှောက် ဘုရားသခင်သည် အဆိုပါဆုကျေးဇူးအားလုံးကို ကျွန်ုပ်တို့မှတဆင့် ဘုရားရှင် လုပ်ဆောင်ပေးမည်။ **(၁ကော ၁၂း၄-၇)**

## ဘုရားသခင်သည် မိမိ၏ နာမတော်ကို ကျွန်ုပ်တို့အား ပေးအပ်ခဲ့သည်။

ခရစ်ယာန်တစ်ဦးဖြစ်လာရန်အတွက် သခင်ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း၊ အပျိုကညာမှ ဖွားမြင်၍ အပြစ်ကင်းစင်သူဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ အပြစ်များအတွက် ယဇ်ပူဇော်သည့် အနေဖြင့် အသေခံတော်မူခဲ့ကြောင်း သေခြင်းကို အောင်မြင်၍ ယခုအချန်၌ အဖခမည်းတော်ဘုရား၏ လက်ျာဖက်တွင် ရှိနေကြောင်း ကျွန်ုပ်တို့ယုံကြည်ရပေမည်။ ခရစ်ယာန်တစ်ဦးအနေနှင့် တန်ခိုးတော် အားဖြင့် အစေခံလုပ် ဆောင်နိုင်ရန် ဘုရားသခင်နာမတော်၏ တန်ခိုးကို ကျွန်ုပ်တို့ ယုံကြည်ကြရပေမည်။ ဤကမ္ဘာလောက၌ ဘုရားရှင်၏ နာမတစ်ပါးတည်းသာလျှင် ကျွန်ုပ်တို့အစေခံရန် အခွင့်အာဏာဖြစ်သည်။ အရာအားလုံးကို သခင်ယေရှု၏ နာမ၌ လုပ်ဆောင်ရန် ကျွန်ုပ်တို့အား မိန့်ဆိုထားပါသည်။ (ကော၃း၁၇)

မဟာစေခိုင်းချက်မှာ အဘယ်နည်း? သခင်ယေရှုနာမဖြင့် အရာအားလုံးကို လုပ်ဆောင်သော မိန့်မှာချက်ပင် ဖြစ်သည်။ **(မာ ၁၆း၁၇-၁၈)**

## ကျွန်ုပ်တို့မည်သည့်နေရာမှ စတင်ကြမည်နည်း?

### ကျွန်ုပ်တို့ရှိသည့်နေရာ

သခင်ယေရှုသည် တပည့်တော်များအား ရှေ့ဦးစွာ ယေရုရှလင်မြို့၌ အမှုတော်ဆောင်ရန်၊ ထိုနောက်မှ ကမ္ဘာ့အခြားနေရာဒေသများသို့သွားရန် မိန့်ဆိုထားခဲ့သည်။ **(တမန် ၁း၈)**

### အသင်းတော်သို့ အပ်နှံခြင်း

ရှင်ပေါလု၏ ဥပမာကို ကြည့်ခြင်းဖြင့် သူစတင်ပြောင်းလဲခဲ့သည့် ဒမသက်မြို့၌ သခင်ယေရှု အကြောင်းကို ဦးစွာပြောဆိုခဲ့သည်။ တရားဇရပ်၌ သွန်သင်မှုပြုခဲ့သော်လည်း တပည့်တော်များနှင့် အတူ သူနေထိုင်ခဲ့သည်။ ထို့နောက် ရှင်ပေါလုအဖို့ ဘုရားသခင်နှင့် တစ်ဦးတည်း တိတ်ဆိတ်စွာ အချိန်ယူ ခဲ့သည်။ ထိုကာလအတွင်းအခြားသူများအား အမှုတော်ဆောင်ခြင်းမရှိပါ။

ထို့နောက် ရှင်ပေါလုယေရုရှလင်မြို့သို့သွား၍ တမန်တော်အချို့နှင့်တွေ့ဆုံကာ အချိန်တန်ကြာ နေထိုင်ခဲ့သည်။ နောက်မှ သူ့အားတမန်တော်များမှ တာရှုမြို့သို့ စေလွှတ်ခဲ့သည်။ ရှင်ပေါလုနှင့်အတူ ဗာနဗလိုက်ပါခဲ့ပြီး သူ့အား အန္တိအုတ်အသင်းတော်သို့ ပြန်လည်ခေါ်ဆောင်ခဲ့သည်။ ရှင်ပေါလုသည် သူ၏ ပထမသာသနာခရီးစဉ်ပြီးနောက် အန္တိအုတ်မြို့ရှိ အသင်းတော်သို့ ပြန်လာခဲ့သည်။ (တမန် ၁၄း၂၆-၂၈) ရှင်ပေါလုသည် ယေရုရှလင်မြို့ရှိ တမန်တော်များနှင့် အဆက်အသွယ်ရှိခဲ့ပြီး မကြာခဏယေရုရှလင် သို့ပြန်လာခဲ့သည်။

တမန်တော်အားလုံးသည် တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ရှိကြသည်။ ၎င်းတို့၌ ခြားနားသော ထင်မြင်ယူဆချက်များရှိသော်လည်း ရည်ရွယ်ချက်တစ်ခုဖြင့် အတူတကွ စည်းလုံးခြင်းဖြင့် နေထိုင်လုပ်

ဆောင်ကြသည်။ သူတို့၏ ရည်ရွယ်ချက်မှာ အသင်းတော်အားခွန်အားပေးရန်နှင့် လောကသားများအား သခင်ယေရှုခရစ်တော်ထံသို့ ပြန်လည်သိမ်းသွင်းရန် ဖြစ်သည်။

## ဖြေဆိုသင့်သော မေးခွန်းများ

**မိတ်သဟာရဖွဲ့ခြင်း**

- **သင်သည်အခြားသူများနှင့် အတူစုဝေး၍ အသင်းတော်၌ သစ္စာရှိစွာ ပါဝင်ပါသလား? (၁ယော ၁း၃-၇၊ ဧဖက် ၂း၁၉-၂၂၊ ဟေဗြဲ ၁၀း၂၄-၂၅)**

**ဆယ်ဖို့တစ်ဖို့နှင့်အခြားပေးလှူခြင်းများ**

- **သင်သည် ဆယ်ဖို့တစ်ဖို့နှင့် အခြားပူဇော်သက္ကာပေးလှူခြင်းတို့ကို သစ္စာရှိစွာ ပါဝင်ပေးလှူ ပါသလား?**

ယုံကြည်သူများစွာအတွက် ငွေကြေးမှာ ဘုရားရှင်အား အကြွင်းမဲ့ဆက်ကပ်ရမည့် အခက်အခဲဆုံး သောကဏ္ဍများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း ရှုမြင်ကြသည်။ ဘုရားသခင်အား ကျွန်ုပ်တို့အစေခံ လိုကြသည်။ သို့သော် ကျွန်ုပ်တို့၏ ငွေကြေးများကို မိမိကိုယ်တိုင် ထိန်းချုပ်သုံးစွဲလိုကြသည်။ ငွေကြေးနှင့် ပါတ်သက်၍ ဖော်ပြထားသည့် ကျမ်းပိုဒ်များစွာ ရှိသော်လည်း ကျွန်ုပ်တို့ကျမ်းပိုဒ်တစ်ပိုဒ်ကိုသာ အသုံးပြု ကြမည်။ အဘယ်ကြောင့်ဆိုသော် ထိုကျမ်းပိုဒ်မှ ဆယ်ဖို့တစ်ဖို့နှင့် အခြားအလှူငွေများကို ပေးလှူရမည် ဟုရှင်းလင်းစွာ ဖော်ပြထားခြင်းကြောင့် ဖြစ်သည်။ အခြားအလှူငွေသည် ဆယ်ဖို့တစ်ဖို့ထက်များသည်။ ကျွန်ုပ်တို့သည် ဆယ်ဖို့တစ်ဖို့နှင့် အခြားပူဇော်သက္ကာအလှူငွေများကို အစဉ်ပေးလှူရန် ဘုရားသခင်အလို ဆန္ဒရှိပါသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့အား ကောင်းကြီးမင်္ဂလာများ ထပ်မံသွန်းလောင်းမည်ဖြစ်သည်။ ဘုရားသခင်သည် မိမိ၏ အမိန့်တော်များကို ဖောက်ဖျက်ခြင်းမရှိပါ။ ကျွန်ုပ်တို့ နာခံမှုမရှိမှီ ကောင်းကြီး မပေးပါ။ အချို့သောသူများက “ကျွန်ုပ်တို့ လိုအပ်ချက်များ ရှိနေပြီး ထိုအရာများပြည့်စုံသောအခါ ကျွန်ုပ် ဆယ်ဖို့တစ်ဖို့ စတင်ပေးလှူမည်” ဟုပြောဆိုခဲ့ကြသည်။ အချို့က “ကျွန်ုပ်ဝင်ငွေပိုမိုရရှိလာသောအခါ ဆယ်ဖို့တစ်ဖို့ပေးလှူမည်” ဟု ပြောဆိုကြသည်။ ယုံကြည်သူတိုင်း ဆယ်ဖို့တစ်ဖို့ပေးလှူရန်နှင့် အခြားပေးလှူမှုများလုပ်ဆောင်ရန် ဘုရားရှင်၏ နှုတ်ကပါတ်တော်မှ အသေးစိတ်ညွှန်ကြားထားပါသည်။ **(မာလခိ ၃း၈-၁၂)**

အဘယ်ကြောင့်ဆိုသော် မျက်မှောက်ခေတ်ယုံကြည်သူများသည် ဘုရားသခင်အား နာခံ၍ ဆယ်ဖို့ တစ်ဖို့ပေးလှူရန်လိုအပ်ကြောင်း သွန်သင်ခြင်းမခံရကြပါ။ ၎င်းတို့၌ ကျိန်ခြင်းအမင်္ဂလာသက်ရောက် နေသည်။ ဤကဏ္ဍ၌ ဘုရားသခင်သည် ကျွန်ုပ်တို့အား စိန်ခေါ်နေပါသည်။ ကျွန်ုပ်တို့၏ ဆယ်ဖို့တစ်ဖို့ ကို အိမ်တော်သို့ ယူဆောင်သွားခြင်းဖြင့် ကောင်းကင်ပြတင်းပေါက်များကိုဖွင့်ကာ ကျွန်ုပ်တို့အား ကောင်းကြီးမင်္ဂလာသွန်းလောင်းခြင်းခံရမည်ဟု ဆိုထားသည်။

ဤတွင် "အိမ်တော်" ဟူသည့် ပေပြစကားရပ်အဓိပ္ပါယ်မှာ လက်နက်များထားရှိသော နေရာဟူ၍ ဖြစ်သည်။ ထိုနေရာသည် စွမ်းအင်တန်ခိုးများသိုလှောင်ထားရာနေရာဖြစ်သည်။ ယနေ့ကျွန်ုပ်တို့၏ ဆယ်ဖို့တစ်ဖို့ နှင့်အခြားအလှူများကို ဒေသန္တရအသင်းတော်သို့ ပေးလှူ၍တန်ခိုးတော်ဖြင့် အမှုတော် မြတ်ကို ဆောင်ရွက်ရန် တွေ့ရှိရန် ဖြစ်သည်။

**သင်၏ ဂုဏ်သတင်းကျော်ဇောခြင်း**

- **ဒေသန္တရအသင်းတော်မှ သင့်အားထောက်ခံပါသလား? (တမန် ၉း၂၇)**
- **သင်၏ တာဝန်ယူလုပ်ဆောင်မှု၊ ရိုးသားတည်ကြည်မှုနှင့် သစ္စာရှိမှုတို့အား သင်၏ အသင်းတော်ရှိ သင်းအုပ်များမှ အသိအမှတ်ပြုကြပါသလား?**

သစ္စာရှိခြင်းမှာ အစေခံသည့် သဘောထား၊ လိုအပ်သည့်နေရာ၌ ပါဝင်ခြင်း၊ သင်၏ဆယ်ဖို့တစ်ဖို့ပေးလှူခြင်း၊ နှုတ်ကပါတ်တော်လေ့လာခံယူရာ၌ ပါဝင်ခြင်းတို့ဖြစ်သည်။

**နှုတ်ကပါတ်တော်ခံယူခြင်း**

- **သင်သည်အချိန်ပေး၍ နှုတ်ကပတ်တော်အား လေ့လာခံယူလိုစိတ်ရှိပါသလား? (၂တိ ၂း၁၅)**

သတင်းကောင်းကို ပြောကြားရန် ရှေးဦးစွာ ဘုရားသခင်နှုတ်ကပါတ်တော်၏ သမ္မာတရားများကို သင်သိရှိရပေမည်။

**ပြန်လည်သုံးသပ်ရန် မေးခွန်းများ**

---

၁။ ကနဦးအသင်းတော်တွင် မည်ကဲ့သို့ လုပ်ဆောင်ကြကြောင်း ရှုထောင့်အမြင် (၅) ခုကို ဖေါ်ပြပါ။

၂။ သခင်ယေရှုသည် မိမိ၏ ကနဦးတပည့်တော်များအား အဘယ်ကြောင့် ယေရုရှင်လင်မြို့၌ စောင့်နေရန် ညွှန်ကြားခဲ့သနည်း။

၃။ ဒေသန္တာရအသင်းတော်သည် သင့်အား ထောက်ခံမှုပေးနိုင်ပါသလား? အဘယ်ကြောင့် ထောက်ခံသနည်း? အဘယ်ကြောင့် မထောက်ခံသနည်း?

# အသင်းတော်အတွက် အဆုံးသတ်နိဂုံးဟူ၍ မရှိ

*သခင်ယေရှုခရစ်တော်၏ အောင်နိုင်သော အသင်းတော်နှင့် စပ်ဆိုင်သည့် အရာကို ကျွန်ုပ်တို့ပြီး ပြည့်စုံအောင် လေ့လာခံယူနိုင်စရာ အကြောင်းမရှိပါ။ ဓမ္မသစ်ကျမ်း၌ တမန်တော်ဝတ္ထုမှ ယုဒဩ-ဝါဒစာအထိသည် အသင်းတော်၏ မူလအစကို ဖော်ပြသည်။ ဗျာဒိတ်ကျမ်းစာစောင်သည် နောက်ဆုံးသော အချိန်ကာလအတွက် ပရောဖက်ပြုစုမှုအဖြစ် ရှိနေဆဲပင်။*

***ဘုရားသခင်၏ အစီအစဉ်နှင့် အကြံစည်တော်သည် ဘယ်သောအခါမျှ ပြောင်းလဲလိမ့်မည်မဟုတ်***

*ပင်တေကုတ္တေနေ့မှစ၍ စတင်သော အသင်းတော် တမန်တော်ပေတရုမှစ၍ အခြားသော တမန်တော်များ လက်ထက်၌ တိုးပွားကြီးထားနေသော အသင်းတော်သည် ယနေ့ထိတိုင်ဆက်လက်တိုးပွားကြီးထား နေဆဲဖြစ်သည်။*

*သတေဖန်မှစ၍ သူ၏ လမ်းစဉ်နောက်လိုက်အခြားသော မာတုရများသည်လည်း ယနေ့ထိတိုင် အသင်းတော်တို့၌ ဒုက္ခဆင်းရဲ ညှဉ်းဆဲခြင်းကို ဆက်လက်ခံစားနေဆဲဖြစ်သည်။*

*သခင်ယေရှုဘုရား၏ အံ့ဩဖွယ်ရာများနှင့် နမိတ်လက္ခာများအားဖြင့် တိုးပွားကြီးထွားလာသော အသင်းတော်သည်လည်း ယနေ့ထိတိုင် အံ့ဩဘွယ်ရာများနှင့် နမိတ်လက္ခဏာများဖြင့် ကြီးပွားတိုးတက်နေဆဲဖြစ်သည်။*

*သခင်ယေရှုလုပ်ဆောင်သည့်အတိုင်း လိုက်နာလုပ်ဆောင်သော အသင်းတော်သည်လည်း ယနေ့ထက်တိုင်ကိုယ်တော်လုပ်ဆောင်သည့်အတိုင်း လိုက်နာလုပ်ဆောင်နေဆဲဖြစ်သည်။*

*တိုင်းနိုင်ငံတို့ ပေါ်ပေါက်လာ၍ ပျောက်ကွယ်သည်များရှိလင့်ကစား သခင်ယေရှုခရစ်တော်၏ အသင်းတော်မူကား တစိုက်မတ်မတ်ကြီးပွားတိုးတက်လျက်ရှိနေဆဲဖြစ်သည်။*

*ရှင်သန်ခြင်းအတွက် အရေးကြီးဆုံးသော အရာသည် သံဓိဋ္ဌာန်မှန်ကန်ခိုင်မာသော ယနေ့ယုံကြည်သူများအားဖြင့်သာ အသက်ရှင်ခြင်းအကြောင်းအရာဖြစ်သည်။*

*သခင်ယေရှုမိန့်မှန်ခဲ့သည်ကား "ဤကျောက်ပေါ်မှာ ငါ့အသင်းတော်ကို ငါတည်ဆောက်မည် ထိုအသင်းတော်ကို မရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာ"*